
MYANMAR
# ICT
JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLO
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 2 THE WEEK OF JAN 14 - 20,
WWW.MYANMARICT.COM





2013 CHRYSLER

★ လုပ်ငန်းခွင်ရဲ့ ဖားများ

★ ခေတ်မီအနာဂတ်အတွက် iOS App ရေးနည်း သင်တန်း

★ အကျဲ့ ရှိလျှင် အတက် ရှိဦးမည်

★ ၂၀၁၃မှာ ရောင်းတာ၊ ဝယ်တာ သတိထားပါ

★ အကယ်ဒမီ ဆွတ်ခူးခဲ့တဲ့ ချစ်စနိုးဦးနှင့် အိုင်စီတီ

★★★ T ဖြင့် စ၊ ဆုံးသော Huawei ဟန်းဆက်များ မြန်မာပြည်အတွက် မဟုတ်

၂၀၁၃ နှင့် တရုတ်နှစ်သစ်ကူးအကြို အိုင်စီတီ ပြပွဲကြီးများ

International CES Top Smartphones

IMPORVED SHOP WEEKLY INCLUDED

REDLINK COMMUNICATIONS



RedLink is the Best Link
Broadband WiMAX Service
ဖုန်းလိုင်းရှိရန်မလို
ချက်ချင်းဝယ် ချက်ချင်းသုံး

Sales Office & Service Center
* Pearl Condo : 09 73031684 ~ 85
* BAK (IT Mall) : 09 43170015
* Junction Square : 09 43170016
* Gandamar Wholesales : 09 43138326

Certificate No. TH 10/5319

Model: ချစ်စနိုးဦး, Photography: သိန်းဇော်ဝင်း (Photo Magic)

# TECHNO EYE

Focusing on Customer's Satisfaction

Computer Sale & Services Centre

3 YEARS FREE Technical Support

## 2013 New Year Promotion

JANUARY 5 – JANUARY 31

- **Notebook** ဝယ်ယူသူတိုင်းခံစားခွင့်
  လက်ဆောင်ပစ္စည်း (၉) မျိုး + Instant Luckydraw
  ၅၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် | ၂၀၀၀၀ ကျပ် | ၂၅၀၀၀ကျပ်
- **Desktop** ဝယ်ယူသူတိုင်း ခံစားခွင့်
  လက်ဆောင်ပစ္စည်း (၉) မျိုး + Instant Luckydraw
  ၅၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် | ၂၀၀၀၀ ကျပ် | ၂၅၀၀၀ကျပ်
- **Tablet** ဝယ်ယူသူတိုင်းခံစားခွင့်
  Micro SD 4GB + Instant Luckydraw
  ၅၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် | ၂၀၀၀၀ ကျပ် | ၂၅၀၀၀ကျပ်

lenovo GIGABYTE TOSHIBA SAMSUNG DELL COMPAQ ASRock ViewSonic hp acer ASUS

Mo Mo 7", 8", 9", 10" · Onda 7",8" · Zestpro 7"(GSM Tablet) · Hyundai 8" · Lenovo A2





**Samsung NP355E**
AMD Dual Core 1.4 Ghz
2GB DDR3 RAM
320GB HDD (SATA)
DVD Super-Multi RW
14.0"WXGA LED
(1366 x 768)
AMD Radeon HD 7310(1GB)
Wi-Fi, Webcam, USB 3.0,
Cardreader, Bluetooth, HDMI

Hot Item · Ks 315,000/- · Limited Stock





**Compaq CQ 43**
Intel Dual Cel: B815 1.6 Ghz
(2MB L3 Cache)
2GB DDR3 RAM
320GB HDD (SATA)
DVD Super-Multi RW
14.0"WXGA LED
(1366 x 768)
Interl HD Graphics
Wi-Fi, Webcam, Bluetooth
USB 2.0, Cardreader

Hot Item · Ks 285,000/- · Limited Stock

- Notebook, Desktop, Tablet,Printer, Network Services များကို အချိန်တိုအတွင်း အကောင်းဆုံး၊ အမြန်ဆုံး၊ အာမခံဖြင့် ပြုပြင်ပေးသည်။
- Notebook Sparparts (LCD, LED. DVD-RW, HDD, Keypad, Battery, Adapter) များကိုလည်း ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ပါသည်။

Notebook (or) Desktop PC များကို (၁၀)လုံးနှင့်အထက် ဝယ်ယူပါက Network ပစ္စည်း + Network တပ်ဆင်ခြင်း + Delivery Free

နယ်မှ မှာယူသူများကို ကားဂိတ်အရောက် အခမဲ့ ပို့ဆောင်ပေးသည်။

YANGON ➤ No. (171-D1), Corner of the Myanma Goneyi Rd & 87th St, Kan Taw Lay-Mingalar Taung Nyunt Tsp
Ph : 09 73173513, 09 73214057, 0973201252, 09428128782 Email: technoeye.mm@gmail.com

JOIN US ON facebook www.facebook.com/technoeyecomputer



# VANGUARD

SAP

Business Services and Process Consulting

We specialise in the implementation and support of ERP solution for small to medium sized enterprises(SMEs).
We implements and intergrates customised SAP Business One Solutions to help clients increase profitability and improve operational efficiencies.

**Our Approach:**
- Comprehensive Planning
- Expert Customization
- Swift Deployment
- Seamless Integration
- Reliable Support

**Other Services:**
- Internal Audit (Specialised in ERP environment)
- Business Planning & Analysis
- Financial Reporting
- Corporate Training
- Business Intelligent

**Lead Consultants**
Mr. Timothy Latt, B.Bus, M.Bus(ERP), CPA (Australia)
Mrs. Anita Kyu Kyu, B.E(Electronics), Grad Dip, IT(Australia)

C08-78 Kyaik Ka San Rd, Tarmway,Yangon.
Ph: 09 448 538 648, 09 518 7306
Email: tim.latt@vanguardmm.com



# Type

Automation Systems

Sliding Gate Opener


428



LYNEX




Flashing Lamp with built-in Siren
New! Infra-Red Photo Cell
New! switch control panel
New! Remote transmitter

Distributed by Sky World Co.,Ltd.
#011A, Shwemyayar Complex, Myayargone Street, Mingalartaungnyunt Tsp., Yangon, Myanmar.
Tel: 01 8619168, 09 420108694, 09 43099000, 09 73164857, 09 5113005, 09 5081714

# T ဖြင့် စ၊ ဆုံးသော Model Handset များမှာ မြန်မာနိုင်ငံရှိ Network Systemအတွက် သင့်တော်သည့် Handsetများ မဟုတ်

ယခု မြန်မာနိုင်ငံ မိုဘိုင်းဟန်းဆက် ဈေးကွက်အတွင်းရှိ Huawei အမျိုးအစား Handset များထဲမှ T 9200, T 8830, T 8828, T 8620, Ascend Y200T, Y220T စသည့် ဟန်းဆက်များမှာ 2G Network တစ်ခုတည်းကိုသာ အထောက်အပံ့ပေးပြီး 3G Network ကိုမူ အထောက်အပံ့ မပေးနိုင်ဟု သိရသည်။ ၎င်း Model Handsets များကို သုံးစွဲသူများကလည်း System Error များ ခဏခဏ ကြုံတွေ့ရကြောင်း သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သတ်၍ Huawei Company မြန်မာနိုင်ငံ ရုံးခွဲမှ တာဝန်ရှိသူများက "ထိုကဲ့သို့ T ဖြင့်စ၍ T ဖြင့်ဆုံးသော Model Handset များမှာ မြန်မာနိုင်ငံရှိ Network System အတွက် သင့်တော်သည့် Handset များ မဟုတ်ကြောင်း၊ ၎င်း Model များမှာ TD-SCDMA Network ကိုသာ အထောက်အပံ့ ပေးနိုင်ပြီး WCDMA Networkကိုမူ အထောက်အပံ့ မပေးနိုင်ပေ။ TD-SCDMA Network ဆိုသည်မှာ China Operatorအတွက်သာ အထောက်အပံ့ ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ Network နှင့် ကိုက်ညီမှု မရှိပေ။ ထို့ကြောင့် System Error များ ခဏခဏ ဖြစ်တတ် ပေါ်တတ်ခြင်း ဖြစ်ပေသည်။ ဈေးကွက်အတွင်းရှိ ၎င်း Model Handset များမှာ ဈေးနှုန်းအားဖြင့် သက်သာသော်လည်း အသုံးပြု၍ အဆင်မပြေသောကြောင့် Customer များအနေဖြင့် သတိပြုဆင်ခြင်၍ ဝယ်ယူသင့်ကြောင်း၊ ထို့အပြင် အဆိုပါ Model Handset များမှာ China မှ တိုက်ရိုက် တင်သွင်းလာသည့် ပစ္စည်းများ ဖြစ်ပြီး မြန်မာနိုင်ငံ ရုံးခွဲအနေဖြင့် စမ်းသပ်စစ်ဆေးပြီး တာဝန်ယူ တင်သွင်းသည့် ပစ္စည်းများ မဟုတ်ကြောင်း ပြန်လည် ပြောကြားခဲ့သည်။ ၎င်း Handset များ၏ နောက်ကျောဘက်တွင် China Mobileဟု ပါဝင်ပြီး ရှေ့မျက်နှာပြင်တွင် ခရုပတ်ပုံ Logo တစ်ခု ပါရှိသည်။ အိုင်စီတီဂျာနယ် ဖတ်ရှုသူများအနေဖြင့် အသေးစိတ် သိရှိလိုပါက Facebook ရှိ Huawei Smart Phone in Myanmar တွင် တိုက်ရိုက်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# ၂၀၁၃ ခုနှစ်၏ ပထမဆုံးအကြိမ် တောင်ကြီးမြို့၏ ဆန်းကြယ်ခမ်းနား လှသော ကုန်စည်ပြပွဲကြီး




2013 ခုနှစ်၏ ပထမဆုံးအကြိမ် တောင်ကြီးမြို့၏ ဆန်းကြယ် ခမ်းနား လှသော ကုန်စည်ပြပွဲကြီး (Amazing Taung Gyi Expo 2013) ကို တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ပါသည်။ ၎င်းပြပွဲကြီးကို တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ၂၇.၂.၂၀၁၃ ရက်နေ့မှ ၃.၃.၂၀၁၃ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သတင်းရရှိသည်။

ပြပွဲအတွင်း ပြသမည့် ကုန်ပစ္စည်းများမှာ - အီလက်ထရောနစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ပြည်တွင်းပြည်ပဆေးဝါးများ၊ အဝတ်အထည်များနှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးသုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက် ပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးသုံးပစ္စည်းများ၊ ကားဘက်ထရီနှင့် တာယာများ၊ စက်ဆီချောဆီများ ဖြစ်ကြပြီး၊ ပြည်ပမှ မော်တော်ယာဉ်တင်သွင်း ရောင်းချသူများနှင့် ကုမ္ပဏီများ၊ ကားအရောင်းပြခန်းများ ပါဝင်ပြသမှာ ဖြစ်သည့်အပြင် အိမ်ရာ အရောင်းပြခန်းများလည်း ပါဝင်မှာ ဖြစ်ကြောင်း သိရှိရသည်။

## Upcoming Art Exhibits

### The Yinn: Still Proud In Their Cluture




**Description:** Gallery 65 presents a photo exhibition of the Yinn people documented by Photographer Kyaw Kyaw Win (Swaitawyeik).

The Yinns are one of the many ethinic groups that live in Myanmar. Most of the Yinn tribes are found around Namsan Township in Southern Shan State. At the latest census, there were only around a few thousand Yinn but however small they may be, the Yinn people still proudly treasure and preserve their customs and traditions.

This photo exhibit is a record of their daily lives as well as their beliefs and customs.

**Date:** January, 18 - 20, 2013
**Time:** 10:00 AM - 18:00 PM
**Location:** Gallery 65: No. 65, Yaw Min Gyi Road, Dagon Tsp., Yangon.
**Contact:** gallerysixtyfive@gmail.com

### THE FINAL EXHIBIT 2012



**Description:** The collection features paintings by prominent artists Nyo Hla, Myat Kyawt, Khin Maung Yin, Nyein Chan Su and many more.

**Date:** 15th Dec 2012 to 15th Jan 2013
**Time:** 10:00 AM - 18:00 PM
**Location:** Gallery 65: No. 65, Yaw Min Gyi Road, Dagon Tsp., Yangon.
**Contact:** gallerysixtyfive@gmail.com

NEW YEAR, NEW YOU, NEW SUBSCRIPTION. EMAIL YOUR NAME, ADDRESS & CONTACT NUMER TO
CIRCULATION@MYANMARICT.COM

# WHO WE ARE

## MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

## EDITORIAL TEAM

| | |
|---|---|
| CEO | Phyo Min Min |
| Editor in Chief | |
| Editor | XOXO |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, |
| | Ma Naw Phyu Lay, APT, TZO, |
| | Train, Nay Aung Latt, |
| | Jet Sin, Myo Zin, iGeek, Key |
| Editorial Assistant | Wai Wai Tun |
| Illustration | Ko Ko Aung |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

## ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye, |
| Coordinator | May Thu Kyaw, Thwe Thwe Phyo |
| | Hnin Wai Aung |

## CIRCULATION/DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Thein Linn, Thein Kyaw Moe |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၀ ဖြင့် ထုတ်ဝေပါသည်။


# ၂၀၁၃ ခုနှစ်၏ ပထမဦးဆုံးအကြိမ် တရုတ်နှစ်သစ်ကူးအကြို



အထူး ဈေးရောင်းပွဲတော်ကြီးနှင့် အမျိုးသားကုန်စည်ပြပွဲကြီး (Living IT & Electornic Fair (2013) Lashioကို လာရှိုးမြို့တော်ခန်းမတွင် ကျင်းပမည်ဟု သိရသည်။

၎င်းပြပွဲကြီးကို 30.1.2013 ရက်နေ့မှ 3.2.2013 ရက်နေ့အထိ နေ့စဉ် နံနက် (၉း၀၀) နာရီမှ ည (၉း၀၀) နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ နှစ်သစ်၏ ပထမဦးဆုံးပွဲတော်ဖြစ်ပြီး အစည်ကားဆုံး တရုတ်နှစ်သစ်ကူး အချိန်အခါ အတွင်း၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ အပါအဝင်ဖြစ်ခြင်း၊ လားရှိုးမြို့၏ ကုန်စည်ရောင်းချမှုနှုန်း အမြင့်ဆုံးလရာသီဖြစ်ခြင်း စသည့် ပြပွဲကြီး၏ ထူးခြားချက်များကြောင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို အဆင့်အတန်းမီ အောင်မြင်စွာ ပါဝင်ပြသရောင်းချနိုင်ပါရန် လုပ်ငန်းရှင်များ ကုမ္ပဏီများအား ဖိတ်ခေါ်ထားသည်ဟု ဆိုသည်။

ပါဝင်ပြသသော ကုမ္ပဏီများနှင့် ထုတ်ကုန်ပစ္စည်းများအား လူအများ ပိုမို သိရှိ စိတ်ဝင်စားမှု ရှိလာစေရန်အတွက် Flyer များ၊ T-Shirt များ ဝေငှခြင်း၊ FM Media များတွင် ကြော်ငြာ ထုတ်လွှင့်ပေးခြင်း၊ ကုမ္ပဏီ အမည်နှင့် Logo များကို Vinyl Stand များ၊ လမ်းဖြတ် ကြော်ငြာများဖြင့် စိုက်ထူ ချိတ်ဆွဲပေးခြင်း၊ မိုးပျံ အလှဆင် ဘောလုံးကြီးများဖြင့် လွှင့်တင်ပေးခြင်းများကိုလည်း သတ်မှတ်ထားသော Sponsor နှုန်းထားများအလိုက် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ပါဝင်ပြသမည့် ကုန်ပစ္စည်းအမျိုးအစားများမှာ အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးသုံး ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ပရိဘောဂများ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးသုံးပစ္စည်းများ၊ စက်မှုဇုန်ထုတ်ကုန်များ၊ ကား ဘက်ထရီနှင့် တာယာများ၊ စက်ဆီ ချောဆီများနှင့် အခြား လူသုံးကုန်ပစ္စည်းများစွာ ပါဝင်ပြသရောင်းချမှာ ဖြစ်ပါသည်။

ပြခန်းများအနေနှင့်မှု အိမ်ရာအရောင်းပြခန်းများ၊ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့်ရရှိသူများနှင့် ကုမ္ပဏီကြီးများ၏ ကားအရောင်းပြခန်းများ မော်တော်ယာဉ်ထုတ်လုပ်ရောင်းချသူများ၊ အကြီးစား၊ အလတ်စား လုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်သူများမှ ဖွင့်လှစ်ပြသရောင်းချသွားကြမည် ဖြစ်ကြောင်း သိရှိရပါသည်။

# LG အရောင်းကိုယ်စားလှယ်များ ကိုရီးယားနိုင်ငံနှင့် အမေရိကန် နိုင်ငံတို့သို့ ခရီးစဉ်




TMW Enterprise Ltd. နှင့် LG Electronic တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် LG အီလက်ထရောနစ် အရောင်း ကိုယ်စားလှယ် (၉) ဦးနှင့် TMW Enterprise Ltd. မှ တာဝန်ရှိသူများသည် အမေရိကန် နိုင်ငံသို့ ဇန်နဂါရီလ (၄)ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွါ သွားကြပြီး တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံရှိ မြို့များနှင့် Hawaii ကမ်းခြေသို့ လည်ပတ်ကြည့်ရှုကာ ဇန်နဂါရီလ (10)ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိမည်ဟု သိရှိရပါသည်။

TMW Enterprise Limited နှင့် LG Electronic တို့၏ ပူးပေါင်းစီစဉ်မှုအနေဖြင့် LG ကိုယ်စားလှယ်များအား ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဥရောပနိုင်ငံများသို့လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့ဖလား ဘောလုံးပွဲ ကြည့်ရှုရန်အတွက် တောင်အာဖရိကနိုင်ငံသို့ လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ကနေဒါနိုင်ငံ မြို့များရှိ ကမ္ဘာကျော် နေရာများသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဂုဏ်ပြု ခရီးစဉ်များကို နှစ်စဉ် ဆက်လက် စီစဉ်ပေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

# မော်လမြိုင်မြို့ရှိ Golden Power Technology Service Center ပြောင်းရွှေ့ ဖွင့်လှစ်

ယခင် အမှတ်(၄၁၂)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့မှ (ယခု) အမှတ် (၃၃၈)၊ အောက်လမ်းမကြီး ၊ ဒညင်းကုန်းရပ် (ထားဝယ်တံတားမှတ်တိုင်) မော်လမြိုင်မြို့ သို့ (၉.၁.၂၀၁၃) မှ စတင်၍ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ Service အနေဖြင့် ASUS ၊ Silicon Power ၊ Thermaltake Products များကို Golden Power Technology (မော်လမြိုင်) ဆိုင်သစ်တွင် ဝန်ဆောင်မှု ရယူနိုင်ပါသည်။

Regent Business Academy
Creating Business Leaders

# Your First Choice For Business Education

University of Wales (UK) မှ တိုက်ရိုက်ချီးမြှင့်သော စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ကို ရယူလိုသော ကျောင်းသူ၊ ကျောင်းသားများအတွက် မြန်မာပြည်တွင် ပထမဦးဆုံး Regent Business Academy တွင် စတင်တက်ရောက်ခြင်းဖြင့် ဂုဏ်ယူနိုင်ပါသည်။

- တက္ကသိုလ်ဝင်တန်း (သို့) iGCSE အောင်မြင်ပြီး ပြည်တွင်းတွင် UK မှပေးအပ်သော Diploma နှင့် Bachelor Honous Degree ရယူလိုသူများအတွက်

☆ BSc(Hons) in Business Administration(Marketing) (UK)

☆ International Advanced Diploma in Business(UK)

☆ International Diploma in Business(UK)




- မြန်မာပြည်မှ စီးပွားရေးဘွဲ့ (သို့) ABE, Thames, ICM, CIM, NCC Advanced Diploma in Business(UK) အောင်မြင်ပြီးသူများ ပြည်တွင်းတွင် University of Wales (UK) မှတိုက်ရိုက်ချီးမြှင့်သော BSc(Hons) Business Administration (Marketing) ဘွဲ့ကို ဆက်လက်တက်ရောက်ရယူနိုင်ပါသည်။

ဇန်နဝါရီလ တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါ၍ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်

Next Intake January 2013

အမှတ် B (42)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၅၀၄၃၆၉၊ ၀၉-၅၀၄၁၅၁၅၊ ၀၉-၇၃၀၀၇၈၈၈

DO DO KO KO
Computer & Electronics Sales Centre

- ကားဈေးလိုကျသွားမှာလည်းစိတ်မပူရဘူး
- မြေဈေးထက်ပိုတဲ့အစွန်တွေဆောင်ဖို့လဲစိတ်မညစ်ရဘူး
- ပညာရွှေအိုးလူမစိုးဆိုတဲ့စကားအတိုင်း

ဈေးနှုန်းအသက်သာဆုံးနှင့်ကလေးတွေပညာတက်ဘဝအဖြစ်နှင့် စိတ်ချနိုင်တဲ့ *Computer* ပဲအမွေပေးခဲ့ဖို့အကောင်းဆုံးစိတ်ကူးနှင့် မိသားစုဘဝလေးအေးချမ်းနိုင်ပြီ...



ဈေးနှုန်းအချိုဆုံးအသစ်စက်စက်

**Samsung**
335E4X-A02
**315,000/-KS**



BRAND NEW

* AMD Fusion E1-1200 with Radeon (tm) HD Graphics (2CPUs), ~1.4GHz
* 2 GB DDR3 RAM
* 320GB HDD
* 994MB Graphic
* DVD RW, Wifi, Bluetooth HDMI, Cardreader
* Gift - Bag (original)

- နေရာယူမှုသက်သာပြီး မီးစားအလွန်သက်သာသော
- အဆင့်မြင့်မြင့်သုံးလိုသူများအတွက် Dual core All in One (Pc Attach Desktop)

All In One PC



FUJITSU
* Celeron 2.7 GHz
* 512MB DDR
* 80 GB
* 128 VGA
* DVD RW
* SD Card, AV
* 17" Crystal bright

125000/-

FUJITSU / NEC
* Celeron Dual Core 3.06GHz
* 1GB DDR II
* 250 GB
* DVD RW
* SD Card, AV
* 17" Crystal bright

165000/-

Present ( Keyboard + Mouse )

- ဈေးနှုန်းအချိုဆုံး (Core 2duo & Core Solo) Made In Japan စက်များ

TOSHIBA Satellite J60
* Core Solo 1.8GHz
* 512GB DDRII
* HDD 40GB
* 256MB VGA
* CD Rom
* LAN
* 15.1" TFT




115,000/-

NEC VY17T/XF-3
* Celeron M 1.73GHz
* 512 MB DDR
* HDD 40GB
* 128MB VGA
* CD Rom
* 15.1" TFT



95,000/-

hp nc 6400
* Core2Duo-1.6GHz
* 1 GB DDRII
* 80 GB SATA
* 256MB VGA
* DVD Combo
* Wifi
* 14" TFT



195,000/-

* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊ ဖုန်း- ၃၈၈၆၅၄၊ ၃၈၉၀၆၇၊ ၀၉-၅၁၃၈၉၃၂၊ ၀၉-၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး) ဖုန်း- ၀၉-၇၃၁၆၁၂၀၇၊ ၅၇၉၇၈၁
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုခမာလမ်း၊ (ဈ)ရပ်ကွက်(၆-ကွေ့ ကားမှတ်တိုင်အနီး)၊ ဖုန်း- ၉၆၉၀၁၇၅၊ ၀၉-၅၁၂၄၁၄၁
* မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း- ၀၂-၇၁၇၆၈
* ပဲခူး အမှတ် (၁)၊ မင်းလမ်း ဗိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့။ ဖုန်း-၀၉-၇၃၁၁၈၃၅၀၊ ၀၉-၄၉၅၇၁၁၄၂

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

## Upcoming Business Events

### Grand Opeing of The Rich Gems

**Description:** Brand new, expanded showroom

**Date:** Sunday, January 13, 2013
**Time:** 9:00 AM - 12:00 PM
**Location:** No. 17, Ground Floor, Junction Square, Yangon.
**Contact:** 01-500060

### 2nd Master Mariners Dinner Gathering

**Description:** ကပ္ပတိန် စိုးလွင်မှ Marpolနှင့် ပတ်သက်သည့် စာတမ်းအား ဖတ်ကြားမည်။ ရေကြောင်းအတတ်ပညာရှင် (Master Mainers)များ တက်ရောက်ရန် ဖိတ်ကြားထားသည်။

**Date:** Wednesday, January 16, 2013
**Time:** 19:00 PM - 21:00 PM
**Location:** ပထမထပ်၊ ရွှေဘဲ စားသောက်ဆိုင်၊ ဆရာစံလမ်း၊ ဗဟန်း။
**Contact:** Myanmar Nautical Association: 09-500-5368

### 7th Asian High Yield Bond and Fixed Income Forum



**Description:** Euromoney Seminars Asiaမှ အထက်ပါ အကြောင်းအရာကို စိတ်ဝင်စားသော ပြည်တွင်းရှိ ဘဏ်လုပ်ငန်းရှင်များ၊ ဥပဒေ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများကို မိမိ အစီအစဉ်ဖြင့် တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။ တက်ရောင်လိုသူများသည် ဇန်နဝါရီလ ၁၈ ရက်နေ့ မတိုင်မီတွင် US$ 300 မှတ်ပုံတင်ကြေး ပေးဆောင်ရမည် ဖြစ်ပြီး UMFCCI အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**Date:** Wednesday, February 27 - 28, 2013
**Time:** 19:00 PM - 21:00 PM
**Location:** Grand Hyatt Shanghai, China
**Contact:** UMFCCI: 01-214344 - 9

# လေယာဉ်လက်မှတ်နှင့် ဟိုတယ် တည်းခိုခွင့်များ ကံစမ်းနိုင်မည့် Travel & Trade Expo, 2013 ကုန်စည်ပြပွဲကြီး

Webbie

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင် ကျင်းပသော Myanmar Travel & Trade Expo 2013 ပွဲကြီးကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် (MTF) မှ ကြီးမှူး ၍ MTS Business Groupမှ တာဝန်ယူလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်ဟု သိရသည်။

ခရီးသွားကုမ္ပဏီများကို တိုက်ရိုက် တွေ့ဆုံ မေးမြန်းနိုင်ခြင်း၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၏ ဝန်ဆောင်မှုများကို တိုက်ရိုက် ချိတ်ဆက်နိုင်ခြင်း၊ Hotel Suppliers များကို တိုက်ရိုက် ချိတ်ဆက်ပြီး ဈေးကွက်သစ်များ ရှာဖွေ နိုင်ခြင်း၊ ပြည်တွင်း/ ပြည်ပဘဏ် ကြီးများ၏ ဝန်ဆောင်မှု အသစ်များ (ဥပမာ-ATM, MPU, Master Card)ကို လေ့လာနိုင်ခြင်း၊ ပြည်တွင်း/ ပြည်ပ လေကြောင်းလိုင်းများ၏ ပြေးဆွဲနေသော ခရီးစဉ်များ၊ ဝန်ဆောင်မှု အသစ်များကို သိရှိနိုင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်းများ၏ ပညာရေး ဝန်ဆောင်မှုများကိုခြင်းတို့ကြောင့် လူအများ စိတ်ဝင်စားလျက် ရှိသော ပွဲကြီး တစ်ခု ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကားကုမ္ပဏီကြီးများ၊ Car Show Room များ၊ တစ်ဦးချင်း ကားရောင်းချသူများ၊ ကားအပို ပစ္စည်းများနှင့် အခြား ဆက်စပ် ပစ္စည်းများ ကိုပါ လေ့လာ ကြည့်ရှုနိုင်သည့်အပြင်၊ Tour Bus ကားကြီးများကိုလည်း ပြသ ထားသည်ဟု ဆိုသည်။

Trade Zone တွင်လည်း အမျိုးမျိုးသော အလှကုန်ပစ္စည်းများ၊ အဂတ်အထည်များ၊ ပရိဘောဂများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းနှင့် ဆက်သွယ်ရေး ပစ္စည်းများ၊ အခြား လူသုံးကုန် ပစ္စည်းများကိုလည်း ပြသရောင်းချလျက် ရှိသည်။

Media Partner ဖြစ်သော 5 Network (5 Plus)မှ ပြပွဲ မတိုင်မီ ၂ ပတ် အလို တွင် အစီအစဉ်ကောင်းများဖြင့် ကြော်ငြာ ပေးခြင်း၊ ပြပွဲရက်အတွင်း နေ့စဉ်ထုတ်လွှင့် ပြသပေးခြင်း၊ သတင်းစာများ/ ဂျာနယ်များ/ FM Media များ/ Billboard များတွင် ကြော်ငြာပေးခြင်းတို့ဖြင့် အကောင်းဆုံး ဝန်ဆောင်မှုများပေးနေသောကြောင့် ပြပွဲလာ ပရိသတ်များဖြင့် စည်ကားလျက် ရှိသည်ဟု သိရသည်။

ပြပွဲရက်အတွင်း ဖျော်ဖြေရေး အစီအစဉ်ကောင်းများနှင့် လာရောက် ကြည့်ရှုသူများအတွက် Special Lucky Draw (လေယာဉ်လက်မှတ်များ၊ ဟိုတယ် တည်းခိုခွင့်များ) ကိုလည်း စီစဉ် ထားရှိပေးထားသည်ဟု သိရသည်။

1st MYANMAR TRAVEL & TRADE EXPO'2013 ပြိုင်ပွဲကြီးအား January 2013 11 ရက်နေ့မှ 14 ရက်နေ့အထိ Myanmar Convention Centre (MCC) တွင် နံနက် (၉းဝဝ) မှ ည (၈းဝဝ) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# Facebook မှာ Promotion လုပ်မည့် Techno Eye

Webbie

www.facebook.com/technoeyecomputer PAGEမှာ LIKE လုပ်ရုံဖြင့် မည်သည့် Notebook (or) Desktop PC ကိုမဆို ဝယ်ယူပါက ငွေကျပ် တစ်သောင်း လျှော့ချပေးမည့်အပြင် Notebook (or) Desktop PC (or) Tablet PC ဝယ်ယူပါက၊ Instant Lucky Draw - K 5000, K 10000, K 15000, K 20000, K 25000နှင့်အတူ ဗလာမပါ ကံစမ်းမဲ အထူး အစီအစဉ်များကို ခံစားခွင့်ရှိသည်ဟု သတင်းရရှိသည်။ ၎င်းအစီအစဉ်သည် (၃၁-၁-၂၀၁၃) အထိသာ ဈေးနှုန်း ပြောင်းလဲခြင်း မရှိမှာ ဖြစ်ပြီး New Year Promotion အထိမ်းအမှတ်အဖြစ် ဝယ်ယူအားပေးသူများ အားလုံးကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျင်းပရခြင်း ဖြစ်သည်ဟု ဆိုသည်။

ထိုအစီအစဉ်တွင် ဝင်ရောက် ဆင်နွှဲချင်သည် ဖြစ်စေ၊ Techno Eye ကွန်ပျူတာဆိုင်သို့ သွားရောက် အားပေးချင်သည်ဖြစ် အောက်ဖော်ပြပါ လိပ်စာသို့ သွားရောက် အားပေးနိုင်သည်ဟု သိရသည်။

Techno Eye Computer
No. (171-D-1), Corner of the Myanmar Goneyi Rd & 87th St, Kan Taw Lay, Mingalar Taung Nyunt Tsp.,
ဖုန်း - 09 73173513, 09 73214057, 0973201252, 09428128782နှင့်
အီးမေးလ်: technoeye.mm@gmail.com

ကွန်ပြူတာထိန်းအရောင်းစနစ်
Barcode System
သင့်ဆိုင်ရဲ့ရောင်းနည်းစနစ်ကိုယခုပဲမြင့်တင်လိုက်ပါ
EXCELLENT
Softwares & Games for PC, PS2, PSP
www.mmexcellent.com တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



စူပါမားကတ်နှင့် အရောင်းဆိုင်ကြီးများအတွက် အစိမ်းရောင် Supermark Manager
အရောင်းဆိုင်အားလုံးနှင့် လုပ်ငန်းရှင်များအတွက် အပြာနုရောင် MINI seller
စားသောက်ဆိုင်နှင့် စည်ဘီယာဆိုင်များအတွက် ခဲရောင် Restaurant Master

ရန်ကုန်မြို့ အမှတ်(၁၀၉)၊ အနော်ရထာလမ်း၊ ၃၇ ၃၈ကြား၊ကျောက်တံတား။
မန္တလေးမြို့ ၇၃လမ်း၊ ၂၉ ၃၀ကြား။
ပြင်ဦးလွင်မြို့ လားရှိုးလမ်း၊ အာရောဂျံဆေးခန်းအရှေ့။
မော်လမြိုင်မြို့ အမှတ် (၄)၊ ရတနာမြိုင်တေးသံသွင်းရှေ့။
Ph: , 01253736 - 0232923 - 0991037190 - 095322461 - 0973213293 - 0943004860

မျိုးဇင် တင်ဆက်သည်။

# LG Optimus L9

LG ရဲ့ L-series မျိုးဆက်သစ်ဖြစ်တဲ့ Optimus L9 ဖုန်းဟာ နောက်ဆုံးထွက် စမတ်ဖုန်း အမျိုးအစား ဖြစ်ပြီး ခေတ်မီ ဆန်းသစ်တဲ့ ဒီဇိုင်း ပုံစံကြောင့်



ဆွဲဆောင်မှု အပြည့်ရှိတဲ့ ဖုန်းအမျိုးအစား တစ်မျိုး ဖြစ်ပါတယ်။ LG ကုမ္ပဏီဟာ ယခုလက်ရှိလူကြိုက်များ ရေပန်းစားနေတဲ့ HD ရုပ်ထွက် အရည်အသွေး ကောင်းမွန်စွာ ပေးစွမ်းနိုင်တဲ့ screen ကို LG Optimus L9 စမတ်ဖုန်းမှာ တပ်ဆင်ပေးထားပါတယ်။ GSM ကွန်ယက်ကို အသုံးပြုနိုင်ပြီး Dual-band 3G with HSPA စနစ်ကို ထောက်ပံ့ပေးထားပါတယ်။ Screen အရွယ်အစား 4.7 လက်မ ရှိပြီး HD IPS LCD display ကို အသုံးပြုပေးထားတဲ့အတွက် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို ခံစားကြည့်ရှုနိုင်ပါတယ်။ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကို အကောင်းဆုံး လုပ်ဆောင်ပေးမယ့် dual-core 1GHz ARM Cortex-A9 CPUကို တပ်ဆင်ပေးထားပါတယ်။ ကင်မရာ စွမ်းရည်ကတော့ 5 megapixel ရှိပြီး အပျော်တမ်း ကင်မရာတွေမှာ ပါဝင်တဲ့ (autofocus, touch focus, a flash, 15x digital zoom,face tracking, geotagging, a timer, continuous shooting, and panoramic shooting) အစရှိတဲ့ functions များစွာကို LG Optimus L9 မှာ ထည့်သွင်း ပေးထားပါတယ်။ ဒုတိယ ကင်မရာဖြစ်တဲ့ VGA front-facing camera လည်း ပါဝင်ပါသေးတယ်။ LG Optimus L9 ကို Android 4.0.4 Ice Cream Sandwich OS ကို ထည့်သွင်းပေးထားတဲ့အတွက် Google services တွေ ဖြစ်တဲ့ Chrome, Gmail, Plus, Latitude, Maps with Navigation, Messenger, Search, Talk and YouTube အစရှိတာတွေကို အလွယ်တကူ အသုံးပြုနိုင်ပါတယ်။ Wireless အင်တာနက် ချိတ်ဆက် အသုံးပြုရန်အတွက် Wi-Fi a/b/g/n စနစ် ပါရှိပါတယ်။ Internal memory ကို 4GB ထည့်သွင်းပေးထားပြီး ဒေတာအချက်အလက်တွေကို အများအပြား သိမ်းဆည်း ထားချင်ရင်တော့ microSD card ကို ထပ်မံတိုးချဲ့ အသုံးပြုနိုင်ပါတယ်။ Bluetooth v3.0၊ NFC၊ Voice dialing၊ GPS with A-GPS အစရှိတဲ့ စနစ်တွေလည်း ပါဝင်ပါတယ်။





Golden Dragon
GOLDEN DRAGON TRADING, LLC
WE SPECIALIZE IN BRAND NEW CARS Only From USA,UK& UAE

ကားကုမ္ပဏီများအတွက်
USA (CANADA), UK & DUBAI (UAE) နိုင်ငံမှ
BRAND NEW '0' MILEAGE ကားများကို
CIF ရန်ကုန်ဈေးဖြင့် တင်သွင်းရောင်းချပေးနေပါသည်။
2012, 2013 MODEL BRAND NEW ကားများကို
WHOLESALES (လက္ကား) မှာယူတင်သွင်းရောင်းချပေးနေပါသည်။

BRAND NEW ဆိုသည်မှာ '0' to '100' ကားများကို ဆိုလိုခြင်းဖြစ်ပြီး
MILEAGE '100' ကျော်ပါက BRAND NEW ကားဟု သတ်မှတ်၍ မရနိုင်ပါ။

HIRE PURCHASE Available










Hotline
09-7325-4355

U.S.A. Office
2005 ORANGE STREET, UNIT-E, ALHAMBRA, CA 91803, U.S.A.
Tel: 1(626)379-7566 Fax: 1(626)289-0308
www.goldendragontrading.com

Yangon Office
GAME CITY, ZOOLOGICAL GARDEN, BO MIN GAUNG STREET,
YANGON,MYANMAR .Tel: 95 (09) 732 54355
sales@goldendragontrading.com

Yangon Showroom (KSTM Showroom)
NO.9 (E/2), KABAR AYE PAGODA ROAD,
MAYANGONE TSP, YANGON, MYANMAR.
www.facebook.com/GoldenDragonTradingLLC

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# Top Smartphones




## Huawei Ascend D2

Huawei Ascend မျိုးဆက်ဖြစ်တဲ့ D2 ကို ပုံရိပ် ကြည်လင်ပြတ်သားမှုကို ပေးစွမ်းနိုင်တဲ့ 1080p displayကို တပ်ဆင်ပေးထားပြီး screen အရွယ်အစားကတော့ 5 လက်မ ရှိပါတယ်။ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက် တွေကို လျင်မြန်သွက်လက်စွာ လုပ်ဆောင်ပေးမယ့် K3V2 quad-core processorကို ထည့်သွင်းထားတာ တွေ့ရပါတယ်။ Jelly Bean (Android 4.1 OS) ကို အသုံးပြုထားတဲ့အတွက် ဟန်းဆက်ကို စတင်အသုံးပြု လိုက်တာနဲ့ အထစ်အငေါ့ မရှိပဲ ချောမွေ့တဲ့ ခံစားမှုမျိုးကို ပေးစွမ်းပေးပါလိမ့်မယ်။ ဘက်ထရီပမာဏ 3000mAh ရှိပါတယ်။ ဘက်ထရီ ကောင်းမွန်တဲ့ အချက်ကြောင့် 1080p ရှိတဲ့ ဗီဒီယိုတွေကို အချိန်ကြာရှည်စွာ ကြည့်နိုင်ဖို့အတွက် အထောက်အကူပြုပေးပါလိမ့်မယ်။




## Huawei Ascend Mate

Huawei Ascend Mate ဟန်းဆက်၏ မျက်နှာပြင် အရွယ်အစားကတော့ 6.1 လက်မ ရှိတဲ့အတွက် Phablets တစ်လုံးလို့တောင် တင်စားခေါ်ဝေါ် သတ်မှတ်ထားပါတယ်။ Ascend Mate ၏ processor ကို Ascend D2 နှင့် တူညီစွာ ထုတ်လုပ်ထားပြီး quad-core K3V2 processor 1.5 GHz ကို တပ်ဆင်ပေးထားပါတယ်။ Gorilla Glass display ကို ထည့်သွင်းပေးထားတဲ့အတွက် ဖုန်းရဲ့ screen မျက်နှာပြင်ကို အဆင်းရာ အခြစ်ရာ ဒဏ်မှ ကာကွယ်ပေးထားနိုင်ပါတယ်။ ကင်မရာ စွမ်းရည်က 8-megapixel ရှိတဲ့အတွက် ဓာတ်ပုံ ရိုက်ကူးရန်နှင့် ဗီဒီယို မှတ်တမ်းတင်ဖို့အတွက် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို ပေးစွမ်းနိုင်ပါတယ်။ Android 4.1 (Jelly Bean) OS ကို ထည့်သွင်းပေးထားပါတယ်။ Huawei Ascend Mate ရဲ့ အထူးခြားဆုံး အချက်တစ်ချက်မှာ ကြာရှည်ခံသည့် ဘက်ထရီ ပါဝင်သည့်အချက်ပင် ဖြစ်ပြီး တခြား စမတ်ဖုန်းတွေထက် ဘက်ထရီပမာဏဟာ 4050mAh ရှိတဲ့ အတွက် သာလွန် ကောင်းမွန်နေပါတယ်။ ဘက်ထရီ အားပြည့်တဲ့ အနေအထားမှာ ၄၈နာရီ ကြာရှည်ခံ အသုံးပြုနိုင်ပါတယ်။




## Huawei Ascend W1

Huawei Ascend W1 ဖုန်းဟာ Huawei ကုမ္ပဏီ၏ ပထမဦးဆုံး ထုတ်လုပ်လိုက်တဲ့ Windows 8 ဖုန်းအမျိုးအစား ဖြစ်ပါတယ်။ Ascend W1မှာ တပ်ဆင်ထားတဲ့ processor ကတော့ 1.2GHz dual-core ဖြစ်ပြီး Chipset ကတော့ Qualcomm Snapdragon S4 MSM8230 chipset ဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစား 4 လက်မ LCD screenကို အသုံးပြုပေးထားပြီး resolution ကတော့ 800x480 pixels ရှိပါတယ်။ ဘက်ထရီ ကြာရှည်ခံနိုင်မှုအားကို 1950mAh သုံးထားတဲ့အတွက်ကြောင့် အသင့် အနေအထားပြောဆိုမှုအတွက် ၁၉ ရက်အထိတောင် အသုံးခံတယ်လို့ ဖော်ပြထားပါတယ်။




## Lenovo K900

CES ပြပွဲတွင် Lenovo မှ ၎င်းတို့၏ နောက်ဆုံးပေါ် စမတ်ဖုန်းဖြစ်တဲ့ Lenovo K900 ကို ထုတ်ဖော် ပြသလိုက်ပါတယ်။ ဖုန်းရဲ့ကိုယ်ထည်ကို အလွန် ပါးလွှာအောင် ပြုလုပ်ထားပြီး 6.9mm အထူ ရှိပါတယ်။ K900 ကို မျက်နှာပြင်အရွယ်အစား 5.5-inch IPS screen ကို တပ်ဆင်ပေးထားတဲ့အတွက် တောက်ပ စိုပြေတဲ့ ပုံရိပ်တွေကို ပေးစွမ်းနိုင်ပါလိမ့်မယ်။ K900 စမတ်ဖုန်းကို Intel ၏ နောက်ဆုံးပေါ် 32nm dual-core Z2580 processor ကို တပ်ဆင်ပေးထားတယ်လို့ CES 2013 တွင် ကြေငြာခဲ့ပါတယ်။

LITEON®
www.liteonit.com

LABEL TAG

24x INTERNAL DVD/CD Writer

## TAG YOUR DISC With LITE-ON LABEL TAG




LabelTag is a Lite-On Patented technology that allows user to create a **circvular label** on the data side DVD-R / CD-R discs and LabelTag can write **text** or an **image** to the data side of a DVD R or CD-R media.

# သင်သိသမျှထဲမှ ဒီလိုနည်းပညာ ဘယ်သူ့မှာရှိသလဲ ?

ယခင်က မိမိသိမ်းလိုသော အချက်အလက်အမည်ကို **Marker** ဘော်လ်ပင်များ၊ **Lightscribe** စီဒီများ၊ **Printable** စီဒီများကို ရှာဖွေ အသုံးပြုခဲ့ကြရသည်။ ယခုအခါ **LITEON**၏ **Label Tags** နည်းပညာမှာ စီဒီပေါ်တွင် မိမိကူးလိုသော အချက်အလက်အမည်ကို ပုံ (သို့မဟုတ်)စာ မိမိနှစ်သက်ရာ သင်္ကေတဖြင့် တစ်ပါးတည်းပူးတွဲသိမ်းထားနိုင်သည့်အပြင် မည်သည့် စီဒီ၊ဒီဗွီဒီတွင်မဆို ရိုက်နှိပ်နိုင်ပါသည်။

STAR TECH
AUTHORIZED IT DISTRIBUTOR
Building No. 351, Thein Phyu Road, Mingalar Taung Nyunt Township, Yangon, Union of Myanmar 11211
Tel: 95.1. 394 270, 384 017 Email: sales.st@myanmarstargroup.com Website: www.myanmarstargroup.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

*CES 2013*

# Top **Smartphones**

မှအတက်




## **Sony** Xperia Z

လုပဆန်းသစ်တဲ့ ဟန်းဆက်တွေကို အဆက်မပြတ် ထုတ်လုပ်နေတဲ့ Sony ဟာ CES 2013 ပြပွဲတွင် Sony Xperia Z ကို ပွဲထုတ်လာခဲ့ပါတယ်။ Xperia Z ၏ ကိုယ်ထည်ဒီဇိုင်းကို လေးထောင့်ပုံစံ အချိုးအစားကျကျ ဖန်တီးထားပြီး အစွန်အဖျားတွေကို လုံးဝိုင်းအောင် ပြုလုပ်ထားပါတယ်။ ဒီစမတ်ဖုန်းဟာ အကြမ်းခံနိုင်တဲ့ ဖုန်းလေး ဖြစ်တဲ့အပြင် IP57 certified လက်မှတ် ရရှိထားတဲ့အတွက် ရေစိုဒဏ်ကို ကာကွယ်ထားနိုင်ပြီး ရေအောက် တစ်မီတာ အနက်တွင် မိနစ်သုံးဆယ်ခန့် ခံနိုင်ရည် ရှိပါတယ်။ Xperia Z၏ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကို မြန်နှုန်းမြင့်တင်ပေးမယ့် 1.5GHz Qualcomm Snapdragon S4 Pro processor ကို တပ်ဆင်ပေးထားပါတယ်။

ဓာတ်ပုံ၊ ဗီဒီယိုဖိုင်နှင့် ဒေတာအချက်အလက်တွေကို သိမ်းဆည်းဖို့အတွက် 16GB internal memory ပါဝင်သည့်အပြင် microSD card slotကို ထပ်မံ တိုးချဲ့အသုံးပြုနိုင်ပါသေးတယ်။ 2GB RAM ကို ထည့်သွင်းပေးထားပြီး နောက်ဆုံးပေါ် အင်တာနက်မြန်နှုန်းမြင့် 4G LTE နည်းပညာကို ထောက်ပံ့ပေးပါတယ်။ ကင်မရာ အရည်အသွေးက 13 Megapixel ရှိတဲ့အတွက် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို ရိုက်ကူးနိုင်ပါတယ်။ EXMOR R2 Sensorကို LED flash ဖြင့် တွဲဖက်ပြီး တပ်ဆင်ပေးထားပါသေးတယ်။ Video calling ပြုလုပ်ဖို့အတွက် 2 Megapixel ရှိတဲ့ ဒုတိယ ကင်မရာက တခြားစမတ်ဖုန်းတွေနှင့် ယှဉ်ရင် ကောင်းမွန်နေတာ တွေ့ရပါတယ်။ Android 4.1 Jelly Bean ကို အသုံးပြုပေးထားပြီး ဘက်ထရီ စွမ်းအား 2330mAh ရှိပါတယ်။ Xperia Z ကို အရောင် သုံးမျိုးဖြင့် ထုတ်လုပ်ထားပြီး အဖြူ၊ အနက်နှင့် ခရမ်းရောင်တို့ပဲ ဖြစ်ပါတယ်။




## **ZTE** Grand S

တရုတ်နိုင်ငံ မိုဘိုင်းဖုန်း ထုတ်လုပ်တဲ့ ZTE ကုမ္ပဏီ Grand series ဟန်းဆက် တစ်မျိုးဖြစ်တဲ့ Grand Sကို မျက်နှာပြင် 5 လက်မ အရွယ်အစား ရှိတဲ့ Full-HD touchscreen ဖုန်းကို ထုတ်လုပ်လိုက်ပါတယ်။ Grand S ရဲ့ အရှေ့ဘက် ကင်မရာက 2-megapixel ရှိပြီး အနောက်ဘက် ကင်မရာကတော့ 13-megapixel ရှိတဲ့အတွက် HD video (1080p) ကို ရုပ်ထွက် ကြည်လင်ပြတ်သားစွာ ရိုက်ကူးနိုင်ပါတယ်။ ကင်မရာထဲတွင် ထည့်သွင်းပေးထားတဲ့ options တွေကတော့ (facial recognition, a flash, panoramic shooting) တွေပဲ ဖြစ်ပါတယ်။ ဖုန်း ကိုယ်ထည်အထူက 6.9mm သာ ရှိတဲ့အတွက် အလွန် ပါးလွှာမှု ရှိပါတယ်။ Grand S တွင် ပါဝင်တဲ့ features တွေကတော့ 1780mAh battery, 2GB RAM, Dolby Digital surround sound အစရှိတာတွေ ပါဝင်ပါတယ်။

*CES 2013*

# HP - Windows 8 Touch Screen Laptop




အမေရိကန်နိုင်ငံ Las Vegas မြို့တွင် ကျင်းပနေတဲ့ CES 2013 ပြပွဲတွင် HP ကုမ္ပဏီမှ ၎င်းတို့၏ ထုတ်ကုန်အသစ် ဖြစ်တဲ့ HP Pavilion Touchsmart Sleekbook ကို ပွဲထုတ်လာခဲ့ပါတယ်။ Windows 8 ကို ထည့်သွင်းပေးထားတဲ့ Touch-Screen Laptops အမျိုးအစား ဖြစ်ပြီး မျက်နှာပြင် အရွယ်အစားကတော့ 15.6 လက်မ ရှိပါတယ်။ လက်တော့တစ်လုံး၏ အတွင်းပိုင်း လုပ်ဆောင်ချက်တွေကို အဓိက စွမ်းဆောင်ပေးမယ့် AMD A6-4455M Processor ကို တပ်ဆင်ပေးထားပါတယ်။ ဒေတာ အချက်အလက်တွေကို သိုလှောင် သိမ်းဆည်းပေးဖို့အတွက် Hard Disk ပမာဏ 750GB ရှိပါတယ်။ ရုပ်ထွက် ကြည်လင်ပြတ်သားမှုကို ပေးစွမ်းမယ့် Resolution ကတော့ 1366x768 Pixel အနေအထားမှာ ရှိပါတယ်။ လွန်ခဲ့သော နှစ်အနည်းငယ်က လက်တော့ တစ်လုံးရဲ့ တန်ဖိုးက USD 1000 ဝန်းကျင်ရှိခဲ့ပြီး ယခုခေတ် နည်းပညာ အလျင်အမြန် ထွန်းကားလာတဲ့ ကာလမှာတော့ HP မှ ထုတ်လုပ်ထားတဲ့ Pavilion and Envy Sleekbooks တွေကို USD 600နှင့် USD 900 ကြားမှာ ဝယ်ယူ အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းဆိုင်ရာကို ကြည့်ရင်လည်း HP Sleekbook ရဲ့ ကိုယ်ထည် တည်ဆောက်ပုံကို တခြားလက်တော့တွေလို သတ္တုနဲ့ တည်ဆောက် မထားဘဲ ပလတ်စတစ်ဖြင့် တည်ဆောက်ထားတဲ့အတွက် သေးသွယ် ပေါ့ပါးမှု ရှိပါတယ်။ HP Pavilivon Touchsmart Sleekbook ဈေးနှုန်းကို USD 649 သတ်မှတ်ပေးထားပြီး ၂၀၁၃ ဖေဖော်ဝါရီလ ၃ရက်နေ့မှာ ဖြန့်ချိမယ်လို့ သိရပါတယ်။

# ရေစိုဒဏ် ခံနိုင်သည့် Sony Xperia Acro S ပြည်တွင်းမှာ ရပြီ

Sony Xperia Acro Sဟာ 720 × 1280 Pixels, LED Backlit LCD Screen ပါဝင်ပြီး၊ Screen Size 4.3 inches ရှိတာကြောင့် မြင်ကွင်းကျယ်ကျယ်ဖြင့် ရုပ်ထွက် ကြည်လင်ပြတ်သားပါသည်။ Acros S ရဲ့ ထူခြားချက်ကတော့ ရေစိုဒဏ်ကို ခံနိုင်ခြင်း ဖြစ်သည်။ Dual Core 1.5GHZ CPU သုံးထားပြီး RAM 1GB ပါဝင်တာကြောင့် Multitasking လုပ်ရာတွင် လျှင်မြန်မှု ရှိသည်။ Camera အားဖြင့်လည်း 12MP ရှိပြီး အရှေ့ဘက် Cameraကို အသုံးပြုရာတွင် 1.3 MP qualityထိ အသုံးပြုနိုင်သည်။ ဘက်ထရီမှာ 1910mAh ပါဝင်ပြီး Standby 7နာရီ ဆက်တိုက် စကားပြောနိုင်မှာ ဖြစ်သည်။ Sony Xperia Acro Sကို ဈေးနှုန်း ချိုသာစွာဖြင့် Offical Warranty 1 Year (Parts & Service) ဝန်ဆောင်မှုပေးသော TMW Sony Showroom နှင့်Wai Yan အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။





MYANMAR ICT JOURNAL

အကြောင်းအရာ။ ။အိုင်စီတီ ဂျာနယ်မှ သင့်ကို အလိုရှိသည်။

သင်သည် ရိုးသား၊ ကြိုးစားပြီး အကျင့်စာရိတ္တ ကောင်းမွန်သော သူတစ်ယောက် ဖြစ်သည်။ စာပေကို လွန်စွာမှ ချစ်မြတ်နိုးပြီး ခိုးကူးမှုကို ဆန့်ကျင်သူဆိုလျှင် အောက်ဖော်ပြပါ ရာထူးများကို လျှောက်ထားနိုင်သည်။

**AVAILABLE POSITIONS:**

EDITOR-IN-CHARGE (SALARY: K900,000)
MANAGING EDITOR (SALARY: K500,000)
SENIOR EDITOR (SALARY: K500,000)
REPORTER (SALARY: K300,000)
TRANSLATOR (BASE SALARY: K200,000)

*အိုင်စီတီ ဂျာနယ် ရုံးချုပ်သို့ လူကိုယ်တိုင် သော်လည်းကောင်း၊ team@myanmarict.comသို့ အီးမေးလ် ပေးပို့ခြင်းဖြင့်သော်လည်းကောင်း လျှောက်ထားနိုင်သည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

Game Review







# DEAD SPACE 3

ရထား


2013 ထဲမှာ ထွက်လာမဲ့ ဂိမ်းကောင်းတွေထဲက ဂိမ်းတစ်ခုကို ဒီတစ်ပတ် Preview လုပ်ပေးလိုက်ပါတယ်။ ဂိမ်းတွေက သူ့အထာနဲ့သူ Good နေတယ်ဆိုပေမဲ့ ကစားရတာ ပိုကောင်းတဲ့ ဂိမ်းတွေကိုဘဲ ဂိမ်းမာတွေက ဂိမ်းကောင်းတွေလို့ သတ်မှတ်ကြတာ များပါတယ်။ အခုလဲ ဂိမ်းကောင်းတွေဘဲ ထုတ်နေတဲ့ Electronic Arts ဂိမ်း Companyက ဒီနှစ်ထဲမှာ ဂိမ်းတစ်ခုကို ထုတ်တော့မှာပါ။ Dead Space 3 လို့ ခေါ်ပါတယ်။ နှစ်စဉ် ပြုလုပ်နေကြဖြစ်တဲ့ E 3 ပြပွဲမှာတော့ 2012 ထဲက မိတ်ဆက်ပြီးသား ဖြစ်နေပါပြီ။ Action ဂိမ်းကောင်းတွေ ကြိုက်တဲ့ ဂိမ်းမာတွေအတွက်တော့ ဒီဂိမ်းလေးက ပို အဆင်ပြေမလားဘဲ။ 2012 အကုန်လောက်မှာ ဂိမ်းတွေက ထွက်တာ ကြဲနေတယ်ဆိုတော့ အခုလို Third-Person Action ဂိမ်းလေး ထွက်လာတာ မျှော်ရကျိုးနပ်တယ်လို့တောင် ပြောလို့ရပါတယ်။ Dead Space 3 ကို မထွက်ခင်ကတည်းက ဂိမ်းပြပွဲတွေမှာ မိတ်ဆက်၊ Demo တွေ ထုတ်ပေးနဲ့ EA က နှစ်သိမ့်ခဲ့တာ အခုနှစ် February 5, 2013 US Date နဲ့ ထွက်တော့ပါမယ်တဲ့။ နှစ်စဉ် ပြုလုပ်နေကြဖြစ်တဲ့ E 3 ပြပွဲမှာတော့ 2012ထဲက မိတ်ဆက်ပြီးသား ဖြစ်နေပါပြီ။ Dead Space 3 ဆိုရင် ဘယ်လို ဂိမ်းမျိုးလဲဆိုတာ သိကြမှာပါ။

Third-Person Action ဂိမ်းတွေက Screen ပေါ်မှာ ဂိမ်းရဲ့ မြင်ကွင်းတွေရယ်၊ ဂိမ်းဇာတ်ကောင်တွေရယ်၊ ကစားတဲ့သူရယ် တစ်ခါထဲ ဆော့ရင်း မြင်တွေ့နေရတာတွေက ရင်ခုန်စရာ ပိုကောင်းပါတယ်။ Third-Person Action ဂိမ်းအမျိုးအစား ဖြစ်သလို Survival Horror ဂိမ်းအမျိုးအစားလဲ ဖြစ်တာကြောင့် ကစားရတာ ပို ရင်ခုန်ရမှာပါ။ Visceral Games Developer တွေကလဲ ဂိမ်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပေးထားပါတယ်။ ဂိမ်းရဲ့ ဇာတ်လိုက်တွေကတော့ ထုံးစံအတိုင်း အဟောင်းတွေလဲ ပါလာသလို အသစ်တွေလဲ ထပ်ထည့်ပေးထားပါတယ်။ လက်နက်တွေ ရန်သူတွေက အစပေါ့။ ဒါပေမဲ့ Dead Space 3 ထဲမှာတော့ Upgrade လုပ်ပေးထားတာ ပိုများပါတယ်။ Sergeant John Carver ဆိုရင် Dead Space 3 ရဲ့ အသစ်စက်စက် ဇာတ်ဆောင် တစ်ယောက်ပါ။ Isaac Clarke နဲ့ Ellie Langford နှစ်ယောက်ကိုတော့ တွေ့ဖူးမယ် ထင်ပါတယ်။ ဂိမ်းရဲ့ ဇာတ်လမ်းပုံစံက စစ်ဆင်ရေး တစ်ခုကို ပြီးဆုံးအောင် လုပ်ဆောင်ပေးနေရတဲ့ ပုံစံဆို ပိုမှန်ပါလိမ့်မယ်။ ဒီထဲမှာ ရန်သူတွေက ပုံစံနှစ်မျိုး ဖြစ်နေပါလိမ့်မယ်။ ဂြိုလ်သားလို ရန်သူတွေ ပါနိုင်သလို၊ Monster လို အကောင်တွေလဲ ပါနိုင်ပါသေးတယ်။ ရန်သူတွေက ကြောက်စရာ ကောင်းလောက်အောင် တိုက်ခိုက်ခြင်းကို ခံရနိုင်တဲ့အတွက် ကစားသူက သွက်လက်နေဖို့ လိုပါတယ်။ ရန်သူမျိုးစုံကို တွေ့နိုင်တဲ့ အပြင် အန္တရာယ်မျိုးစုံကိုလဲ ကြုံတွေ့ရမှာပါ။

ရန်သူမျိုးစုံအတွက် လက်နက်မျိုးစုံကိုလဲ စီစဉ်ပေးထားပါတယ်။ လက်နက် တစ်ခုချင်းစီကို ကစားသူက အသုံးပြုရမဲ့ ပုံစံတွေအတိုင်း အသုံးချသွားမှသာ ရန်သူတွေကို ရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်။ ရန်သူတွေက ဒီလောက် ကြောက်စရာ ကောင်းပါတယ်လို့ ဆိုမှ ဂိမ်းရဲ့ မြင်တွေ့ရမဲ့ ပုံစံတွေနဲ့ ရာသီဥတုတွေက ပိုပြီးတော့ ရင်ခုန်ရအောင် ဖန်တီးပေးထားတာတွေက Dead Space 3 ရဲ့ Developer တွေက ကစားသူတွေကို ပိုပြီး Tempo တက်အောင် လုပ်ပေးထားပါတယ်။ နှင်းတွေ ကျနေတဲ့ အခန်းတွေမှာဆို မှောင်နေတဲ့ကြားကနေ ထွက်လာတဲ့ ရန်သူတွေကို တိုက်ခိုက်ရတာတွေက တကယ့် တုန်လှုပ်စရာ ကောင်းပါတယ်။ PS3, Xbox 360နဲ့ PC တွေပေါ်မှာ ကစားနိုင်မှာဖြစ်တဲ့ Dead Space 3 ကို ကျွန်တော်တို့ဆီက ဂိမ်းကောင်းကောင်းလေးတွေ ကြိုက်တတ်တဲ့ ဂိမ်းသမားလေးတွေ သိရအောင် ဒီတစ်ပတ် ဒီမှျ တင်ပြလိုက်ပါတယ် ခင်ဗျား။










## Must-haves

## Movie: **The Moon Lotus**

Genre - Myanmar Drama

တောင်သမာန်အင်းတို့မှ ရှုခင်းရှုကွက်များ၊ အလင်းအမှောင် စုံလင်စွာဖြင့် ကရိန်း၊ ထော်လီ တို့ကို မှန်ကန်စွာ အသုံးချထား၍ ကြည့်ရှုသူတို့၏ စိတ်အစဉ်ကို အရိပ် တင်ကျန်ရစ်စေမည့် မြန်မာ ဇာတ်ကားကောင်း တစ်ပုဒ် ဖြစ်သည်။ ခေတ် နှစ်ခေတ်ကို နှိုင်းယှဉ် တင်ပြထားသည့်အပြင် အဓိက ပါဝင်သရုပ်ဆောင်သူများ၏ စကားလုံး အသုံးအနှုန်း၊ မျက်နှာ အမူအရာတို့ကြောင့် ဇာတ်လမ်း တစ်ပုဒ်ကို ရိုက်ပြထားခြင်းမျိုးနှင့် မတူဘဲ တကယ့် အဖြစ်အပျက်တစ်ခုကို ပိတ်ကားပေါ်တွင် ကြည့်ရှုခံစား နေရသကဲ့သို့ ရသမျိုးကို ပေးစွမ်းနိုင်မည် ဇာတ်ကားကောင်း တစ်ခု ဖြစ်သည်။ ရုပ်ရှင် ကြည့်ချင်ပြီး ဘယ်ရုပ်ရှင် ကြည့်ရကောင်းမလဲဟု ရွေးချယ်ရ ခက်နေသူများအတွက် ဤရုပ်ရှင်ကို မြည်းစမ်း ကြည့်စေချင်ပါတယ်။ ပေးလိုက်ရသော အချိန်နှင့် ထိုက်တန်သော ရုပ်ရှင်ကောင်း တစ်ခု ဖြစ်လိမ့်မည်ဟု မျှဝေလိုက်ရသည်။




## Music: **Love Tension**

by South Korean Girl Group 4Minute

Genre - K-pop

ကောင်လေးတစ်ယောက်၏ ဆွဲဆောင်မှု ရှိပုံကို ချီးကျူး ဖော်ထုတ် ပြောဆိုထားသော်လည်း မြူးကြွ သွက်လက်သော တီးလုံး၏ ဆွဲဆောင်မှုကြောင့် နားထောင်သူများကိုပါ မြူးမြူးကြွကြွ ကခုန်ချင်စိတ် ပေါ်ပေါက်လာစေသော သီချင်းတစ်ပုဒ် ဖြစ်သည်။ ညီညာလှပသော ကကွက်ဆန်းများနှင့် သစ်လွင် လတ်ဆတ်သော စကားလုံး အသုံးအနှုန်းများကြောင့် K-pop ပရိသတ်များအပြင်၊ သီချင်း မြူးမြူး နားထောင်လိုသူများ၏ သောတအာရုံကို လွှမ်းခြုံ ထင်ဟပ်စေနိုင်သော သီချင်းတစ်ပုဒ် ဖြစ်သည်။

အောင်မင်း တင်ဆက်သည်။





## Movie: **Life of Pi**

Genre - Adventure/Drama

3D ဇာတ်ကားကောင်း ကြည့်ရှုလိုသူများအတွက် ဇာတ်ကားကောင်း တစ်ပုဒ်ကို ရွေးချယ်မိတ်ဆက်ပေးလိုက်ပါသည်။ ကမ္ဘာ့ နာမည်ကျော် ရုပ်ရှင် ဇာတ်ကားများကို ရိုက်ကူး ပုံဖော်သူ ဒါရိုက်တာ Ang Lee၏ လက်စွမ်းပြသမှုများကို ရင်သပ်ရှုမောဖွယ်ရာ တွေ့မြင်ခံစားရမည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ကနေဒါ နိုင်ငံသို့ သွားရောက်သူ တစ်ဦး၏ ပုံရိပ်များကို ဇာတ်လမ်းဆင်ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ရေလမ်းခရီးကို တစ်ကိုယ်တည်း သင်္ဘောဖြင့် သွားရန် ဆုံးဖြတ်ထားသော်လည်း တစ်စီးတည်း ရှိသော လှေပေါ်ကို တိရစ္ဆာန်များနှင့် လုယူသုံးစွဲခဲ့ရသည်။ တိရစ္ဆာန်နှင့် လူသားများပင် ဖြစ်လင့်ကစား အရေးကြုံလာသောအခါ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်း ကူညီကြပုံကို အံ့သြဖွယ်ရာ ရေလမ်းခရီးမှ ရှုခင်းရှုကွက်များဖြင့် သရုပ်ဖော် တင်ဆက်ထားသည်။ လမ်းမမြင် ကမ်းမမြင် ဖြစ်နေသောလည်း နောက်ဆုံး၌ အသက်ရှင် ကျန်ရစ်ကြရန် ဖေးမ စောင့်ရှောက်ကြပုံကို 3D Animation များဖြင့် တွေ့နိုင်မည့် ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်သည်။ သနားကြင်နာမှုနှင့် နားလည် စောင့်ရှောက်မှုတို့ကို ဖော်ကျူးထားသော ရသမြောက် ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်သည်။

## New Games










### Football Superstar

Genre - Sports, Simulation

Steam၏ Online Gaming Service မှတစ်ဆင့် အခမဲ့ ဝင်ရောက်ကစားနိုင်မည့် ဂိမ်းသစ်ဖြစ်ပြီး၊ PC အတွက် သီးသန့် ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ Football Superstars ဟာ Life Style Simulation နှင့် Sports ဂိမ်းတို့ ပေါင်းစပ်ထားသော ဂိမ်းအမျိုးအစား ဖြစ်ပြီး၊ မိမိ၏ ဘောလုံးသမားကို ကိုယ်တိုင် ဖန်တီးလေ့ကျင့် နိုင်မှာ ဖြစ်သလို၊ ဘောလုံးပွဲများ အတွင်းလည်း ဝင်ရောက်ကစားနိုင်မှာပါ။

### Need For Speed World

Genre - Open World, Racing

Need For Speed Worldကို EAရဲ့ Origin Service မှတစ်ဆင့် Official Serverတွင် ဝင်ရောက်ကစားနိုင်ပြီး၊ မိမိ စိတ်ကြိုက် Custom Parts များကိုလည်း ဝယ်ယူ တပ်ဆင်နိုင်မှာ ဖြစ်ပါတယ်။ Need For Speed World ဟာ၊ Need For Speed Most Wanted နှင့် Need For Speed Carbonတို့ရဲ့ ကစားဟန်တွေကို ပေါင်းစပ်ထားတဲ့ Open World Online Racing ဂိမ်းအသစ်တစ်ခု ဖြစ်ပြီး၊ ကစားသူဟာ မိမိရဲ့ ကားများကို စိတ်ကြိုက် ပြင်ဆင်နိုင်မှာ ဖြစ်ပါတယ်။

### Wreck-It Ralph

Genre - Action, Platforming

Wreck-It Ralph ဂိမ်းဟာ၊ Disney ရဲ့ Wreck-It Ralph ရုပ်ရှင်ဇာတ်ကား၏ အဓိက ဇာတ်ကောင် ဖြစ်သည့် Ralph နှင့် Fix-It Felix တို့ နေရာမှ ဝင်ရောက်ကစားရမှာ ဖြစ်ပြီး၊ ရုပ်ရှင် ဇာတ်ဝင်ခန်း နေရာများမှာ ဝင်ရောက်ကစားရမှာပါ။ Kirby နှင့် Donkey Kong ဂိမ်းတွေလို 2D Platforming Gameplay ဖြစ်ပါတယ်။

### Persona Collection

Genre - JRPG

နာမည်ကြီး RPG Game Developer ATLUS ရဲ့ Persona ဂိမ်းဇာတ်လမ်းများတွင် ကစားသူဟာ ရန်သူများနှင့် Turn Based Battle များမှာ ဝင်ရောက် တိုက်ခိုက်ရမှာ ဖြစ်ပြီး၊ မိမိတို့၏ Persona များအား ဆင့်ခေါ်၍၊ Magic Spell မျိုးစုံကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Battle Gameplay အပြင် Simulation နှင့် Dating Sims Gameplay များလည်း ပါဝင်ပါတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

Animation Review



# JOSHIRAKU
## RAKUGO GIRLS

Episode ◆ 13
Genre ◆ Comedy, Slice of Life
Studio ◆ JC Staff

★★★☆☆

နေအောင်လတ်

Animation Studio J.C.Staff နှင့် စာရေးဆရာ Kōji Kumeta တို့ရဲ့ Joshiraku (Rakugo Girls) ဟာသ ဇာတ်လမ်းသစ်ဟာ Rakugo အမည်ရ ဂျပန်ရိုးရာ ဟာသဖျော်ဖြေရေး ပြဇာတ်ကပြတဲ့ ကောင်မလေးငါးယောက် အကြောင်းကို ဇာတ်လမ်းဆင်ထားတဲ့ Comedy နှင့် Drama အမျိုးအစား Anime Series သစ် ဖြစ်ပါတယ်။ Japan နိုင်ငံမှာ 1860 ကျော် ခုနှစ် တွေက စတင်ပေါ်ပေါက်ခဲ့တဲ့ Rakugo ပြဇာတ်တွေမှာ Rakugokaလို့ ခေါ်တဲ့ ဇာတ်လမ်း တင်ဆက်သူ တစ်ယောက်တည်းမှ ဇာတ်ကောင် နှစ်ယောက် သို့မဟုတ် နှစ်ယောက်နှင့် အထက် ပါဝင်တဲ့ ဇာတ်လမ်းကို စကား ပြောနှင့် ဟန်ပန် ထည့်သွင်း ဖျော်ဖြေရတာ ဖြစ်ပြီး ယနေ့ထိတိုင် ဂျပန်နိုင်ငံမှာ ခေတ်စားနေတဲ့ ဖျော်ဖြေမှု တစ်ခု ဖြစ်ပါတယ်။ Rakugo ပြဇာတ်တွေရဲ့ တစ်ချို့ ပျက်လုံးတွေကို နားလည်ဖို့ ဂျပန်စကား အသွားအလာ နားလည်ဖို့ လိုပြီး အချို့ ပျက်လုံးတိုင်းက English စကား ဘာသာပြန်လိုက်ရင် အရသာ ပျက်သွားနိုင်ပေမည့် Joshiraku ဇာတ်လမ်း ကတော့ Rakugo ပြဇာတ်ကတဲ့အပိုင်း ထက် Rakugo Girls တွေရဲ့ ရယ်စရာ စကားဝိုင်းတွေကို အသားပေး တင်ဆက်ထားတဲ့အတွက် Japan စကား မတတ်ရင်တောင် English Subtitle နဲ့ ကြည့်လည်း အဆင်ပြေမှာ ဖြစ်ပါတယ်။

Joshiraku ရဲ့ ဇာတ်လမ်းတိုင်းဟာ အဓိက ဇာတ်လမ်း ကျောရိုး မရှိဘဲ အဖွဲ့ဝင် ကောင်မလေး ငါးယောက်ရဲ့ ရောက်တတ်ရာရာ စကားလှည့်ပတ် ပြောကြတဲ့ စကားဝိုင်းမှ ရယ်စရာ အဖြစ်အပျက်များနှင့် Tokyo Tower နှင့် Akihabara တို့လို Japan နိုင်ငံရဲ့ နာမည်ကြီး နေရာများကို သွားရောက် လည်ပတ်ပြီး ဟာသတွေ ပြောကြပုံများ ပါဝင်မှာပါ။ Joshiraku ဇာတ်လမ်းရဲ့ အဓိကဇာတ်ကောင် ကောင်မလေး ငါးယောက်ရဲ့ အမည်ကို Rakugo performers တွေရဲ့ Stage Name ပုံစံအတိုင်း "Tei" နှင့် အဆုံးသတ်ထားတာ တွေ့ရပြီး Marii Buratei, Kigurumi Harōkitei နှင့် Tetora Bōhatei စသည်ဖြင့် အမည်ပေးထားတာ တွေ့ရပါတယ်။ Character ဒီဇိုင်းပိုင်းကို ခုနောက်ပိုင်း High School နှင့် Moe' animation Series တွေမှာလိုမျိုး အရမ်းကြီး ချစ်ဖို့ကောင်းအောင် တမင်မဆွဲထားပဲနဲ့ ဆံပင်ရောင်စုံတွေက လွဲလို့ ကျန်တဲ့အပိုင်းတွေကို သဘာဝကျကျ ဆွဲထားပြီး Voice Acting ပိုင်းနှင့် လှုပ်ရှားမှု Character Movement Animation ပိုင်းတွေ ကောင်းမွန်တဲ့အတွက်ကြောင့် ဇာတ်ကောင် ငါးယောက်လုံးက တစ်ယောက်နှင့် တစ်ယောက် ပုံစံ ကွဲပြား နေတာ တွေ့ရမှာပါ။ အပိုင်း ၂ ပိုင်း ၃ ပိုင်း လောက် ကြည့်ပြီးတာနဲ့ ဇာတ်ကောင် တစ်ယောက်ချင်းဆီရဲ့ Personality တွေကို ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။

Joshiraku မှာ ပုံမှန်ဟာသ ဇာတ်လမ်းတွေ အပြင် အခြား Anime နှင့် Manga ဇာတ်လမ်းများ၊ ပြင်ပမှ အဖြစ်အပျက်များကို သရော်ထားတဲ့ Satire ပိုင်းလေးတွေ ပါဝင်သလို တစ်ချိန်လုံး စကားပြောနေတဲ့ ဇာတ်လမ်းကို စာအုပ်ဖတ်ရင် အလုပ်ဖြစ်နေရဲ့သားနဲ့ ဘာလို့ Animation ဇာတ်လမ်းဆွဲ နေသေး လည်း ဆိုပြီး ကိုယ့်ဇာတ်လမ်းကိုယ် ပြန်လည် သရော်ထားတဲ့ ပုံစံမျိုးလေးတွေ ပါဝင်တဲ့အတွက် Satire နှင့် Parody ဟာသတွေကို နှစ်သက်သူတွေလည်း သဘောကျမှာပါ။ Lucky Star နှင့် Sayonara Zetsubou Sensei လို ဇာတ်လမ်းတွေကို ပေါင်းစပ်ထားတဲ့ Joshiraku ဟာ တစ်ချို့ပျက်လုံးတွေကို နားလည်ဖို့ Japan စကား အခြေခံတတ်ဖို့ လိုအပ်ပေမည့် Comedy နှင့် Slice of Life ဇာတ်လမ်း နှစ်သက်တဲ့ ပရိသတ်များကတော့ သဘောကျမှာ ဖြစ်ပါတယ်။







NEW YEAR. NEW YOU. NEW KNOWLEDGE. NEW SUBSCRIPTION.




FOR 3 MONTHS K6500
FOR 6 MONTHS K13000
FOR 1 YEAR K23000

GET 1 MONTH FREE FOR ONE YEAR SUBSCTIPTION
CALL NOW 01-430-897 01-553-918 OR CIRCULATION@MYANMARICT.COM

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Iphone, Nokia, HTC, Sony Ericsson,Samsung S2 S3 Note, Note2 ,Huawei.Ipod4g/5g Ipad1/2/3 Iphone 3gs/4g/4s/5g |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Laptop, Notebook, Netbook, MacbookPro, Macbook Air, all kind of Tablet, External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-51-78-391 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Acer Aspier 4741G Core i3(intel Core i3,Ram 2GB,H.D.D 500GB,Garaphic: Nvidia 512 MB,DVD/ RW ) |
| Quantity | 1 |
| Price | K 280,000 |
| Contact | 09-450-039-844 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | ASUS ZENBOOK UX21E( intel Core i7 Ram 4GB, S.S.D 64GB, Graphic: Intel HD 3000, External DVD/RW ) |
| Quantity | 1 |
| Price | K 850,000 (ညှိနှိုင်းဈေး) |
| Condition | Used |
| Description | iPhone 4G White 32GB With Original Box & Accessories (ios 5.0.1) |
| Quantity | 1 |
| Price | K 330,000 |
| Condition | Used |
| Description | iPhone 4G White 16GB With Original Accessories (ios 5.1.1) |
| Quantity | 1 |
| Price | K 290,000 |
| Condition | Used |
| Description | Samsung Galaxy Note 10.1 |
| Quantity | 1 |
| Price | K 380,000 |
| Contact | 09-450-039-844 |
| Condition | Used |
| Description | MacBook Pro 15-inch, Core i7, SSD 500G, 8GB RAM |
| Quantity | 1 |
| Price | K 1,490,000 |
| Contact | 01-430-013 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | Used iPhone 3GS/4G/4S/5, iPad 1/2/3/4/Mini (Wifi Only & Wifi +3G) iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | External Hard disk, All Kind of China 3G Tablet & Portable Video Camera and DVCam |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung S Plus, S2, S3, Galaxy Note, Note2, SonyEricsson, HTC, Huawei, Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop, Laptop, Notebook, NetBook, Ultrabooks, Mac Book Pro, Mac Air, iMac, Mac Mini, Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-48-106 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | Apple Iphone, Samung, HTC, LG, Sony, Huawei, Nokia, Ipad, Ipod |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Notebook, Macbook Pro, Macbook Air, Laptop, Netbook, All kind of Tablet & Sony PSP External Harddisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376-420 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Chest Freezer(brand - Glacier, width - 2' 9", height - 4' ) |
| Quantity | 1 |
| Price | K 250,000 |
| Condition | Used |
| Description | Chest Freezer(brand - Super Cool, width - 2' 8.5", height - 3' 4" ) |
| Quantity | 1 |
| Price | K 200,000 |
| Contact | 01-430013, 01-553981 |

# အခမဲ့ ဝန်ဆောင်မှု

NEW YEAR. NEW YOU. NEW KNOWLEDGE. NEW SUBSCRIPTION.







FOR 3 MONTHS K6500
FOR 6 MONTHS K13000
FOR 1 YEAR K23000

GET 1 MONTH FREE FOR ONE YEAR SUBSCTIPTION
CALL NOW 01-430-897 01-553-918 OR CIRCULATION@MYANMARICT.COM

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# ဘွဲ့လား လက်မှတ်တွေလား အတွေ့အကြုံလား

မနောဖြူလေး




*Image Credit: via offilineman - tumblr.com*

အများအားဖြင့် ခုနောက်ပိုင်း ဖြစ်နေတာတွေက လုပ်ငန်းခွင်မှာ အငြင်းပွားစရာက ဘွဲ့ရတဲ့သူကို ခန့်မှာလား၊ လက်မှတ်တွေ ပိုင်ဆိုင်ထားသူကို ခန့်မှာလား၊ ဒါမှမဟုတ် အတွေ့အကြုံ ရှိသူတွေကိုပဲ အလုပ်ခန့်မှာလားဆိုတဲ့ ပြဿနာ တစ်ရပ်ပါပဲ။ အလုပ်ခေါ်တိုင်း ဘွဲ့ရ ဖြစ်ရမည်၊ ဒီပလိုမာ တတ်ရမည်။ ဘာဖြစ်ရမည်ဆိုတဲ့ အသက်အရွယ် ကန့်သတ်ချက်တွေနဲ့မှ မလိုက် ခေါ်တဲ့ ဟာတွေက အလုပ်ရှင်ထက်တောင် ဆရာကျတဲ့ အရာတွေ ဖြစ်နေတာကို တွေ့ရှိနေရပါတယ်။ ယခု လူအတော် များများက ပြောနေကြတယ်။ အလုပ်တွေ ဒီလောက် ခေါ်နေတာ ဘာလို့ အလုပ်လက်မဲ့တွေ ပေါနေတာလဲဆိုတဲ့ စကားတွေ ကြားနေရပါတယ်။ ကဲ ဟုတ်ပါပြီ။ လက်မှတ်တွေက နေရာတိုင်းမှာ တက်ရင် ခုတက် ခုရ ခေတ် ဖြစ်နေပြီ၊ ဒီတော့ လူတိုင်း အထင်မကြီးတော့တာကြောင့် ဘွဲ့ရ ဆိုတဲ့ ဂုဏ်ပုဒ်ကို ထည့်ထားတယ် ဆိုရအောင်ကလည်း ခန့်မယ့် ကုမ္ပဏီက ဘွဲ့နဲ့ သက်ဆိုင်လား ကြည့်ပြန်တော့ ဒါလည်း မဟုတ်ပြန်ပါဘူး။ လက်မှတ်တွေက ပိုက်ဆံရှိတဲ့ သူတိုင်း တက်လို့ ရတဲ့ အရာဆိုပေမယ့် ဘွဲ့ကတော့ ခုနည်းပညာ ခေတ်မှာ တစ်ခုလောက်တော့ ရထားသင့်တဲ့ အထဲမှာ ပါဝင်နေပါတယ်။

ယခုနောက်ပိုင်း အလုပ်ခေါ်စာတွေ တိုင်းမှာ အရာအားလုံး ပြည့်စုံတဲ့သူ ပါရှိလာမယ် ဆိုရင်တော့ အလွန်တရာ ကံကောင်းတဲ့ ကုမ္ပဏီတစ်ခုတော့ ဖြစ်မှာပါပဲ။ ဘာတဲ့ ဘွဲ့ ရ ရမည်။ သက်ဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ် ရှိရမည်။ နေပါဦး။ ခေါ်တော့ စာရင်းကိုင် ရိုးရိုး အောက်ခြေအဆင့်၊ တတ်ရမယ့် ပညာတွေက ဘွဲ့ရ၊ ဘွဲ့တောင်မှ ဘီကွမ်း တို့ နောက် ရှိပါသေးတယ်။ LCCI I, II, III အောင်ရမယ့်အပြင် ACCA တောင် Part I တို့ Part II တို့ အောင်ရမယ်၊ ဒါ့အပြင် အင်္ဂလိပ်စာကလည်း 4 Skills ကျွမ်းကျင်ပြီး၊ Computer မှာလည်း တော်ရမယ့်အပြင်၊ Software တွေလည်း အသုံးပြုတတ်ရမယ် ဆိုတဲ့ ခေါ်စာတွေ မှိုလို ပေါက်လာတာ တွေ့ရှိရပါတယ်။ ဒီလောက် တတ်နေမှတော့ သူတို့မှာ လစာလေး ၇ သောင်း၊ ၈ သောင်းနဲ့ လာလုပ်ချင် ကြပါတော့မလား ဆိုတာလည်း ထည့်စဉ်းစား သင့်ပါတယ်။ အလုပ်ခေါ်စာတွေမှာတော့ ဘွဲ့ရဖြစ်မည်လို့ ပါနေကျပဲ။ ဘွဲ့ ရလာပြန်တော့ မာစတာ လားတဲ့ ဖြစ်ပြန်ရော။ အလုပ်က ကွန်ပျူတာ အော်ပရေတာ လောက်။ အင်တာဗျူးမှာ မေးလိုက်တာတွေကတော့ မာစတာ ဆက်တက်ဖို့ အဆင့် မှီသလားတို့၊ တစ်ခါတလေ ဘွဲ့လက်မှတ်တွေက ရိုးရိုး လက်မှတ်လောက်တောင် အသုံးမဝင်သလို အငြင်းခံလိုက်ရရင် ဘယ်လောက်များ ခံစားကြရလိမ့်မလဲ။ တချို့ကလည်း ရုပ်ချောမှ ဆိုတာတွေ ထည့်ထားတော့ ရုပ်ရည် မပြေပြစ်တဲ့ သူတွေကပဲ ထမင်းငတ် သေရတော့ မလိုလိုနဲ့။

နောက် ရှိပါသေးတယ်။ ခေါ်တာတွေက သူများနဲ့ မတူအောင် စတန့် ထွင်တာတွေ လည်း တွေ့ရသေးတယ်။ ဘွဲ့မလို၊ လက်မှတ် မလို၊ ကျွမ်းကျင်သူကိုသာ ခန့်မည်ဆိုတော့၊ ဘွဲ့တွေ၊ လက်မှတ်တွေ ရအောင် လုပ်နေသူတွေကပဲ ပေါတောတောတွေကို ဖြစ်လို့။ အဲ တချို့ကျပြန်တော့ ဘာမှ မလိုပဲ၊ အလုပ် အပေါ် စိတ်ဝင်စားမှု ရှိသူတိုင်း အတွေ့အကြုံ မလို ဆိုတာတွေလည်း ခေါ်စာတွေမှာ တွေ့နေရတာ ဒုနဲ့ ဒေးပါပဲ။

ကျွန်မ တစ်ခါတလေ မေးကြည့်ချင်တာ ရှိတယ်။ ဘွဲ့တွေ၊ ဒီဂရီတွေ၊ လက်မှတ်တွေ အကုန် တန်းစီရထားတဲ့ သူတွေကို ဘယ်လိုမျိုး လစာတွေများ ပေးကြမှာပါလဲ ဆိုတာပါပဲ။ ဟုတ်ပြီ ဒါဆိုရင် လူတစ်ယောက်ရဲ့ အမှန်တကယ် တတ်ကျွမ်းမှုကို ဘာနဲ့ တိုင်းတာကြမလဲ။ ဘွဲ့လက်မှတ်နဲ့ တိုင်းတာကြမလား။ တကယ့် လုပ်ဆောင်နိုင်စွမ်း ကျွမ်းကျင်မှုနဲ့ တိုင်းတာကြမလား။ လက်မှတ်၊ ပညာ၊ လုပ်ငန်း အတွေ့အကြုံတွေဆိုတာ အားမျှခြေအနေနဲ့ ချိန်ခွင်ညှာထိန်းသလို ထိန်းနိုင်ရင်တော့ ကောင်းပါတယ်။ ဘယ်နေရာမဆို ဘွဲ့လည်း မရှိ၊ လက်မှတ်လည်း မရှိ၊ ရှိတဲ့ဘွဲ့နဲ့ လက်မှတ်က လုပ်နေတဲ့ လုပ်ငန်းနဲ့လည်း အံ့ဝင်ခွင်ကျ ဘာမှ မဆိုင်ဘဲ လုပ်ငန်း အတွေ့အကြုံ အနှစ် ၁ဝ၊ ၁၅ နှစ်လောက်နဲ့ လူတွင်ကျယ် လုပ်နေကြသူတွေလည်း အများကြီးပါပဲ။ တချို့ကျပြန်တော့ ဘယ်သူ့ သမီး မို့လို့၊ ဘယ်သူ့ သားလေးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ဘာမှတောင် မလိုပဲ အလိုလို ဝင်သွားတာတွေကျတော့ ဘယ်လိုတိုင်းတာ သတ်မှတ်ကြပါသလဲ။ လူငယ် အတော် များများ ဖြစ်နေတာတွေက မိဘကလည်း ထောက်ပံ့နိုင်၊ ကိုယ်တိုင်ကလည်း အပျင်းပြေ သဘောနဲ့ သင်တန်းပေါင်းစုံတွေ တက်ပြီး လက်မှတ်တွေ တစ်ပွေ့တစ်ပိုက်နဲ့၊ ဘာအလုပ်ကို ဝင်လုပ်နေပြီလဲ မေးရင် ဘာမှ မလုပ်သေးကြတာတွေလည်း တောင်လို ရာလို ပုံနေတာကို တွေ့ရှိရပါတယ်။ ကိုယ့်ကံကပဲ မွေးလာကတည်းက အလုပ် လုပ်ရမယ်ဆိုတဲ့ ကံဇာတာများ ပါလာလေသလားပါပဲ။ ဘဝတွေက မတူကြဘူးကိုး။

ဘယ်လက်မှတ်ကတော့ ဘယ်လုပ်ငန်း အတွက် အထောက်အကူ အမှန်တကယ် ပြုနေပါပြီလို့ ဘယ်သူမှ ချပြလို့ မရသေး ပါဘူး။ လက်မှတ်လိုချင် အလွယ်လေး။ ဈေးကွက်စီးပွားရေးအရ လက်မှတ်တွေကို ငွေနဲ့ ဝယ်လို့ ရနေတဲ့ ခေတ် အခြေအနေ ဖြစ်နေတယ်လေ။ ဘာကြောင့်လဲဆိုတော့ ဖြေချင်သူက ငွေပေးပြီး ဖြေနေရသလို၊ ဖြေနိုင်ဖို့ ငွေကြေးနဲ့ စီစဉ်ပေးသူတွေက လည်း စီစဉ်ပေးနေတော့ အရောင်းအဝယ် သဘော အသွင်ဆောင်နေတာကို တွေ့ရှိရတယ်။ လက်မှတ်တွေ ဆိုတာက လည်း အလုပ်ခွင် နေရာအလိုက် သူ့ လက်မှတ်နဲ့သူ တန်းစီနေတာကိုး။ သင်တန်းတစ်ခု လာတက်ရင် အရင်ဆုံး စုံစမ်းတာက၊ ကိုယ်နဲ့ တက်ရမယ့် ဘာသာရပ် သင်တန်းနဲ့ ကိုက် မကိုက်၊ မဟုတ်ပဲ သင်တန်းဖြင့် မတက်ရသေးဘူး သင်တန်း ပြီးရင် အလုပ်ရ မလားဆိုတဲ့ မေးခွန်းတွေက အရင် မေးနေကြပြီလေ။ ဒီတော့ မေးလာတိုင်းလည်း ကျွန်မက ပြန်ပြောလေ့ ရှိတာက လက်မှတ်ဆိုတာ အလုပ် ရမယ်လို့ အာမခံချက်တွေ မပေးနိုင်ဘူး။ ဒီလက်မှတ်ရရင် ဒီအလုပ်ရမယ်လို့ နောက်ပိုင်းမှာ ဘယ်သူမှ အာမခံချက် မပေးနိုင်ဘူး။ လူအတော်များများက ရနိုင်ကောင်းရဲ့ဆိုပြီး မျှော်လင့်ချက်နဲ့ အရယူနေကြတဲ့ သဘောပဲ။ အဓိက စိတ်ထဲထားဖို့က ကိုယ်က ပိုက်ဆံကုန်တဲ့အပြင် အချိန်ကုန် လူပန်း ဖြစ်နေမှာဆိုတော့ ကိုယ်တက်မယ့် သင်တန်း အမျိုးအစားက ကိုယ့်နဲ့ အဆင်ပြေပြီး၊ ဝါသနာရှေပါရဲ့လားဆိုတာ အရင်ဆုံး မိမိဘာသာ သုံးသပ်သင့်တယ်။ ခုတော့ ဒီလို မဟုတ်ပါဘူး။ သင်တန်းဖြင့် မတက်ရသေးဘူး၊ အလုပ်ရရင် လစာက ဘယ်လောက် ပေးမှာလဲ၊ ဒီ သင်တန်းပြီးရင် အလုပ် တန်းရမှာလား ဆိုတာတွေကို ပြန်ဖြေလေ့ ရှိတာကတော့ ကိုယ်ရဲ့ အရည်အချင်း ကြိုးစားမှုအပေါ်ပဲ မူတည် ပါတယ်လို့ ပြောလိုက်ရပါတယ်။

အမှန် ပြောရရင် ကိုယ့်မှာ လက်မှတ်တွေ ဘယ်လောက်တောင် ကိုင်ထားတယ် ဆိုတာ ကိုယ်ကမှ ထုတ် မပြောရင် ဘယ်သူ သိနိုင်မှာလဲ။ ဘယ် လက်မှတ်ဟာဖြင့် ဘယ် တန်ဖိုး ရှိပါတယ်လို့ ပုံသေ ပြောနိုင်လို့လား။ လက်မှတ်တစ်စောင် ရဖို့ ဆိုတာကလည်း လွယ်တဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ တက်ရမယ့် လက်မှတ် အတွက် အချိန်ပေးရမယ်... နောက် ငွေပေးရမယ်။ စာမေးပွဲကြေးဆိုတဲ့ ဂန်ထုပ်ဂန်ပိုး ရှိတဲ့ လက်မှတ်တွေလည်း ရှိပါသေးရဲ့။ နောက် ဦးနောက်ကလည်း အလုပ် လုပ်ရသေး၊ အတော် မလွယ်တာ ပါပဲ။ တချို့ကုမ္ပဏီတွေ ကျတော့ ခန့်အပ်ပြီး ဝန်ထမ်းတွေအတွက် သီးသန့် သင်တန်းလေးတွေ ဖန်တီးပေးကြတာလည်း တွေ့ရပါတယ်။ တချို့လုပ်ငန်းခွင်တွေမှာ ကျတော့ တိုးတက်မြင့်မားအောင် ကြံဆောင်နေမယ့်အစား ဘတ်ဂျက်တွေ ဖြတ်ပြီးရင်း ဖြတ်နေကြတော့၊ ဝန်ထမ်းတွေကို သင်တန်းလည်း မပေးနိုင်၊ မသိချင်ယောင်ဆောင်ပြီး သူ တတ်ချင် သူ ရှာလိမ့်မှာပေါ့လို့ လွှတ်ထားလိုက်ပြန်တော့ လည်း၊ ဒီလောက်လေးနဲ့ မေ့နေလည်း ရနေတာပဲဆိုတဲ့ စိတ်ဓာတ်နဲ့ ဘယ်သူမှ တတ်အောင် တော်အောင် မလုပ်ကြပဲ ဒီလိုနဲ့ ဆုပ်ကပ်ကို တဖြည်းဖြည်း ရောက်မှန်း မသိ ရောက်လာကြရတယ်။

ကျွန်မတွေ့တဲ့ ကုမ္ပဏီတချို့ကတော့ ဝန်ထမ်းတွေကို အဖွဲ့ ခွဲပြီး အင်္ဂလိပ်စာ သင်တန်းတွေ၊ တရုတ်စာ သင်တန်းတွေ ပေးတက်ကြတာ တွေ့ဖူးပါတယ်။ အတော် ကောင်းတဲ့ ရည်ရွယ်ချက်ပါပဲ။ သင်တန်း တက်တယ် ဆိုတာကလည်း အလုပ်ခွင်နဲ့ မတူပါဘူး။ စိတ်ကို အလုပ်ခွင်ကနေ အနားပေးပြီး ရှိနေတဲ့ ကြွက်သားတွေကို နိုးကြားအောင် ပြုလုပ်စေတဲ့အတွက် စိတ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေပါ တယ်။ အလုပ်ရှင်တွေက ကိုယ့်ဝန်ထမ်း တွေကို သင်တန်းတွေလည်း မတက်နိုင်း၊ လက်မှတ်လည်း ထပ်မယူနိုင်းတာဟာ သူတို့ အိတ်ထဲက ပိုက်ဆံတွေ လျော့သွားမှာ စိုးရိမ်လို့ ဖြစ်ပါတယ်။ ရေမြင့်ရင် ကြာမြင့်တယ်ဆိုတဲ့ သဘော တရား အတိုင်းပါပဲ။ ဝန်ထမ်းတွေ အသိပညာ မြင့်မားအောင် လုပ်ပေးတာဟာ လုပ်ငန်းခွင် တိုးတက်ရေးအတွက် အများကြီး အထောက်အကူ ပြုတယ်လို့ သိမြင်တဲ့ အလုပ်ရှင်တွေ အတော်လေး များနေပြီလို့ သင် ထင်ပါသလား။ လုပ်ငန်းခွင်မှာ ပညာပေးဖို့ လက်တွန့် တတ်တဲ့ အလုပ်ရှင်တွေဟာ ကိုယ်ပေးသလောက်ပဲ ပြန်ရတတ်တယ် ဆိုတာ သဘောပေါက် နားလည်ထား ရပါလိမ့်မယ်။

ခုခေတ် လူငယ် အတော်များများကတော့ လက်မှတ်တွေ ပုံနေလည်း အလုပ် မလုပ်ကြတာ ဘာကြောင့်လဲ ဆိုတော့ အိမ်က မိဘတွေက မလုပ်ခိုင်းသေးတာ လို့လည်း လေ့လာ တွေ့ရှိရပါတယ်။ ဒါဆို ရင်တော့ ဟုတ်ပြီ ဘယ်အချိန် ဘယ် အရွယ်ကျမှ အလုပ်ခွင်ထဲ ဝင်ခိုင်းကြမှာလဲ ဆိုတာလည်း စဉ်းစားစရာ ဖြစ်လို့ နေပါ သေးတယ်။ ကဲ ဒီတော့ ဘယ်နေရာပဲ ရောက်နေ ရောက်နေ ရောက်နေတဲ့ နေရာကနေ ရှေ့ကို ဆက်လျှောက်ပါလို့ အကြံပေးပါရစေ။ အကောင်းဆုံး အကြံ ပေးချင်တာကတော့ ကာလ၊ ဒေသ၊ ဌာနနဲ့ လိုက်လျောညီထွေ ရှိမယ့် လက်မှတ်မျိုးသာ သင် အမှန်တကယ် ပိုင်ဆိုင်ဖို့ အသင့် လျော်ဆုံးနဲ့ အကောင်းဆုံးပါလို့ အကြံ ပြုပါရစေ။

လက်မှတ်ပါပါ မပါပါ ပေးသမျှ ကြိုက်ဈေးအတိုင်း ညှိယူပြီး ခိုင်းတိုင်း လုပ်နိုင်ရင်လည်း အဆင်ပြေနေကြတဲ့ ကုမ္ပဏီတွေမှာ ဝင်လုပ်နေသူတွေအတွက် အထွေအထူး လက်မှတ်တွေ စိတ်ကူးယဉ် နေစရာ မလိုဘူးပေါ့။ ဒီတော့ ဒီလက်မှတ် ရလာရင် ဒီလောက် ကြေးပေးမယ်လို့ ပြောင်ပြောင် တင်းတင်း ကြေးခေါ် ထားရင်လည်း၊ စိတ်ဝင်စားဖို့အတွက် လက်မှတ်တွေ ကိုင်ဆောင်ထားသင့်ပါပြီ။

အင်း ဘွဲ့အကြောင်း၊ ဒီဂရီအကြောင်း၊ လက်မှတ်အကြောင်းတွေ စိတ်ပျက် လောက်အောင် ပြောနေသလား ဆိုပြီး တော့လည်း စိတ်ဓာတ်တွေ ကျမသွားပါနဲ့။ နည်းပညာ တိုးတက်လာတဲ့ ခေတ် ရောက်လာပြန်တော့ ဒါတွေ မလိုဘူးလား ဆိုတော့လည်း၊ လိုပါလိမ့်မယ်။

ကျွန်မကိုတော့ အိမ်က ပြောပါတယ်။ သေဖြင့် သေတော့မယ်၊ သင်တန်းတွေ တက်လို့ကို မပြီးနိုင်ဘူးတဲ့လေ။ တက်လိုက် ရတဲ့ သင်တန်းတွေတဲ့။ ဟုတ်ပါတယ်။ ကျွန်မကလည်း ပြန်ပြောလိုက်ပါတယ်။ သေသာ သွားမယ် သင်တန်းတွေ ကတော့ တက်လို့ ပြီးမှာ မဟုတ်သလို၊ ပညာဆိုတာ ငယ်တယ်၊ ကြီးတယ်နဲ့ မဆိုင်ပါဘူးလို့ ပြန်ပြောမိပါတယ်။ ဟိုးအရင်တုန်းကတော့ ဘွဲ့လေး ရတာနဲ့ ဓာတ်ပုံ မှန်ဘောင်လေး လုပ်ပြီး အိမ်ဦးခန်းမှာ ချိတ်ဆွဲထားပြီး၊ လာသမျှကို ကျွန်မ သမီးလေ ဘာ ဘွဲ့ ရတာတို့၊ ဘာတို့ ကြွားလို့ ရနေပေမယ့်၊ ခုခေတ်မှာတော့ လက်မှတ်ဆိုတာ အိမ်ဦး ခန်းမှာ မှန်ဘောင်သွင်း ချိတ်ထားလည်း ဘယ်သူမှ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ကိုယ်က ၃၊ ၄ စောင်လောက် ချိတ်ထားရင် အိမ်နံရံ မဆန့်လို့ ဖိုင် တွဲထားရသူတွေ ရှိနေသေးတယ်လို့ မှတ်ယူထားလိုက်ပါ။ ဒီတော့ ဘယ်နေရာပဲ ရောက်ရောက် လိုအပ်ချက်တွေကတော့ ရှိနေဦးမှာ ဖြစ်တဲ့ အတွက် ကိုယ်သွားမယ့် လမ်းနဲ့ ကိုယ် သင်ယူနေတဲ့ ဘာသာရပ်နဲ့ အချိန်ကုန် လူပန်း ဖြစ်ပြီး ဘဝတစ်သက်တာ လျှောက်ရမယ့် လမ်း အံ့ဝင်ခွင်ကျနဲ့ စိတ်ချမ်းသာဖို့သာ အဓိက ဖြစ်ပါကြောင်း ပြောလိုက်ပါရစေတော့ ရှင်။

# လုပ်ငန်းခွင်အတွင်း ဖားများအကြောင်း

မနောဖြူလေး



Image Credit: via successfulworkplace.com

## ဖားရဲ့အဓိပ္ပာယ်

ဖားရဲ့အဓိပ္ပာယ်ကတော့ သူဌေးက ပေးထား၊ ကျွေးထားသူ လုပ်ငန်းခွင်အတွင်း မျက်စိ ဒေါင့်ထောက် ကြည့်ပြီး သူဌေးကို အတို့အထောင် ပြန်လုပ် သူဌေး ယုံကြည်အောင် ပြောဆိုနေသူများကို ဆိုလိုခြင်း ဖြစ်ပါသည်။ သူဌေးက မမေး ရသေးဘဲနဲ့ တစ်လုံး မကျန် အိပ်သွန် ဖာမှောက် အူမချေး ခါးမကျန် ပြန်လည် တင်ပြကြသည်များကို ဆိုလိုပါသည်။ ကောင်းသတင်းကို ပြန်မပြောပဲ မကောင်း သတင်းကို ပြန်လည် ဖြန့်သည် များကို ဖားလို့ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

## သတ်ဖားရဲ့ရာဇဝင်

သတ်ဖားရဲ့ရာဇဝင်ကတော့ သူဌေးက မွေးထားတဲ့ ပုဂ္ဂိုလ်ကို ခေါ်ဆိုတာ ဖြစ်ပါသည်။ လုပ်ငန်းခွင်အကြောင်း ကောင်းကောင်း နားလည်တဲ့သူပေါ့။ မိမိ သူဌေးအပေါ် သစ္စာ မရှိတဲ့ ဖားကို သတ်ဖားလို့ ခေါ်တာပါ။ သူဌေးကတော့ သူမွေးထားတဲ့ ဖားကို ယုံကြည်ပြီးသား ပြောသမျှ ယုံနေတဲ့ သူပါပဲ။ ဒါပေမယ့် သတ်ဖား ဆိုတာမျိုးက ဘနဖူး သိုက် တူးမယ့် လူသားဆိုလည်း မမှားပါဘူး။ သူဌေးက သတ်ဖား ပြောသမျှ နားယောင်ပြီး ဟိုဟာ လုပ် ဒီဟာ လုပ် မြှောက်ထိုးပင့်ကော် အလုပ်တတ်ဆုံးကတော့ သတ်ဖား ပါပဲ။ အများအားဖြင့် သူဌေး လူယုံလို့ ကိုယ်ဘာသာ နာမည် တပ်ထားကြပြီး သူဌေးရဲ့ ကားကို မောင်းပေးရတဲ့ သူတွေက ဘယ်သူကတော့ ဘယ် နေရာမှာ ဘယ်လို နေတယ်။ ဘယ်လို အလုပ် မလုပ်ဘူး။ ဘာလုပ် နေကြတယ် ဆိုတဲ့ အမြင်နဲ့ ရမ်းသမ်းပြောပြီး သူဌေးရဲ့ အိမ်ခွေး အဆင့်လောက်ပဲ ရှိပြီး တစ်ဖက်သားအပေါ် မကောင်းမြင်ဂါဒတွေ စွဲကိုင်ထားသူ ဖြစ်တဲ့အပြင် မကြည်တဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းနေလေ့ ရှိကြပါတယ်။

## ဖားပျံ

ဖားပျံရဲ့သဘောက ဖားတတ်တဲ့ သူကို သူဌေးက အမြဲ လိုတာတွေ ထောက်ပံ့နေရင် အရမ်း သဘော မနော ခွေနေတတ်ပြီး အဆင် မသင့်လို့ သူဌေးက သူ့ကို နည်းနည်း လေးများ ဆူမယ် ဟောက်မယ် မလုပ်လိုက်နဲ့ သူဌေး ပေးတာထက် ပိုပေးတတ်တဲ့ သူဆီကို အချိန်မရွေး ကူးပြောင်းသွားတတ်တဲ့ သူမျိုး ကျတော့လည်း ဖားပျံ အမျိုးအစားမှာ ပါတယ်လေ။ ဘာလို့လဲဆိုတော့ သူက ဒီမှာ သူဌေးကို ဖားလို့ မရတော့မှန်း သိတော့ ဖားလို့ ရမယ့် နေရာ ဘယ်နေရာကို သွားရမလဲဆိုတာ ကြိုတင်စိတ်ကူး အကောင်အထည် ဖော်တတ်ခြင်းကို ဖားပျံ အမျိုးအစားလို့ ခေါ်လို့ ရတာပေါ့။

## ရာဘာဖား

ရာဘာဖားရဲ့ ဆိုလိုချက်ကတော့ ကိုယ် လုပ်နေတဲ့ လုပ်ငန်းခွင်မှာ ကိုယ်က နေရာ ရအောင် လုပ်နေတယ်။ သူဌေးရဲ့ ရှေ့မှာ ကိုယ်ပဲ အလုပ် လုပ်တယ်။ သူများက အလုပ် မလုပ်တဲ့ ပုံစံနဲ့ ဂိုက်ပေး ကြမ်းတတ်ကြတယ်။ ဖားတဲ့ နေရာမှာလည်း နစ်ယောက် မရှိဘူး။ အလုပ်ခွင်အတွင်းမှာ အဖွဲ့အစည်းနဲ့ မနေတတ်ပဲ တစ်ဦး တစ်ယောက်ထဲ တသီးတခြား နေထိုင် တတ်ပြီး အလိုလိုသူများကို အပြစ်ကျ အောင် လုပ်ဆောင်တတ်သူတွေ ဖြစ်တတ် ကြပါတယ်။ ဒီလို လူမျိုးတွေက သူ့ကို ပစား မပေးတော့ဘူး။ နေရာ မပေးတော့ဘူးဆိုရင် အလုပ်မှာ မပျော် မွေ့တော့ဘဲ တခြားနေရာ သွားဖို့ စိတ်ကူးကြတော့တာပါပဲ။ ဒီလိုနေရာ ပြောင်းသွားတာတောင် တခြားနေရာ ရောက်သွားရင် ဒီသူဌေးရဲ့ကောင်းကြောင်း ပြောဖို့ထက် မကောင်းကြောင်းပြောဖို့ တာစူနေ တတ်ကြပါတယ်။ ရာဘာတွေလို ပြန်ကန်တတ်တဲ့ သဘောကို တွေ့ရှိရတာ ကြောင့် ရာဘာဖားလို့ သတ်မှတ်လို့ ရတာ ဖြစ်ပါတယ်။

အများအားဖြင့် လာတဲ့ ပတ်ဂန်းကျင် ကြောင့်လား၊ ပြောင်းလဲမှုတွေ ဖြစ်တာလား ဆိုတဲ့ အတွေးတွေ ဖြစ်ဖူးပါတယ်။ ဒါပေမယ့် နေရာတိုင်းမှာ အနည်းနဲ့ အများ ကတော့ ရာထူး ကြီးသူတွေမှာလည်း တွေ့ရှိ ရတဲ့ အချက်ကတော့ အထက်ဖား အောက်ဖိတွေ များပြားနေတာကြောင့် အလုပ်ခွင်တွေ အတွင်းမှာ စည်းလုံး ညီညွတ်မှုတွေ ပြိုကွဲကြပြီး အလုပ် လုပ်ရင်း မပျော်မွေ့ကြတာတွေ များနေတာကို တွေ့ရှိ နေရပါတယ်။ ဒီလို လူမျိုးတွေ ဘာကြောင့် ရှိနေသလဲ။ စိတ်ဓာတ်တွေကို မပြုပြင်သရွေ့တော့ လူအများနဲ့ အစေးကပ်မှာ မဟုတ်ပဲ လုပ်ငန်း တိုးတက်မှုတွေလည်း နှောင့်နှေးနေကြမယ်လို့ ကျွန်မ မြင်မိတဲ့ အတွက် ခေတ်ပြောင်း စနစ်ပြောင်း၊ နှစ်အပြောင်းမှာ စိတ်ဓာတ်လေးတွေလည်း ပြောင်းလဲ သင့်ပြီလို့ ယူဆမိတဲ့အတွက် ဘယ်သူတွေ ဘယ်လို နေရာမှာ ဘယ်လောက်တောင် ဖား Skill တွေ များနေသလဲဆိုတာ ဂေဖန် ဆန်းစစ်ကြည့်မိပါတော့တယ်ရှင်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

MYANMAR JOB SEARCH
ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsea

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Mining, Oil and Gas

| | |
|---|---|
| NAME | Ye Kyaw Thu |
| SEEKING | Engineer(Maintenance, Repair, Electrical) |
| AGE | 30 |
| Contact | 973147211 |

### Web Site Development

| | |
|---|---|
| NAME | Ma Yu Wah Htet Aung |
| SEEKING | Web Designer |
| AGE | 21 |
| Contact | 43114347 |

### Medical

| | |
|---|---|
| NAME | MARK ALLAN CARREON |
| SEEKING | Nurse |
| AGE | 25 |
| Contact | 85260635 |

### Sales and Marketing

| | |
|---|---|
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

### Other

| | |
|---|---|
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Rejish K Babu |
| SEEKING | Coordinator, Social Worker |
| AGE | 29 |
| Contact | 984750575 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Banking and Financial Services

| | |
|---|---|
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Human Resources

| | |
|---|---|
| NAME | Sai Saie Mainn |
| SEEKING | HR staff |
| AGE | 22 |
| Contact | 1544926 |
| NAME | Min Thu |
| SEEKING | Human Resources |
| AGE | 21 |
| Contact | 943144932 |

### Administration/Support/ Customer Care

| | |
|---|---|
| NAME | Wai Phyo |
| SEEKING | Consulting , Personal Assistant ,Customer Care |
| AGE | 21 |
| Contact | 942529045 |
| NAME | Miss Hnin Aye win |
| SEEKING | Hotel Management/ Administration, Translator |
| AGE | 29 |
| Contact | 5724185 |
| NAME | Wai Yar Lin |
| SEEKING | Assistant Operation Manager, Admin Executive |
| AGE | 28 |
| Contact | 973130156 |
| NAME | Hla Myo |
| SEEKING | Manager |
| AGE | 52 |
| Contact | 450023918 |

### Hospitality, Travel and Tourism

| | |
|---|---|
| NAME | Su Thandar Oo |
| SEEKING | Suitable |
| AGE | 20 |
| Contact | 95024144 |
| NAME | Nay chi |
| SEEKING | Suitable Post |
| AGE | 21 |
| Contact | 09-42113106 |
| NAME | Mangpu |
| SEEKING | Hospitality, Travel and Tourism |
| AGE | 32 |
| Contact | 450057966 |

### Management, Executive

| | |
|---|---|
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 420718092 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |
| NAME | Kyaw Myat Chit |
| SEEKING | Asst:Marketing Manager |
| AGE | 30 |
| Contact | 973166423 |
| Contact | 4294967295 |

### Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Tin Soe |
| SEEKING | IT Manager , Admin Manager, Education Teacher |
| AGE | 32 |
| Contact | 95013670 |
| NAME | Khaing Min |
| SEEKING | Photographer |
| AGE | 24 |
| Contact | 944401356 |

### Web Site Development

| | |
|---|---|
| NAME | Thant Sin Aung |
| SEEKING | Junior Web Developer |
| AGE | 20 |
| Contact | 4294967295 |
| NAME | Minn Ko Aung |
| SEEKING | Graphic & Web Designer |
| AGE | 25 |
| Contact | 97319588 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Myanmar Tourist Guide Magazine

| | | |
|---|---|---|
| VACANT | Marketing Staff | 5 |
| | Marketing Executive | 5 |
| | Marketing Manager | 1 |
| | Network Engineer | 5 |
| PHONE | 09-43046703 | |
| ADDRESS | M-2, Shwe Myintzu Street, Shwe Pone Nyet Housing, Kamaryut Township. | |

### EX Myanmar Co., Ltd

| | | |
|---|---|---|
| VACANT | Manager (Real Estate) | 1 |
| | Manager (Advertising) | 1 |
| | Manager (Entertainment) | 1 |
| | Marketing Staff (Real Estate) | 4 |
| | Marketing Staff (Advertising) | 4 |
| | Marketing Staff (Entertainment) | 4 |
| | PHP Web Developer | 10 |
| | Creative Web Designer | 3 |
| PHONE | 01-559581 | |
| ADDRESS | 51/G-10, Pearl Lane, Pin Shwe Nyaung Street, Tamwe Tsp., Yangon. | |

### BEE LOGISTICS MYANMAR CO.,LTD

| | | |
|---|---|---|
| VACANT | Sales Manager | 1 |
| | Customer services | 2 |
| | Sales executive | 3 |
| | Customs broker officer | 2 |
| PHONE | (+84.983019098) | |
| ADDRESS | 422-416, 10th Floor,FJVCC tower, Strand Road,Botahtoung township, Yangon. | |

### GlobalCommitTechnologies(GCT)

| | | |
|---|---|---|
| VACANT | Web Developer | 1 |
| PHONE | (+65)97236564 | |
| ADDRESS | Yangon. | |

### Annam Myanmar Co.Ltd

| | | |
|---|---|---|
| VACANT | Shop Manager | 1 |
| | Sales | 2 |
| | Cashier | 1 |
| | Senior Accountant | 1 |
| | Accountant | 1 |
| | Inventory Controller | 1 |
| | Assistant Inventory | 1 |
| PHONE | 01-545705 , 09421006979 | |
| ADDRESS | No.11(B), Kabar Aye Pagoda Road, Bahan Township, Yangon. | |

arch.comတွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

MYANMAR JOB SEARCH

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Education and Training

| | |
|---|---|
| NAME | Tony Hayes |
| SEEKING | English Teacher and Tutor |
| AGE | _ |
| Contact | 4086685053 |
| NAME | Phoo Pwint Phyo |
| SEEKING | Primary Teacher |
| AGE | 20 |
| Contact | 95178440 |
| NAME | Zaw Min Oo |
| SEEKING | Technician/ Teaching Mobile Software |
| AGE | 32 |
| Contact | 450060659 |
| NAME | Soe Soe Lwin |
| SEEKING | English Language Teacher |
| AGE | 37 |
| Contact | 421039543 |
| NAME | Cho Mar Aye |
| SEEKING | Chinese Translator |
| AGE | 33 |
| Contact | 299720 |
| NAME | Su Larb Yadanar |
| SEEKING | English Tutor |
| AGE | 20 |
| Contact | 973138483 |
| NAME | Zara |
| SEEKING | Teacher |
| AGE | 32 |
| Contact | 3323649588 |

### Accounting

| | |
|---|---|
| NAME | Aung Myo Htut |
| SEEKING | Accountant |
| AGE | 22 |
| Contact | 94924396 |
| NAME | Soe |
| SEEKING | Chief Accountant / Chief Auditor |
| AGE | 55 |
| Contact | 98641225 |

### Engineering

| | |
|---|---|
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Myo Myint Thu |
| SEEKING | Engineer |
| AGE | 21 |
| Contact | 4294967295 |
| NAME | PyePhyoHein |
| SEEKING | Engineer |
| AGE | 21 |
| Contact | 95132046 |
| NAME | Thida Soe |
| SEEKING | Engineer |
| AGE | 28 |
| Contact | 450036637 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Yoon Phyu Thwin |
| SEEKING | Engineer |
| AGE | 22 |
| Contact | 942116866 |
| NAME | Win Po |
| SEEKING | Engineering in Electronics |
| AGE | 26 |
| Contact | 444014256 |
| NAME | Kyaw San Oo |
| SEEKING | Site Engineer |
| AGE | 26 |
| Contact | kyawsanwin1@gmail.com |
| NAME | Nyi Nyi Htun |
| SEEKING | Junier Engineer |
| AGE | 23 |
| Contact | 943100246 |
| NAME | Ei Thandar |
| SEEKING | Engineer |
| AGE | 25 |
| Contact | 973240831 |
| NAME | Thaw Moe Sak |
| SEEKING | Engineer |
| AGE | 24 |
| Contact | 943009778 |

### Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Pinky |
| SEEKING | Suitable |
| AGE | 20 |
| Contact | 944853499 |
| NAME | Ngun Zar |
| SEEKING | Media, Advertising, Arts, Entertainment |
| AGE | 23 |
| Contact | 522881 |
| NAME | Myo Thant |
| SEEKING | Camera man/Editor/ Graphic |
| AGE | 21 |
| Contact | 73113472 |
| NAME | Ye Win Naing |
| SEEKING | Graphic Designer |
| AGE | 34 |
| Contact | 973183401 |
| NAME | Mg Aung Paing |
| SEEKING | Media & Art |
| AGE | 20 |
| Contact | 95083083 |

### Accounting

| | |
|---|---|
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | Saw Myat Htwe |
| SEEKING | Accountant |
| AGE | 39 |
| Contact | 92391946 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |
| NAME | Hsu Mon Win |
| SEEKING | HR Department |
| AGE | 20 |
| Contact | 448016761 |
| NAME | Aye Mya Khaing |
| SEEKING | Accountant |
| AGE | 21 |
| Contact | 450000802 |

### Education and Training

| | |
|---|---|
| NAME | Tony Hayes |
| SEEKING | English Teacher and Tutor |
| AGE | _ |
| Contact | 4086685053 |
| NAME | Phoo Pwint Phyo |
| SEEKING | Primary Teacher |
| AGE | 20 |
| Contact | 95178440 |
| NAME | Zaw Min Oo |
| SEEKING | Technician/Teaching Mobile Software |
| AGE | 32 |
| Contact | 450060659 |
| NAME | Cho Mar Aye |
| SEEKING | Chinese Translator |
| AGE | 33 |
| Contact | 299720 |
| NAME | Su Larb Yadanar |
| SEEKING | English Tutor |
| AGE | 20 |
| Contact | 973138483 |
| NAME | Zara |
| SEEKING | Teacher |
| AGE | 32 |
| Contact | 3323649588 |

### Accounting

| | |
|---|---|
| NAME | May Myat Mon Aye |
| SEEKING | Accountant |
| AGE | 25 |
| Contact | 943115821 |
| NAME | Ei Thet Paing |
| SEEKING | Accountant |
| AGE | 24 |
| Contact | 421025098 |
| NAME | Winn Naing U |
| SEEKING | Admin or HR Position |
| AGE | 27 |
| Contact | 973061196 |
| NAME | Thi Ha Thit |
| SEEKING | Sales or Something |
| AGE | 16 |
| Contact | 943030697 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Win Naing Oo |
| SEEKING | Networking |
| AGE | 25 |
| Contact | 973503835 |
| NAME | Su Phyu Phyu Htay |
| SEEKING | IT |
| AGE | 23 |
| Contact | 973138078 |
| NAME | Mar Mar |
| SEEKING | Web Designer |
| AGE | 23 |
| Contact | 99105196 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |
| NAME | Min Thet |
| SEEKING | Computer Service Technician |
| AGE | 26 |
| Contact | 444017491 |
| NAME | Sun Thurain Moe |
| SEEKING | IT Related |
| AGE | 40 |
| Contact | 92009082 |
| NAME | Win Naing Oo |
| SEEKING | Networking |
| AGE | 25 |
| Contact | 973503835 |
| NAME | Su Phyu Phyu Htay |
| SEEKING | IT |
| AGE | 23 |
| Contact | 973138078 |
| NAME | Min Lwin |
| SEEKING | Phone Software Srevice Man |
| AGE | 20 |
| Contact | 95063262 |
| NAME | TAY ZAR TUN |
| SEEKING | IT/Computer Hardware & Networking |
| AGE | 29 |
| Contact | 942530663 |
| NAME | Htoo Wai Myat |
| SEEKING | Software Engineer, Project Manager |
| AGE | _ |
| Contact | 973046276 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# အကယ်ဒမီ ဆွတ်ခူးခဲ့တဲ့ ချစ်စနိုးဦး




**ပထမဆုံး အကယ်ဒမီ ရရှိထားတယ်ဆိုတော့ ဂမ်းသာပီတိ စကားလေး အရင်ကြားချင်ပါတယ်ရှင်။**

အရမ်းကို ဂမ်းသာပါတယ်။ ကိုယ့်ကိုကိုလည်း ရလိမ့်မယ်လို့လည်း မမျှော်လင့်ပါဘူး။ လိုတော့ လိုချင်တာ ပေါ့နော်၊ မျှော်လင့်မထားဘူး၊ ဒါပေမဲ့ ဒီဆုကိုရတဲ့အတွက် ပြော မပြတက်လောက်အောင် အရမ်း ဂမ်းသာပါတယ်။

**အခုဘာတွေ လုပ်ဖြစ်နေလည်း မသိဘူး။**

လက်ရှိကတော့ သီချင်းတော့ ဆိုတာပေါ့နော်။ တောက်လျှောက်ကတော့ သီချင်းဆိုဖို့ နည်းနည်းလေး များနေတယ်။

**သီချင်းဆိုဖို့ များနေတယ်ဆိုတော့ ဒီအဆိုပိုင်းမှာ ပိုပြီး ဝါသနာပါတာလား။**

ပိုပြီးဝါသနာပါတာ အဲ့လိုမျိုးတော့ မဟုတ် ပါဘူး၊ အမက အနုပညာ သမားဆိုတော့ ကိုယ့်ကို ပရိသတ်က ဘယ်ဘက်မှာ အားပေးလည်း အားပေးတဲ့ ဘက်ကို လိုက်ပြီး လုပ်ရတာ ပေါ့နော်။ အမကတော့ ကားရိုက်လည်း နည်းနည်း သွားပြီး သီချင်း ဆိုဘက်လည်း များတယ်။ အခု စီးရီးလည်း လုပ်နေတယ်။

**အခုကော တစ်ကိုယ်တော် အခွေထွက်ဖို့ကော အစီအစဉ်ရှိလားရှင့်။**

ဟုတ်ကဲ့၊ အခု တစ်ကိုယ်တော် အခွေက ညီမ သကြံန်မတိုင်ခင်မှာ ပေါ့နော်၊ ဒါမှမဟုတ်လည်း သကြံန်အပြီးလောက်ပေါ့နော်၊ အဲ့လောက်ကျ ရအောင် ထွက်ဖို့ လုပ်နေတယ်ပေါ့နော်။

**နည်းပညာနဲ့ ပတ်သက်ပြီး မေးကြည့်မယ်နော်။ အင်တာနက် သုံးဖြစ်လား။**

အင်တာနက်ကတော့ သုံးတော့ သုံးဖြစ်ပါတယ်။ ဒါပေမဲ့ အရမ်းကြီးတော့လည်း မဟုတ်ဘူးပေါ့နော်၊ တစ်ခါတလေကျရင် ကိုယ်အားရင်တော့ တက်လိုက်တာပေါ့၊ နည်းနည်းပါးပါး စာပြန်စရာ ရှိတာလေးတွေ ပြန်ပြီးသွားရင် ခဏပဲ အကြာကြီးတော့ အဲ့လိုမျိုး ဆွဲပြီး မသုံးတက်ဘူး။

**အင်တာနက် သုံးရင်ရော ဘာတွေ အများဆုံး ပြုလုပ်ဖြစ်လဲ မသိဘူးရှင့်။**

အမတစ်ခုတော့ လုပ်ဖြစ်ပါတယ်ပေါ့နော်။ ကျောင်းတက်ချိန်က ကိုယ့်ပရိသတ် ကိုယ့်ကို ဘာပြောထားလည်း ပြောထားတဲ့ ဟာလေးတွေကို ပြန်မယ်။ ပြီးတော့ နိုင်ငံခြားမှာ ရောက်နေတဲ့ ကိုယ့်ရဲ့ သူငယ်ချင်းတွေနဲ့ စကားပြောတယ် ဒီလောက်ပါပဲ။

**Facebookကော သုံးလား? Gmail တို့ Gtalk ?**

Facebook တော့ သုံးဖြစ်ပါတယ်။ အများဆုံး ဘာတွေ ပြုလုပ်ဖြစ်လဲ ဆိုတော့ LIKE လုပ်တဲ့ဟာလေးတွေ လုပ်တယ်ပြီးရင် နိုင်ငံခြားက ညီမ သူငယ်ချင်းတွေနဲ့ စကားပြောတယ်။ ခဏပါပဲ အဲ့လောက်အကြာကြီးတော့ အမ မသုံးဖြစ်ဘူး။ နောက် ပုံလေးတွေ တင်တယ်ပေါ့နော်။

**လက်ရှိအသုံးပြုနေတဲ့ smart phone လေး အကြောင်း ပြောပြပေးပါလား။ ဘယ် phoneလေးကို အသုံးပြုနေလည်းရှင်။**

အမကတော့ အခု iPhone သုံးတာ iPhone 4 ပေါ့။

**iPhone 4 သုံးတဲ့အခါမှာရော ဘယ် function လေးကို အကြိုက်ဆုံး ဖြစ်လဲမသိဘူးရှင်။**

အမ ဖုန်းသုံးတာ ကလိလို့ ရတဲ့ဟာ မဟုတ်တော့လည်း၊ ဘယ် function ကြိုက်လည်းဆိုတော့ အမက အဓိကကတော့ game ဆော့တယ်၊ အမဖုန်းအတွက် massage ပို့တယ်၊ ပြီးတော့ အမ အလုပ်ကိစ္စလေးတွေ စကားပြောတယ်၊ အဲ့ဒီလောက်ပါပဲ။ အခြား အဲ့ facebook တွေ သုံးလို့ ရမယ်ပေါ့နော်၊ အဲ့လောက်ပဲ အခြားလိုမျိုး သီချင်း နားထောင်လို့ ရမယ်။ ကလိတာတွေတော့ အမ သိပ်မကျွမ်းဘူး၊ အခု နောက်ကတော့ သုံးရင်းသုံးရင်းနဲ့ အရမ်းကလိတဲ့လူတွေက "ဟဲ့..ဒါလေးက ဒီလို လုပ်လို့ ရတယ်၊ ဟိုဟာလေးက ဟိုလို လုပ်လို့ ရတယ်" အဲ့လိုမျိုး ပြောင်းပြောင်း ပေးသွားတာပေါ့နော်။ အမကတော့ သိပ် မကလိတက်ဘူးပေါ့။

**အဲ့ဒါဆိုရင် phone တွေမှာ brand အများကြီး ရှိတဲ့အထဲမှာ ဘာလို့ iPhone ကို ရွေးချယ် ဖြစ်သွားတာလည်းရှင့်။**

iPhone ကျတော့ အကုန်လုံး ဘယ်လို ပြောရမလဲ အဆင်လည်း ပြေတယ်ပေါ့နော်၊ အခုကတော့ လူတွေကလည်း တော်တော် များများလည်း သုံးကြတယ်။ သုံးရတာလည်း အဆင်ပြေတယ်ပေါ့နော်။ ဘယ်လိုပြောမလည်း မြန်လည်း မြန်တယ်ပေါ့၊

**ဖုန်းနဲ့ အင်တာနက် သုံးတယ်ဆိုတော့လေ ပြီးတော့၊ ဖုန်းနဲ့ gameတွေ ဆော့တယ် ဆိုတော့ ဘယ်လို game အမျိုးအစားတွေ ဆော့လည်း မသိဘူးနော်။**

GAME အမျိုးအစားကို အမကကျတော့ မိန်းကလေးဆိုတော့ အဲ့ဒီ function ပတ်သက်တဲ့ ဂိမ်းလေးတွေ၊ ပြီးသွားရင် အဲ့လိုမျိုး ကားမောင်းရတာတော့ အမ ကြိုက်တယ်။ ကားပြိုင်ပြီး မောင်းရတာကို ကြိုက်တယ်။ ပြီးတော့ ဟင်းချက် ရတာလေးတွေ အဲ့လိုမျိုးပေါ့ မိန်းကလေးဆိုတော့ အဲ့ဒါလေးတွေ ကြိုက်တယ်။

**ကွန်ပျူတာနဲ့ ပတ်သက်ရင်ကော။**

ကွန်ပျူတာတော့ မသုံးဖြစ်ဘူး၊ အမ iPadပဲ သုံးဖြစ်တာ များတယ်။ ကွန်ပျူတာကျတော့လေ ပိတ်ထားတာလည်း များတယ်။ တစ်ခါတလေကျရင် ခါတ်ပုံတွေ ကူးတာလောက်တို့၊ အချိန်မပေးနိုင်တာနဲ့ iPad ကျတော့ ဖွင့်၊ ပိတ် လုပ်ရတာ လွယ်တယ်။ လုံးဝ ပိတ်လို့လည်း အဆင်ပြေတယ်။ အဲ့ဒါကြောင့် iPadပဲ သုံးဖြစ်တာ များတယ်။

**iPadနဲ့ရော ညီမ ဘာတွေ ပြုလုပ်ဖြစ်လဲ။**

iPad နဲ့ လည်း ဂိမ်းဆော့တယ်။ အင်တာနက် ကြည့်တယ်။

**လက်ရှိ စီးနေတဲ့ ကားအမျိုးအစားလေးကရော ဘာများလည်းရှင့်။**

လက်ရှိ အမ စီးနေတဲ့ ကားက super coustom ပါ။

**ဘာလို့ စီးဖြစ်တာလည်း မသိဘူးရှင်။**

စီးဖြစ်တာကတော့ အဓိကကတော့ ရှုတင်တွေ၊ ဘာတွေ သွားရတာ အဆင်ပြေတာပေါ့နော်။ခရီးတွေ ဘာတွေ သွားလို့လည်း အဆင်ပြေတယ်။ အကျီတွေ လဲရတာတို့၊ အကုန်လုံး အဆင်ပြေတယ်။ ကြီးလည်း ကြီးတယ်လေ၊ တစ်ခါတလေကျ ရှုတင်မှာ အကျီလဲဖို့ နေရာ မရှိတာတို့ ဘာတို့ဆို ကိုယ့်ကား ထဲမှာ ကိုယ့်ကိုကို ကားပိတ်ပြီး လဲလိုက်လို့ ရတယ်။ အဓိကတော့ အဲ့ဒါကြောင့်ပေါ့နော်။

**နည်းပညာအကြောင်းလေး မေးပြီးပြီဆိုတော့၊ အကယ်ဒမီနဲ့ ပတ်သက်ပြီး နည်းနည်းလေး ထပ်မေးချင်ပါတယ်ရှင်။ အကယ်ဒမီရတဲ့ ကားထဲမှာ အမ ဘယ်လောက်အထိ ကြိုးစားခဲ့ရလည်း မသိဘူးရှင့်။**

ကြိုးစားခဲ့ရတာတော့ ကြိုးစားမှုကတော့ အမ ဘယ်ဟာပဲ ဖြစ်ဖြစ်ပေါ့နော်၊ အမ ရိုက်ရတဲ့ ကားတွေ အကုန်လုံး အမ အကောင်းဆုံးပဲ ကြိုးစားခဲ့ပါတယ်။ အဓိက ကာရိုက်တာလေးနဲ့ လိုက်အောင် အမ ကြိုးစားပါတယ်။ ဟိုဟာလေးမို့လို့ ဒီဟာလေး မို့လို့ဆိုပြီး ကြိုးစား အားထုတ်မှု လျော့သွားတာ မရှိပါဘူး။ တစ်ခုနဲ့ တစ်ခုကတော့ မတူအောင် ထပ်ပြီး ကြိုးစားတာ ပေါ့နော်၊ ဒါကျတော့ ရုပ်ရှင် ကား ကြီးလည်း

ဖြစ်တယ်ဆိုတော့ ကာရိုက်တာတွေ အခေါက်ပေါင်း များစွာ လုပ်တယ်။ သေချာလေးလည်း လုပ်ရတာပေါ့။

**အနုပညာနဲ့ ပတ်သက်ပြီး ဘာတွေ ဆက်လုပ်သွားဖို့ ရှိလဲ မသိဘူးရှင်။**

အမကတော့ အမကိုသာ ကမ်းလှမ်းရင်တော့ အမကတော့ လုပ်မှာ ပေါ့နော်။ ကားလည်း ရိုက်မယ် သီချင်းလည်း ဆိုမယ်။ အမ အနုပညာသမား တစ်ယောက် ဖြစ်တဲ့အတွက် အနုပညာနဲ့ ပတ်သက်ပြီး၊ လာပြီးတော့ ကမ်းလှမ်းမယ်၊ ဌားမယ်ဆိုရင်တော့ အမကတော့ ဘယ် အလုပ်ပဲဖြစ်ဖြစ် အမ လုပ်တယ်။ အခု လောလောဆယ်ကတော့ အမ သီချင်းတွေ ဆိုဖြစ်နေတာပေါ့နော်။ ကားရိုက်ဖို့ လာချိန်းရင်လည်း အမက ရိုက်ဖို့ အဆင့်သင့်ပါပဲ။

**အခုလို နည်းပညာနဲ့ ပတ်သက်ပြီး ပရိသတ်တွေကို မျှဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။**

ဟုတ်ကဲ့ပါ။ အိုင်စီတီ ဂျာနယ်လည်း အခုနှစ်သစ်မှ စပြီး ဒီထက်မက အများကြီး အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**ဂျာနယ်မှတဆင့် ပရိသတ်တွေကို ဘာများ ပြောချင်သေးပါသလဲရှင်။**

အမကိုပေါ့ အကယ်ဒမီ ရစေချင်တဲ့ ပရိသတ်ရော၊ ဆုတောင်းပေးတဲ့ ပရိသတ်ရော အားလုံးကို အမ ကျေးဇူးတင်ပါတယ်။ အမ ထပ်ပြီးတော့လည်း အကောင်းဆုံး ဖြစ်အောင် ကြိုးစားသွားပါ့မယ်လို့၊ အမကို ပရိသတ် လက်ခံသည်အထိ အမ အကောင်းဆုံး ပရိသတ်အတွက် ပေးဆပ်သွားပါ့မယ်လို့ ပြောချင်ပါတယ်။ ပရိသတ်ကြီး အားလုံးလည်း နှစ်သစ်မှာ ပျော်ရွှင်ပါစေ။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**အဲ့ဒါဆိုရင် အမရဲ့ တစ်ကိုယ်တော် အခွေကို စောင့်မျှော်နေမယ်နော်။**

ဟုတ်ကဲ့ပါ။ အခုလို ဖြေကြားပေးသွားတဲ့ ချစ်စနိုးဦးကို အထူး ကျေးဇူးတင်ရှိကြောင်း ပြောကြား လိုပါတယ်ရှင့်။

# နေရေး၊ ထိုင်ရေး စိတ်အေးရဖွယ်

TZO



*Apartments in Yangon. Image Credit: via www.darnpicspy.tumblr.com*

ပြီးခဲ့တဲ့အပတ်က ကိုဘအေးရဲ့သူငယ်ချင်း ကိုစိုးမြင့်နဲ့ မသန်းသန်း (နာမည်လွှဲများ)တို့ရဲ့ ကျောက်မြောင်းက သုံးလွှာ တိုက်ခန်း လေးကို မဒမ်ဘအေးနဲ့ ကျောင်းက ဆရာမ တစ်ယောက်တို့ ပေါင်းပြီး၊ ပွဲစား လုပ်လိုက်တာ ၂၄၅နဲ့ စွံသွားတယ်။ စရန် ပေးတဲ့ နေ့က ကိုဘအေးတို့ ဇနီးမောင်နှံ သွားပြီး အသိသက်သေ အဖြစ်နဲ့ လက်မှတ် ထိုးပေးလိုက်ရတယ်။

ဘာ... ပွဲခ မြိုးမြိုးမြက်မြက် ဟုတ်လား။ ကိုယ့်ချင်း ကိုယ့်ချင်း ဆိုတော့လည်း (၂) ရာခိုင်နှုန်းတွေ ဘာတွေတော့ မဟုတ်ဘူးပေါ့ဗျာ။ သဒ္ဒါကြေးပဲပေါ့။ ပွဲစားနှစ်ယောက် တစ်ယောက် တစ်သိန်း စီတော့ ရလိုက်ပါတယ်။

ကိုစိုးမြင့်လည်း အမွေ ရထားတဲ့ တိုက်ခန်းလေးမို့ နှမြောရှာမှာပဲ။ မျက်နှာ သိပ်မကောင်းဘူး။ ဘယ်လို လုပ်မလဲလေ၊ နှစ်ယောက်စလုံးက ပင်စင်စားတွေ ဆိုတော့။ ကိုစိုးမြင့်ကတော့ ကိုဘအေးနဲ့ အတူတူပဲ။ မသန်းသန်းက စာရေး နာမကျန်း ပင်စင်ဆိုတော့ တစ်သောင်း ကျော်ကျော်လေးပဲ ရတာ။ သုံးလတစ်ခါ ထုတ်တယ်ပြောတယ်။ ပြီးတော့ မသန်းသန်းက ရင်သားကင်ဆာ ခွဲစိတ် ထားရတာ။ ဆေးတွေက သောက် နေရတုန်း။ သူ့ ပင်စင်က သူ့ ဆေးဖိုးနဲ့ပဲ ကုန်တာ။

အဲဒီတော့ ဘဏ်မှာ ထည့်ထားတဲ့ ကိုစိုးမြင့်ရဲ့ Gratuity လေးလည်း တစ်တိတိ ထုတ်သုံးရင်းနဲ့ ပါးလာပြီ။ ရေရှည်မှာ မလွယ်တော့ဘူး။ ကိုယ်မချို အမိသော်လည်း သားတော်ခဲ ဆိုသလိုပဲ။ ပြည်ထဲရေးနဲ့ လွှမ်းရေးထက် ဝမ်းရေးက ခက်တယ်လေ။ ကိုယ့်ဝမ်းက မွေး ထုတ် လိုက်တဲ့ သားသမီးကို သူများ ပေးလိုက် ရသလိုပဲ နေမှာ။

အခုတော့ သူတို့လည်း အခန်း ပြန်ရှာ နေရပြီလေ။ ပိုတဲ့ငွေလေးကို ဘဏ်မှာ အပ်ထားပြီး အတိုးလေး ထုတ်စားမယ်လို့ စိတ်ကူးတော့ တစ်ရာကျော်လောက်နဲ့ ဖြစ်အောင် ရှာရတာပေါ့။ ကိုစိုးမြင့်ကလည်း သူကြီးပြင်းခဲ့တဲ့ ကျောက်မြောင်းထဲက သိပ် မထွက်ချင်ဘူး။ ကျောက်မြောင်းထဲ ဆိုရင် လည်း ငါးလွှာ ခြောက်လွှာလောက် ဖြစ်သွားမယ်။ အိုမင်းမစွမ်း ဖြစ်တော့မှ ငါးလွှာ ခြောက်လွှာ တက်ဆင်းနေရရင်လည်း မလွယ်ဘူးနော်။ သွားရေးလာရေး ဝေးတဲ့ အစွန်အဖျားတွေကျတော့လည်း သိပ် မနေ ချင်ပြန်ဘူး။ အသိ တစ်ယောက်က ညွှန်လို့ သယ်န်းကျွန်းဘက် သွားကြည့်သေးတယ် ပြောတယ်။ တိုက်ခန်းသစ်ပဲ။ ၁၅ဝ နဲ့တဲ့။ ဘယ်နှစ်လွှာလည်းတော့ မမေးမိလိုက်ဘူး။

ကိုဘအေးတို့ လင်မယားကလည်း ကိုယ့် ယုဇနဘက်ကို ဆွယ်တယ်။ (ပွဲခ လေးများ ရဦးမလားလို့)။ ရေ မကောင်း ပေမယ့်လည်း၊ နေလို့ ကောင်းပါတယ်ပေါ့။ သားငါး ဟင်းသီး ဟင်းရွက်တွေလည်း ပေါတယ်။ အစားအသောက်တွေလည်း ပေါတယ်။ စတိုင်းဆိုင်တွေဆိုတာလည်း အများကြီးပဲ။ လိုချင်တာ အကုန်ရတယ်။ သွားရေးလာရေးလည်း မခက်ဘူး။ ဂိတ်က တက်စီးရုံပဲ။ တိုက်ခန်းတွေဆိုလည်း ဈေးချိုမှ ချို၊ ပထမထပ်မှ ၈ဝ ဝန်းကျင်ပဲ ရှိတယ်။ မြေညီထပ်ကတော့ စီးပွားရေး လုပ်လို့ရတော့ အဆောင်တွေ အခန်းတွေ ထုတ်ထားပြီး ပြင်ဆင်ထားရင် ၂ဝဝ လောက်တော့ ခေါ်တယ်။

ယုဇနမှာလည်း အိမ်ခြံမြေ အကျိုးဆောင်တွေက များမှ များပဲ။ လမ်းတိုင်းမှာ ရှိတယ်။ ဘလောက်တိုင်းမှာ ရှိတယ်။ အိမ်ငှားတွေဆိုတာလည်း ဝင်လိုက် ထွက်လိုက်။ ဆင်းလိုက် တက်လိုက်နဲ့။ ကြည့်နေရင်းနဲ့ကို ဟော... တစ်ဦး ပြောင်းသွားလိုက်၊ ဟော...တစ်ဦး တက်လာလိုက်နဲ့။ အေးလေ... အဲဒါမှလည်း ပွဲစားတွေ နှုတ်ခမ်းစိုမှာ မဟုတ်လား။ ပြောင်းကြ ရွှေ့ကြတာလည်း သိပ်ဝေးဝေး လံလံတော့ မဟုတ်ဘူးဗျ။ ချယ်ဂါရီနဲ့ပဲ ပြောင်းနေကြတာ။ ပစ္စည်းလည်း သိပ်မပါဘူး။ အိမ်ငှားဘဝနဲ့မို့လို့ပဲ ထင်ပါရဲ့။ ဒီဘက်လမ်းကနေ ဟိုဘက်လမ်း၊ ဟိုဘက်လမ်းကနေ ဒီဘက်လမ်း၊ ဒီလောက်ပဲ ထင်ပါတယ်။ အဝေးဆုံးကတော့ စစ်တောင်းရိပ်မွန် လောက်ပဲ ရှိမယ်။ အိမ်ငှားသံသရာက မလွတ်သေးသမျှတော့ ... ရပ်ကွက်ထဲမှာ... ဒီလိုပဲ ရှိမယ်၊ ရပ်ကွက်ထဲမှာ... ဒီလိုပဲ။

တကယ်တော့ လူတွေရဲ့ အရေးသုံးပါး လိုအပ်ချက်တွေ ဖြစ်တဲ့ စား၊ ဝတ်၊ နေရေးမှာ နောက်ဆုံး ဖြစ်တဲ့ "နေရေး" ကို ကိုဘအေးက ထိပ်ဆုံးကို ပို့ချင်ပါတယ်။ စားတာကတော့ ရှိတာလေးနဲ့ ဝအောင် စား ဆိုသလိုပဲ ကိုယ့်အိမ်မှာ ကိုယ် ငါးပိရည်နဲ့ စားလည်း ဖြစ်တယ်။ အဝတ်အစားက လည်း အသင့်အတင့် ရှိရင်ရတယ်။ နေစရာ ကျတော့ အမိုးနဲ့ အကာနဲ့ အခင်းနဲ့ လုံလုံခြုံခြုံလေး ရှိမှ နေစရာ သတ်သတ် မှတ်မှတ်လေး ရှိမှ လူ့ဘဝရဲ့ အဓိပ္ပာယ် ဆိုတာ ရှိမယ်လို့ ထင်ပါတယ်။ မိဘ အမွေရလို့ပဲ ဖြစ်ဖြစ်၊ ကိုယ်တိုင် ကြိုးစား လို့ပဲ ဖြစ်ဖြစ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ အိုးပိုင် အိမ်ပိုင်နဲ့ဆိုရင် အကောင်းဆုံး ပေါ့ဗျာ။ ဒါပေမယ့် လူတိုင်းက ကုသိုလ်ကံ အကျိုးပေး မတူကြဘူးလေ။ ဒီတော့ အိမ်ငှား ဆိုတာလည်း ရှိနေဦးမှာပဲ။ ပွဲစားတွေလည်း အလုပ် ဖြစ်ဦးမှာပဲ။ ကျောတစ်ခင်းစာ နေရာ ရဖို့ မလွယ်တဲ့ သူတွေ အများကြီး ရှိပါတယ်။

ကိုဘအေးတို့ ငယ်ငယ်ကဆိုရင် ကမ်းနားက ပွဲရုံတွေ ရှေ့မှာ ကပ်ရပ်ပြီး အိပ်နေရတဲ့ သူတွေ၊ သဘော်ဆိပ်တွေ၊ ဘူတာရုံတွေ၊ ဘုရားတန်ဆောင်းတွေမှာ၊ တစ်ချို့ဆိုရင် မိသားစုလိုက်ပဲ၊ ဒီထက် ဆိုးတာကတော့ အမှိုက်ပုံကို ရွှေဘုံရွှေနန်း လို့ မှတ်နေရတဲ့ သူတွေပါ။ ငယ်ငယ်တုန်း ကတော့ သိပ် လေးလေးနက်နက် မတွေးမိပါဘူး။ မိုးနဲ့ လေနဲ့ ဆိုရင် ဒီလူတွေ ဘယ်လို နေကြမလဲ၊ ဒီလောက်ပဲ။ ကိုဘအေးတို့ နိုင်ငံမှာ၊ ပြီးတော့ ကမ္ဘာပေါ်မှာ Home Less တွေ ဘယ်လောက် ရှိနေမလဲ။ သက်ဆိုင်ရာနိုင်ငံ အစိုးရတွေလည်း စဉ်းစားပေးနိုင်ကြမှာ မဟုတ်ပါဘူး။

ကိုဘအေးလည်း ပင်စင် ယူမှ အိမ်ငှား ဘဝ ရောက်တာ၊ လူပျိုတုန်းက ဆွေမျိုးတွေ အိမ်မှာ ကပ်နေပြီး၊ အိမ်ထောင်ကျတော့ ဝန်ထမ်းအိမ်ရာ တွေမှာ နေခဲ့တာ။ ဟိုတုန်းကတော့ အိုးအိမ်တွေ ဘာတွေလည်း လျှောက်ရ ကောင်းမှန်း မသိခဲ့ပါဘူး။ သိတော့လည်း မလျှောက်ခဲ့ဘူး။ အဲဒီတုန်းက သတ္တု တွင်းက သူငယ်ချင်း ကိုစောအောင်က အတူတူ လျှောက်ရအောင် ပြောတယ်။ သူက Family နဲ့ ဖြစ်နေပြီ။ ကိုယ်က လူပျိုဆိုတော့ သိပ် မပူပင်မိဘူး။ စောအောင်က ဂေဇက်ဝန်မှာ ရသွားတယ်။ ကြာတော့ ကြာတယ်။ သုံးလေး နှစ်လောက် နေမှ ရသွားတာ။ ကိုဘအေးလည်း ပင်စင် ယူခါနီးတုန်း ကတော့ လျှောက်ဖူးတယ်။ ဝန်ကြီးက လုပ်ပေးပါလို့ ချပေးပေမယ့် အိုးအိမ်သွားတဲ့ အခါကျတော့ သူတို့ဆီက ညွှန်မှူးတွေ ဒု-ညွှန်မှူးတွေတောင် ပေးစရာ မရှိဘူးလို့ ပြောပါတယ်။ ဒါနဲ့ပဲ...

ကိုဘအေးလည်း အစုံတော့ နေဖူးတယ်။ ဘဘသိန်း ဆုံးပြီးတော့ ပြည်ထောင်စု ရိပ်သာမှာ (၂)နှစ်လောက် ဆက်နေရသေးတယ်။ နောက်တော့ ရန်ကင်းကို ပြောင်းရတယ်။ ရန်ကင်းမှာ ဒေါ်လေးဆုံးပြီးတော့ စမ်းချောင်း၊ ဖျာပုံ လမ်းကို မောင်နှမတွေ ပြောင်းကြပြန်တယ်။ ဖျာပုံလမ်းမှာ နေရင်းနဲ့ ကိုဘအေးက ချောင်းဦး ရောက်နေတဲ့ ဒေါက်တာ အေးမြင့်ရဲ့ သန်လျင်တံတားက တရုတ် အိမ်ယာဝင်းမှာ တစ်ယောက်ထဲ ပြောင်း နေလိုက်တယ်။ အဲဒီ တရုတ်အိမ်ယာဝင်းမှာ နေရင်းနဲ့ မဒမ်ဘအေးနဲ့ တွေ့တယ် ဆိုပါတော့။

နောက်တော့ အင်းစိန် ဘိုကုန်းက ဝန်ထမ်းအိမ်ရာ၊ သန်လျင် အောင်ချမ်းသာ က နဂရတ် အိမ်ရာတို့မှာ ပြောင်းနေပြီး၊ အဲဒီကမှ နေပြည်တော် ရောက်သွားတယ် ဆိုပါတော့။ ပင်စင်ယူပြီး ပြန်ပြောင်းမယ် ဆိုတော့၊ နွေကျောင်းပိတ်ရက်မှာ လင် မယား နှစ်ယောက် နွေပူပူ နေဆူဆူမှာ ချွေးပျံအောင် အိမ်ရှာနေကြရတာ။ ကံကောင်းထောက်မပြီး မဒမ်ဘအေးရဲ့ သူငယ်ချင်း ဆရာမတစ်ယောက်က ကူညီ ဆက်သွယ်ပေးလို့ အခုနေတဲ့ ယုဇန တိုက်ခန်းလေးမှာ နေခွင့် ရလိုက်တာပါ။ နေပြည်တော်ကနေ မိုးမကျခင် ပြန်ပြောင်း ချင်တယ်။ ဒီမှာလည်း အိမ် ရှာမရရင် ဒုက္ခ ဆိုပြီး ပူပင်သောက ရောက်ခဲ့ကြရတယ်။

ကိုဘအေးက ပုသိမ်မှာတော့ အမေ့ အိမ်လေး ရှိတယ်။ ဆွေမျိုးတွေရဲ့ အိမ်ဝိုင်း ထဲမှာ၊ ညီမလေးက ပြုပြင်ထားပြီးတော့ ရန်ကုန်ကနေ တစ်ခါတစ်လေ ပြန်တဲ့အခါ နေတယ်ပေါ့။ ကိုဘအေးကလည်း မွေးဇာတိမှာ မနေနိုင်တဲ့ ဇာတာပါတော့ ရန်ကုန်မှာပဲ အခြေချဖို့ စိတ်ကူးတာပါ။ အိုးပိုင် အိမ်ပိုင်နဲ့ နေနိုင်အောင်တော့ ကိုဘအေးတို့ လင်မယား ကြိုးစားပြီး ထီမှန်မှန် ထိုးနေပါတယ်။ မိုးနတ်မင်းကြီး ကတော့ ကြည့်နေမှာ မဟုတ်ပါဘူးနော်...။

ခိပ္ပ မေဂ သမိဇ္ဈတု

(နောက်ဆုံးရ စက်ရပ် သတင်းကတော့ ကိုစိုးမြင့်တို့တွေ တာမွေဗလီနားမှာ (၅) လွှာကို (၁၆၅)နဲ့ တွေ့သွားတယ်လို့ ပြောပါတယ်။)

IT LAND COMPUTER

Promotion
(12)ရက်နေ့မှ (19)ရက်နေ့အထိ

COMPUTER SALES &SERVICE CENTRE

| | | | |
|---|---|---|---|
| CPU 2.66 Pentium<br>478 Mother board<br>H.D.D 80 IDE (Segate)<br>Memory 512/400 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad | CPU 3.0 Pentium<br>G-31 Mother board<br>H.D.D 160 IDE (Segate)<br>Memory 1 GB/800 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad | CPU dual core 2.2 Pentium<br>AsrocK G-41 CGS(Combo)<br>H.D.D 500 GB (Segate)<br>Memory2 GB/1333 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad | CPU 2.8 /1155 G640<br>ASUS P8H61 MLXR2.0<br>H.D.D 500 GB (Segate)<br>Memory 4 GB/1333 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad |
| 91000 ks | 113000 ks | 172000 ks | 194000 KS |

| | |
|---|---|
| Samsung DVD0RW | 18000 ks |
| ASUS DVD-RW | 18500 ks |
| LCD 17.3" (singtech) | 58000 ks |
| LCD 15.5" (singtech) | 62000 ks |
| LCD 21.5" (singtech) | 126000 ks |
| LED 20" (AOC) | 91000 ks |
| LED 18.5" (Acer) | 78000 ks |

| | |
|---|---|
| GMC UPS 650 W | 26000 ks |
| Lynx UPS 600 W | 25000 ks |
| SVC UPS 600 W | 28000 ks |
| Power Benz 1200 W | 56500 ks |

- Memory Stick 4 GB - 3000 ks,
- Memory Stick 8 GB - 4000 ks,
- Memory Stick 16 GB - 6500 ks,

Computer နှင့် ပတ်သက်သော အခြား Accessories ပစ္စည်းများကိုလည်း လက်လီ/လက်ကား အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။

No.119, Seikkantha St.,(Lower), Kyauktada Tsp, Yangon, Myanmar. 01-382017, 09-73017004 E-mail: itland 149@gmail.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# အကျ ရှိလျှင် အတက် ရှိဦးမည်

Dr. PTS

ဒီတစ်ပတ်တော့ ဟိုရောက်ဒီရောက် တောင်စဉ်ရေမရ အတွေးများနှင့် ဆက်စပ် တင်ပြလိုက်ပါသည်။ ရှေးတုန်းက အဖိုးအို တစ်ဦးနှင့် သားငယ် တစ်ဦး ရှိသတဲ့။ သူတို့မှာ မွေးထားတဲ့ အရွယ်ရောက်နေပြီဖြစ်တဲ့ မြင်းလေးတစ်ကောင်လည်း ရှိပါသတဲ့။ တစ်နေ့ကျတော့ ထိုမြင်းလေးနဲ့ တောထဲ သွားရင်း မြင်းကလေး အစာ စားဖို့ လွှတ်ထားမိရာကနေ ထိုမြင်းကလေးဟာ သခင် အဖိုးအို သားအဖနှင့် ကွဲသွားခဲ့ရပါတယ်။ ညနေ နေဝင်ရီတရောအထိ ရှာဖွေကြပါသော်လည်း မတွေ့ရသဖြင့် မှောင်လုဆဲဆဲအချိန်မှာ သားအဖနှစ်ဦး ပြန်ခဲ့ကြပါတယ်။ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား သံယောဇဉ် နှောင်ကြိုးတွယ်ခဲ့ပြီး မိသားစုဝင်အဖြစ် သတ်မှတ်ထားသော မြင်းငယ်လေး ပျောက်ဆုံးသွားသဖြင့် ထမင်းပင် မစားနိုင်ကြပဲ ငြိမ်သက်စွာဖြင့် တစ်ဦးနှင့် တစ်ဦး စကားမပြောနိုင်ကြသလို မမျှော်လင့်ကစား အိပ်ယာထဲ ဝင်ခွေနေကြသော သားအဖတို့ အဖို့ ထိုနေ့ သည်ကား ကံဆိုးသော နေ့တစ်နေ့ ဖြစ်ခဲ့သည်။

နံနက် မိုးစင်စင် လင်းသော်လည်း အိပ်ယာမှ မထကြသေးဘဲ၊ ပူဆွေးသောက ဖြင့်သာ လေးဖင့်စွာဖြင့် နံနက်ခင်းကို ကြိုဆိုကြရတော့မည်။ အိမ်နီးချင်းများကပင် "ဒီသားအဖ နေမကောင်းကြဘူးလား" ဟု လာရောက်၍ မေးမြန်းကြရသည်။ အဖြစ်မှန်ကြားရသူများမှာလည်း "တရားနှင့်သာ ဖြေပါ"ဟု အားပေးကြရသော်လည်း၊ ၎င်းတို့ပင် ထပ်တူ ခံစားလာကြရသဖြင့်၊ ထိုသားအဖ မည်မျှ ပူဆွေးမည်ကို ကိုယ်ချင်းစာမိကြရသည်။ ထိုသို့ဖြင့် တစ်ရက်နှစ်ရက်မှသည် တစ်ပတ်ခန့်အထိ နေ့စဉ် တောထဲသို့ ပြန်လည်သွားရောက် ရှာဖွေကြသော်လည်း အချည်းအနှီး ဖြစ်ခဲ့ကြသည်။ မြင်းအုပ်များ တည်ရှိ ကျက်စားရာ အနောက်ပိုင်း တောအုပ်အထိပင် သားအဖ နှစ်ဦး ခရီးဆန့်၍ ရှာဖွေခဲ့ကြသည်။ သံယောဇဉ်အား သည်ကား ကြီးမားလှသည်။ ထိုရက်ပိုင်းများသည်ကား ထို သားအဖတို့ အဖို့ အမှောင်လွှမ်းသော ကံဆိုး ကံမဲတို့ အားသာနေသော နေ့ရက်များဟု ခံစားမိကြသည်။

ဒီလိုနဲ့ နှစ်ပတ်ပြည့်ခါနီး တစ်မနက်ခင်းမှာ ပျောက်သွားခဲ့တဲ့ မြင်းငယ်ကလေးဟာ အဖော်မွန်အဖြစ်နဲ့ မြင်းမလေး တစ်ကောင်ကိုပါ ခေါ်လာပြီး ခြံထဲသို့ ဝင်လာခဲ့ပါတယ်။ ဒီအချိန်မှာတော့ အဖိုးအိုသားအဖဟာ ပြောမပြတတ်အောင် ဝမ်းသာကြရပါတယ်။ ဆုံးရှုံးရပြီဟု ထင်မှတ်ထားသည်ကို ပြန်လည် ရရှိသည်သာမက မြင်းမလေး တစ်ကောင်ကိုပါ အပိုဆုအဖြစ် ရရှိခဲ့သည် မဟုတ်ပါလော။ "ဒီနေ့လောက် ကံကောင်းတဲ့နေ့ မရှိဘူး"ဟု သတ်မှတ်လိုက်ကြသည်။ "ဒီသားအဖ ကံ သိပ်ကောင်းတာပဲ"ဟု အိမ်နီးချင်းများကလည်း ဝမ်းသာအားရ ချီးမွမ်းကြသည်။ ပြီးခဲ့သော ကံဆိုးခဲ့သည့် နေ့ရက်များမှလည်း လွတ်မြောက်သွားပြီဟု လက်ခံကြသည်။

ထိုနေ့မှစ၍ သားအဖနှစ်ယောက်လုံး မြင်းတစ်ကောင်စီ စီးပြီးတော့ လိုက်ခဲ့ကြသည်။ မိမိ၏ အဖော်မွန်ကို မိမိ ကိုယ်တိုင် ရွေးချယ်ခဲ့ရသည့် အတွဲ ညီလှသော မြင်းမောင်နှံမှာလည်း ကြွကြွရွရွ သွက်သွက်လက်လက်ဖြင့် ပျော်မဆုံးအောင် ပြေးလွှားကြသည်။ ထိုရက်များသည်ကား သားအဖနှစ်ဦးတို့ အဖို့လည်း အားအင်အပြည့်ဝဆုံး နေ့ရက်များ ဖြစ်လာသည်။

သို့သော် တစ်မနက်ခင်း၌ ချောက်ကမ်းပါး တစ်ခုနား အမှတ်မထင် ရောက်ရှိသွားသည့်တွင် ရုတ်တရက် အရှိန်တန့်၍ မြင်းဇက်ပြန်လှည့်ရာမှ အရှိန်မထိန်းနိုင်ဘဲ သား စီးလာသော မြင်းငယ်လေးမှာ ခြေမခိုင် ယိုင်ပြိုလဲ ရတော့သည်။ ထိုအခါ မြင်းပေါ်မှ သားဖြစ်သူလည်း အရှိန်ဖြင့် ပြုတ်ကျသွားသဖြင့် မြင်းရောလူပါ ခြေကျိုးသွားတော့သည်။

အဖိုးအိုလည်း သားဖြစ်သူရော မြင်းငယ်ပါ ခြေကျိုးသဖြင့် အိမ်ပြန်ရောက်အောင် မနည်း ဒုက္ခခံခေါ်လာခဲ့ရသည်။ အိမ်နီးချင်းများလည်း ဝမ်းနည်းကြရပြန်သည်။ ရွာထဲမှ သမားတော်နဲ့ ဆေးဝါး ကုသသော်လည်း နှစ်ပတ်ပြည့်သည့်တိုင် ခြေမထောက်နိုင်ကြသေး။ "ငါတို့ နှစ်ကောင် ကံဆိုးလိုက်တာ"ဟု မြင်းငယ်လေး၏ ခေါင်းကို ပွတ်သပ်ရင်း ပြောမိသည်။ အိမ်နီးချင်းများနှင့် အဖိုးအိုတို့က "အသက် မသေတာကိုပဲ ကံကောင်းတယ် မှတ်ပါ။"ဟု အားပေးကြသော်လည်း ခံရသူအဖို့ အားတက်မလာ။

ထိုရက်အတွင်း အဖိုးအိုတို့ နိုင်ငံလေးသည် အိမ်နီးချင်းနိုင်ငံနှင့် စစ်မက်ဖြစ်ပွားတော့သည်။ ရက်ပိုင်းအတွင်း စစ်သည်တော်များ အကျအဆုံး များလာသဖြင့် မင်းဧကရာဇ်က အမိန့်တော် ထုတ်ပြန်ရတော့သည်။ "အိမ်တိုင်း အိမ်တိုင်းမှ ကျန်းမာ ကြံ့ခိုင်သော ယောကျ်ားငယ် တစ်ဦးနှင့် မြင်း တစ်ကောင်စီ စစ်တိုက် ထွက်ရမည်"ဟု။

ထိုနေ့တွင်ကား ခြေနစ်ဖက် ကျိုးနေသော လူငယ်အား စစ်မက်အဖွဲ့က ကင်းလွတ်ခွင့် ပေးသည်။ မြင်းမလေးမှာလည်း ဗိုက်ကပ် နေသည်မှာ အရင့်အမာ ဖြစ်ခါနီးသဖြင့် ကင်းလွတ်ခွင့် ရသလို၊ မြင်းထီးလေးမှာလည်း ခြေကျိုး နေသဖြင့် ခေါ်မသွားခဲ့။ ထို တိုက်ပွဲတွင်လည်း အထိနာပြီး ရွာမှ လူငယ် တော်တော် များများနှင့် မြင်းငယ်များ သေကြ၊ ပျက်စီးကြရသည်။ ထိုအခါ "ငါတို့ ခြေကျိုးခဲ့တာ တော်တော် ကံကောင်းလို့ပဲ"ဟု လူငယ်မှ မြင်းငယ်လေးကို ပြန်ပြောရင်း ဝမ်းသာအားရ ဖြစ်ခဲ့ရသည်။

ဤပုံပြင်လေးကို ကြားဖူးသူ များပါလိမ့်မည်။ ဆင်တူယိုးမှား ဥပမာ များလည်း ရှိပေဦးမည်။ ပုံပြင်၏ အဆုံး၌ ရရှိလိုက်သော အသိပညာ တစ်ခုကား၊ "လောက၌ အမြင့်ချည်းပဲ မနေရနိုင်သကဲ့သို့ အမြဲ နိမ့်ကျနေမည်ဟုလည်း မထင်မှတ်သင့်"။ "ဝမ်းသာစရာ တွေ့၍လည်း အမြဲ ကံကောင်းနေမည်"ဟု မထင်မှတ်သင့်သလို၊ "ဝမ်းနည်းစရာ တွေ့၍လည်း၊ ငါချည်းပဲ ကံဆိုးလိုက်တာ"ဟု အားမငယ်သင့်။ ကံကောင်းဖို့အတွက် ကံဆိုးခဲ့ရတာ ဖြစ်ပေလိမ့်မည်။ "ဘယ်အရာမှ ပုံသေ မဟုတ်သကဲ့သို့ ဘယ်အရာမှလည်း ပုံသေ မမြဲနိုင်ပေ"။ ထို့ကြောင့်လည်း ဤ အကြောင်းအခြင်းအရာကို ဆူကြွ နိမ့်မြင့် မမြဲနိုင်သော လောကဓံဟု သတ်မှတ်ကြသည်။ နေရိပ်အလာ နေပူကနေတော့ စောင့်ရမြဲ ဖြစ်သည်။

လူတိုင်း လူတိုင်း၌ အကောင်းအဆိုး ဒွန်တွဲနေမည်မှာ မလွဲဧကန် ဖြစ်သည်။ အကောင်းဘက်များ၍ "ငါ့ဘဝကြီး ကောင်းလှတယ်"ဟူ၍ ကျေနပ်ပျော်ရွှင်ကြရသူများ ရှိသကဲ့သို့ အဆိုးဘက်များ၍ "ငါတော့ ဒီဘဝ ကံဆိုးလှတယ်"ဟု အားလျှော့ရသူများလည်း ရှိကြသည်။ လောကဓံတွင် ဆူကြွနိမ့်မြင့် ရှိတတ် သည့် သဘောကို သိရှိ နားလည်၊ သဘောပေါက် ပါမှ လောကတွင် နေပျော်ပေမည်။ နေ မပျော်ပါက သေသည့်တိုင်သော် သေပျော်မည် မဟုတ်ပေ။ (Strees) ဖိစီးမှုများခြင်း၊ အပြိုင်အဆိုင်များခြင်းနှင့် တိုးတက်မှု ဆုတ်ယုတ်မှု ရုတ်ချည်း ဖြစ်ပေါ်တတ်ခြင်း တို့သည်လည်း (Sucide) သေကြောင်း ကြံစည်မှုများကို ပိုမို များပြားစေကြောင်း စိတ်ပညာ လေ့လာသူ ဆေးပညာရှင်များက သုံးသပ်ကြသည်။ ယခင်က အနောက်နိုင်ငံများ၌ ပိုမို ကြံစည်မှုများ ရှိသော်လည်း ယခုအခါ အာရှနိုင်ငံများသို့ပါ ကူးစက်လာကြသည်။ "အဖန် ငါးရာ ငါးကမ္ဘာ" ပြန်၍ ခံရမည် ဖြစ်သည်ဟုလည်း ဗုဒ္ဓဘာသာဝင်တိုင်းက လက်ခံထားကြသည့်တိုင်၊ ထို အတက် အကျ ဒဏ်ကို မခံနိုင်ကြ၍ ကြံစည်ကြခြင်း ဖြစ်သည်။

ရောဂါဝေဒနာ ခံစားသူများ၌ပင် အဆိုး အကောင်း ဒွန်တွဲ ခံစား ကြရသည်။ ထို့ကြောင့် လူနာများအဖို့ "ရောဂါ အမည် နာမတစ်ခု" တပ်ခံ လိုက်ရပြီ ဆိုသည်နှင့် တမဟုတ်ချင်း စိတ်ဓာတ် ကျသွားတတ်ကြသည်။ သို့သော် "အဆိုးထဲမှ အကောင်း ရှိနိုင်ဦးမည်လော" ရှာဖွေကြရမည်။ လူ့လောက စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ မည်သည့်ကဏ္ဍ၌ မဆို အခက်အခဲ အတားအဆီး တွေ့ပါက အမှန်တကယ် မကျရှုံး၊ မဆုံးရှုံးမီ မိမိ ဘက်မှ လက်လျှော့လိုက်ကြသည်က များသည်။ စာရေးသူ၏ ကျေးဇူးရှင်ဆရာ ပါမောက္ခကြီး ဆုံးမခဲ့ဖူးသည်ကို ရင်ဝယ် အမြဲ မှတ်မိနေပါသည်။ ဆရာ ငယ်စဉ်က တပ်မတော်၌ တာဝန် ထမ်းဆောင်ခဲ့ဘူး သူလည်း ဖြစ်၍ ၊ စာရေးသူတို့ စာမေးပွဲ ဖြေခါနီးချိန်တွင် အားပေးစကား ပြောရာ၌ တိုက်ပွဲ တစ်ခုနှင့် ဥပမာ ပေးခဲ့ဘူးသည်။ မိမိဘက်မှ ကြိုးစား သော်ငြား ရန်သူ့ ဘက်မှ အား များ၍ မိမိ ဘက်မှ အရှုံး နှင့် ရင်ဆိုင်ရတော့မည်ဟု ကြုံတွေ့ လာရသည့်တိုင် ခေါင်းငုံ့ ဒူးထောက် အရှုံး မပေးဘဲ စိတ်ခွန်အား အပြည့်ဖြင့် "ပစ်တက်" ရမည် ဟူ၍ ဖြစ်သည်။ ထိုသို့ ညွှန်ကြားခဲ့သော်လည်း၊ အမှန် တကယ် စာမေးပွဲ ဆိုသည့် စစ် မြေပြင် ရောက်သောအခါ "ပစ် မတက်ခဲ့"ပဲ လက်မြှောက် စိတ်လျှော့ခဲ့မိ၍၊ ကိုယ်တိုင် စာမေးပွဲ ကျခဲ့ရသောကြောင့် နောင်လာ နောက်သားများအတွက် အကြံပေးရခြင်း ဖြစ်ပါသည်။ စိတ်ခွန်အား၏ အရေးပါပုံ၊ တန်ဖိုးကြီးပုံတည်း။

တချို့ လူနာများ ချောင်းဆိုး၍ ဆေးရုံ လာပြသည်။ ဓာတ်မှန် ရိုက်ကြည့်မှ TBဟု သိရသည်။ ကံဆိုးလှသည် မဟုတ်၊ ကံကောင်း၍ စောစီးစွာ ကုသမိ၍သာ ထိုသူ၌ သော်လည်းကောင်း၊ အတူနေသူ ကလေးသူငယ်များ၌ လည်းကောင်း၊ ပျံ့နှံ့မှု မရှိတော့ခြင်း ဖြစ်သည်။ ထို့အတူ အချို့သောသူများ၌ ဝမ်းချုပ်၍ လာပြသည်။ စစ်ဆေးကြည့်တော့ အူကျိတ် တွေ့ရသည်။ သို့သော် အူ မပိတ်ခင်၊ မပျံ့နှံ့ခင် ခွဲစိတ်လိုက်ရလျှင် အဆိုးထဲမှ အကောင်းဟု မှတ်ယူရမည်။ ဘာရောဂါမှ မဖြစ်လျှင် အကောင်းဆုံးပါ။ ဖြစ်လာခဲ့လျှင်လည်း စိတ်ဓာတ် ခိုင်ခိုင်မာမာနှင့် အချိန်မီ ထိရောက်စွာ ကုသသင့်ပါသည်။

မကွယ်ဝှက်တမ်း ဝန်ခံရမည်ဆိုလျှင် လူအများ၏ ကျန်းမာရေးကို စောင့်ရှောက်မှု ပေးနေသော ဆရာဝန်များအဖို့ "အတက်" ပေါင်းများစွာ ကြုံတွေ့ဖူးသကဲ့သို့ "အကျ" များလည်း မနည်းခဲ့ပေ။ ထိုသို့ ကြုံတွေ့တိုင်းလည်း၊ အထက်တွင် တင်ပြခဲ့သော အဖိုးအို သားအဖ ပုံပြင်ကို လက်ကိုင်ထား၍ ပြန်လည် အားမွေး ရင်ဆိုင် ရပါသောကြောင့် စာဖတ်သူ လူငယ် လူရွယ်များအတွက် "အကျနှင့် တွေ့လျှင်" နေတတ်ရန် အားပေး ရေးသား လိုက်ရပါတော့သည်။


Image Credit: freemusclebuildingtips.com

## ဒို့တာဝန်အရေးသုံးပါး

» ပြည်ထောင်စု မပြိုကွဲရေး။
» တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
» အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

» နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
» အမျိုးသား စည်းလုံး ညီညွတ်မှု ခိုင်မာရေး။
» စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ စနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
» ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

» စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
» ဈေးကွက် စီးပွားရေး စနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
» ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
» နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄)ရပ်

» တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
» အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
» စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန် ထမြောက်ရေး။
» တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ရောင်းတာ - ဝယ်တာ - သတိထားပါ

Win-Win

အော်စကာ
မင်္ဂလာပါ ဘကြီးဖြိုး။

ဘကြီးဖြိုး
မင်္ဂလာပါကွယ်၊ 2013 နှစ်ဦးမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ 0-1-2-3 အစီအစဉ်အတိုင်း တစ်နှစ်လုံး ကြီးပွား တိုးတက်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ကွယ်။

အော်စကာ
ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘကြီးဖြိုး၊ 2012 လည်း ကုန်ခဲ့ပြီဆိုတော့ 2013 မှာ ဘာလုပ်ငန်းတွေ လုပ်ရင် ကောင်းမလဲ ဘကြီးဖြိုး။

ဘကြီးဖြိုး
နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၊ ၁၁၊ ၂၀၁၂ နေ့မှာ ပြဌာန်းခဲ့ပြီး၊ နည်းဥပဒေကိုလည်း ရွှေ့နေချုပ်ရုံး အပါအဝင် ဝန်ကြီးဌာနတွေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကိုပါ သဘောထား မှတ်ချက် တောင်းခံပြီး ပြဌာန်းတော့မှာဆိုတော့ နိုင်ငံခြားနဲ့ အဆက်အသွယ်ရှာပြီး စီးပွားရေးတွေ လုပ်ပေါ့ကွယ်။

အော်စကာ
ပြောတော့သာ လွယ်တယ် ဘကြီးဖြိုးရယ်၊ ကျွန်တော်လို နိုင်ငံခြား အလည်အပတ် လေးတောင် မရောက်ဘူးတဲ့ လူအနေနဲ့ ဘယ်လို အဆက်အသွယ် ရှာပြီး စီးပွားရေး လုပ်လို့ ရပ့ါမလဲဗျာ။

ဘကြီးဖြိုး
ဒါဆိုလည်း ပြည်တွင်းဖြစ် စီးပွားရေးဘဲ လုပ်ပေါ့ကွာ။

အော်စကာ
ပြည်တွင်းဖြစ် စီးပွားရေးဆိုတာ ဘာလည်း ဘကြီးဖြိုးရေ၊ ရှင်းစမ်းပါဦး။

ဘကြီးဖြိုး
ဒေါ်လာ၊ ရွှေ၊ ကားနဲ့ အိမ်ခြံ၊ မြေ၊ လယ်ယာထွက် သီးနှံတွေ ဝယ်လိုက်၊ ရောင်းလိုက် လုပ်တာပေါ့ကွာ။

အော်စကာ
ဟုတ်တယ်၊ ဘကြီးဖြိုးရ ဒီစီးပွားရေးတွေနဲ့ ပြည်တွင်းသူဌေးတွေ ဖြစ်သွားတာ များမှ များပဲ။

ဘကြီးဖြိုး
ဒါပေမယ့် ရောင်းမှား၊ ဝယ်မှား မဖြစ်ဖို့တော့ လိုတာပေါ့ကွယ်။

အော်စကာ
ရှင်းပါဦး၊ ဘကြီးဖြိုးရဲ့။

ဘကြီးဖြိုး
မြေ ဝယ်ရောင်း လုပ်ကြတဲ့ လူတွေပေါ့ကွယ်၊ အမှန်တကယ် လိုအပ်လို့ ဝယ်ရောင်းတဲ့ လူတွေလည်း ပါတာပေါ့၊ ရောင်းတာ ဝယ်တာ ဥပဒေနဲ့ မညီတော့ အမှားအယွင်းတွေ ဖြစ်ကြတာပေါ့ကွယ်။

အော်စကာ
ဥပမာ တစ်ခုလောက် ပြောစမ်းပါဦး ဘကြီးဖြိုးရဲ့။

ဘကြီးဖြိုး
အိမ်တွေ ခြံတွေဆိုတာ မရွေ့ မပြောင်းနိုင်တဲ့ ပစ္စည်းတွေလေကွာ။ မရွေ့ မပြောင်းနိုင်တဲ့ ပစ္စည်းဆိုတာ အရပ်စာချုပ်နဲ့ အရောင်းအဝယ် လုပ်လို့ မရဘူး။ တရားမဝင်ဘူး၊ အရပ်စာချုပ်နဲ့ လုပ်ရင် အရောင်းအဝယ် ပျက်တယ် ပေါ့ကွာ။

အော်စကာ
အရပ်စာချုပ် ဆိုတာ ရှင်းပါဦး ဘကြီးဖြိုးရဲ့။

ဘကြီးဖြိုး
အရပ်စာချုပ်ဆိုတာ စာချုပ်တံဆိပ်ခေါင်း တွေ ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက် မကပ်ဘဲ၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှာ မှတ်ပုံ မတင်ဘဲ၊ အလွယ်တကူ စာချုပ်ချုပ်ဆို ရောင်းကြ၊ ဝယ်ကြတာကို ပြောတာပေါ့၊

အော်စကာ
အဲ့ဒီတော့၊ တရားဝင်အောင် ဘယ်လို လုပ်ရမလဲ ဘကြီးဖြိုးရ။

ဘကြီးဖြိုး
ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၄ အရ၊ ငွေကျပ် တစ်ရာနဲ့အထက် တန်ဘိုးရှိတဲ့ မရွေ့မပြောင်းနိုင်တဲ့ ပစ္စည်းတွေကို မှတ်ပုံတင် စာချုပ်နဲ့ ပြုလုပ်မှသာ တရားဝင်တယ်လို့ အတိအလင်း ပြဌာန်းထားတယ်ကွ။

အော်စကာ
ဒီလိုဆို မှတ်ပုံတင် စာချုပ်နဲ့ဘဲ အရောင်းအဝယ် လုပ်တော့မယ် ဘကြီးဖြိုးရာ၊ မှတ်ပုံတင် စာချုပ်နဲ့ အရောင်းအဝယ် လုပ်ရင် တရားဝင် အတည်ဖြစ်ပြီ မဟုတ်လား ဘကြီးဖြိုး။

ဘကြီးဖြိုး
ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် မဟုတ်သေးဘူးကွ၊ ပြည့်ပြည့်စုံစုံ မဟုတ်သေးဘူးလို့ ဆိုတာပါကွာ။ ဝယ်ပြီးမှ မှတ်ပုံတင် စာချုပ် လုပ်လို့ မရတာတွေ ရှိတယ်။

အော်စကာ
ဘကြီးဖြိုးရယ် မျက်စေ့လည်သွားပြီ၊ ကျွန်တော်ကို သိပ်ရှုပ်အောင် မပြောနဲ့ ဘကြီးဖြိုးရဲ့၊ ငယ်ငယ်တုန်းက ဂဏ်ပါထဲ ရောက်ရင် ပြန် ထွက်တက်တာ မဟုတ်ဘူးဗျ။

ဘကြီးဖြိုး
ရှုပ်အောင် လုပ်တာ မဟုတ်ပါဘူး။ ရှင်းအောင် ပြောပ့ါမယ်ကွယ်၊ ခုရှုပ်မှ နောင်ရှင်းဆိုတာ အမြဲမှတ်ထားကွ။

အော်စကာ
ဗိုင်းငင်သလို တစ်ပင်ချင်း ရှင်းပေးပါဦး ဘကြီးဖြိုးရာ။




ဘကြီးဖြိုး
အမှုတစ်မှု ရှိခဲ့ဘူးတယ်။ ကိုယ့်မိတ်ဆွေ အမျိုးသမီး တစ်ဦးက အိမ်၊ မြေ တစ်ကွက် ဝယ်တယ်ကွာ အိမ်ခြံ မြေ ဆိုတာ တန်ဘိုးမသေးလှတော့ ရောင်းတဲ့ လူက တကယ် ပိုင်ဆိုင်မှု ရှိ၊ မရှိ စစ်တာပေါ့၊ ဂရန်မှာ အမည် ပေါက်၊ မပေါက် ၊ ပေါင်ထားတာရှိ၊ မရှိ၊ အရှုပ်အရှင်း ရှိ၊ မရှိ။ သူ တတ်သိနားလည်သလောက် စာရွက်စာတမ်းတွေ သေချာ စီစစ်တယ်။

အော်စကာ
ဟုတ်ကဲ့။ စစ်ရမှာပေါ့ ဘကြီးဖြိုး။

ဘကြီးဖြိုး
မြေဂရန်မှာ ရောင်းသူ အမျိုးသမီးက သူ့နာမည် အပြင် သူ့ရဲ့ သားသမီး(၃)ဦး အမည်ကိုလည်း ထည့် ထားတယ်။ သားသမီး (၃) ဦးက အရွယ် မရောက်ကြသေးဘူးလေ၊ အဲ့ဒါနဲ့ ရောင်းသူ အမျိုးသမီးက သူကိုယ်တိုင် လက်မှတ်ထိုးပြီး ရောင်းမယ်၊ သားသမီး တွေ ကိုယ်စား မိခင်အနေနဲ့ ရောင်းမယ်၊ ပြောတော့ ကိုယ့် မိတ်ဆွေ ဝယ်တဲ့ လူကလည်း သဘောတူပြီး အရောင်း အဝယ် စာချုပ် ချုပ်ဆိုကြတယ်။ မြေနဲ့ အိမ်ကို ငွေအကြေ ပေးချေပြီး မြေနဲ့ အိမ်ကိုလည်း လက်ရောက် ရယူလိုက်တယ်။

အော်စကာ
ဒါပေါ့၊ မှန်တာပေါ့ ဘကြီးဖြိုးရယ်။

ဘကြီးဖြိုး
မဟုတ်ဘူး။ လိုသေးတယ် အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ဘို့ ကျန်သေးတယ်။

အော်စကာ
ဟာ ဟုတ်တာပေါ့၊ ဘကြီးဖြိုးရဲ့။

ဘကြီးဖြိုး
မြေဂရန်မှာ ရောင်းသူ အမျိုးသမီးအပြင်၊ သူ့ရဲ့သားသမီး (၃)ဦး ပူးတွဲ အမည်ပေါက်နေတယ်လေ။ မြေဂရန်မှာ အမည်ပေါက်နေတယ် ဆိုတဲ့ အဓိပ္ပါယ်က ဒီမြေကို ပိုင်တဲ့ လူက ရောင်းသူ အမျိုးသမီး တစ်ဦးတည်း မဟုတ်ဘူး။ သူ့ရဲ့ သားသမီး (၃) ဦးလည်း ပိုင်တယ်ဆိုတဲ့ အဓိပ္ပါယ် ဖြစ်တယ်။ သူ့ရဲ့ သားသမီး (၃)ဦးကလည်း အရွယ်မရောက် ကြသေးဘူး။ အရောင်းအဝယ် စာချုပ် မှာလည်း ရောင်းသူအနေနဲ့ ရောင်းသူ အမျိုးသမီး တစ်ဦးတည်း လက်မှတ် ရေးထိုးထားပြီး၊ အရွယ် မရောက်သေးတဲ့ သားသမီး (၃)ဦးက လက်မှတ် ရေးထိုးခွင့် မရှိသေးဘူးလေ။

အော်စကာ
စိတ်ဝင်စားလာပြီ အဲ့ဒီတော့ ဘာဖြစ်လည်း ဘကြီးဖြိုး။

ဘကြီးဖြိုး
အရွယ် မရောက်သေးတဲ့ သားသမီးတွေရဲ့ ပစ္စည်းတွေကို မိဘတွေက အုပ်ထိန်းသူအဖြစ် ရောင်းချခွင့် မရှိဘူး။ ဒါကြောင့် မိဘတွေက အရွယ် မရောက်သေးတဲ့ သားသမီးတွေရဲ့ ပစ္စည်းတွေကို ရောင်းချခြင်း၊ ပေါင်နှံခြင်းပြုရင် အဲဒီ လွှဲပြောင်းမှုဟာ တည်မြဲ ခိုင်မာခြင်း မရှိ ပျက်ပြယ်တယ်။ အဲဒီ မူသဘောကို အေအာဗွီ ချစ်တီးကုန်တိုက်နှင့် မောင်လှကြီး အမှု (၆၊ ရန်ကုန် စာမျက်နှာ ၃၂၉) နဲ့ ရန်ဂျာခန်နှင့် မချစ် အမှု (အေအိုင်အာ၊ ၁၉၃၄၊ ရန်ကုန်၊ စာမျက်နှာ ၁၇၈)တို့မှာ လေ့လာ ကြည့်ရှုနိုင်ပါတယ်။

အော်စကာ
ဖတ်မနေတော့ပါဘူး ဘကြီးဖြိုးရာ ဆက်ရှင်းပါဦး။

ဘကြီးဖြိုး
အရောင်းအဝယ်စာချုပ်မှာ၊ ရောင်းသူဆိုရာတွင် ၎င်း၏ အမွေစား၊ အမွေခံ အပါအဝင် ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ဖော်ပြထားတာက ရောင်းတဲ့ အမျိုးသမီးနဲ့သာ သက်ဆိုင်တယ်လေကွယ်၊ အရွယ်မရောက်သေးသူ သားသမီးများ ပိုင်တဲ့ပစ္စည်းနဲ့ သက်ဆိုင်ခြင်း မရှိဘူး။

အော်စကာ
အဲဒီတော့ ဘယ်လို ဖြစ်မလဲ ဆရာ။

ဘကြီးဖြိုး
ရောင်းတဲ့ အိမ်နဲ့ မြေမှာ ရောင်းတဲ့ ပိုင်ရှင်အမျိုးသမီးက ၄ ပုံ၊ ၁ ပုံဘဲ ပိုင်ပြီး ကျန်တဲ့ ၄ ပုံ၊ ၃ ပုံ ကို အရွယ် မရောက်သေးတဲ့ သားသမီးတွေက ပိုင်တာပေါ့။

အော်စကာ
ဟုတ်တာပေါ့၊ ရောင်းတဲ့ ဂရန်မြေမှာ (၄)ဦး အမည်ပေါက်နေတော့ တစ်ယောက် တစ်ပုံစီဘဲ ပိုင်တဲ့ သဘောပေါ့၊ ဝယ်တဲ့ လူက ရောင်းသူအမျိုးသမီး ပိုင်တဲ့ အိမ်မြေရဲ့ တစ်ပုံကိုဘဲ ရခွင့် ရှိပြီး၊ ကျန် အရွယ် မရောက်သေးတဲ့ သားသမီး (၃)ဦး ပိုင်တဲ့ (၃)ပုံကို ရခွင့် မရှိတော့ဘူးပေါ့။

အဲ့ဒီတော့ ဝယ်သူ နစ်နာတာပေါ့ ဘကြီးဖြိုးရယ်၊ ဘယ်လို လုပ်ရမလဲ။

ဘကြီးဖြိုး
အရောင်းအဝယ် စာချုပ်မှာ ပါတဲ့ ပဋိညာဉ်အတိုင်း၊ ရောင်းသူက ရောင်းရန် သဘောတူထားတဲ့ ပစ္စည်းတစ်ရပ်လုံးကို လွှဲပြောင်း မပေးနိုင်တဲ့ ကိစ္စမှာ ပဋိညာဉ်ကို ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးဖို့ သီးခြားသက်သာ အခွင့်ဥပဒေပုဒ်မ ၁၄နဲ့ ၁၅မှာ ပြဌာန်းထားပါတယ်ကွာ။

အော်စကာ
တော်သေးတာပေါ့ဗျာ။

ဘကြီးဖြိုး
ပဋိညာဉ် တစ်ရပ်လုံးကို မဆောင်ရွက်နိုင်လို့၊ မဆောင်ရွက်ဘဲ ချန်ထားရမည့် အပိုင်းဟာ ပဋိညာဉ် တစ်ရပ်လုံးရဲ့ သေးငယ်တဲ့ အစိတ်အပိုင်း ဖြစ်ရင်၊ ပဋိညာဉ် အတိုင်း ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်စေပြီး သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၁၄ အရ၊ ကျန်သေးတဲ့ အစိတ်အပိုင်း အတွက် ငွေပေးလျော်ခွင့် ပြုနိုင်တယ်။

ဒါပေမယ့် သီးခြားသက်သာ ခွင့်လွှတ် ဥပဒေပုဒ်မ ၁၅ အရ မဆောင်ရွက်နိုင်တဲ့ အစိတ်အပိုင်းဟာ ပဋိညာဉ် တစ်ရပ်လုံးရဲ့ များပြားတဲ့ အစိတ်အပိုင်း ဖြစ်ရင် ပဋိညာဉ် အတိုင်း ဆောင်ရွက်ရန် ကိစ္စအနက် ဆောင်ရွက်နိုင်သမျှကို သီးခြားဆောင်ရွက်စေနိုင်ပြီး နစ်နာတဲ့အတွက် လျော်ကြေး ရပိုင်ခွင့်ကို စွန့်လွှတ်ရမှာ ဖြစ်ပါတယ်။

ဒီမှာတော့ စာချုပ်အရ သီးခြား ဆောင်ရွက်ပေးနိုင်တဲ့ အပိုင်းက သေးတော့ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၁၄၊ ၁၅ အရ မဆောင်ရွက် နိုင်ဘူး။ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၁၇ မှာလည်း မဆောင်ရွက်နိုင်တဲ့ ပဋိညာဉ် တစ်ပိုင်း တစ်စကို သီးခြား ဆောင်ရွက်စေခြင်း မပြုရလို့ ဆိုထားတယ်ကွဲ့။

အော်စကာ
ဒါဆို ဝယ်သူက အိမ်၊ မြေကို လက်ရောက် ရပြီးပေမယ့် တရားဝင် မှတ်ပုံတင် စာချုပ် မချုပ်နိုင်တော့ဘူး ပေါ့နော်။

ဘကြီးဖြိုး
အဲ့ဒီလိုဘဲ သုံးသပ်နိုင်တာပေါ့ကွယ်။ ရောင်းသူ ဝယ်သူတွေ အနေနဲ့ ဒီလို အချက်တွေ ရှိတယ်ဆိုတာလည်း သိထားသင့်လို့ ဥပဒေ ဗဟုသုတအနေနဲ့ ဘကြီးဖြိုးက ရှင်းပြတာပါကွယ်။

အော်စကာ
ignorance of law is no excuse ဆိုတော့ အမှားတွေ မဖြစ်အောင် ဥပဒေအကြောင်း သိနိုင်သလောက် သိချင်ပါတယ်။

နောက်အပါတ်တွေမှာလည်း ဆက်ရှင်းပါဦး ဘကြီးဖြိုး ရယ်။

၁။ ဒေါ်သန်းစိန် ၂။ဒေါ်မြမြ (ခ) ဒေါ်မြမြချစ် နှင့် ဒေါ်အေးအေးကြည်ပါ (၃)၊ အမှုစီရင်ထုံး (၁၉၉၈ ခုနှစ်/ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၂၆၃ စုံညီ)ကို ကိုးကားပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# မိုဘိုင်းလ်ခေတ်အတွက် iOS နှင့် Mac Development သင်တန်းများကို သင်ကြားနိုင်ပြီ


Image Credit: via en.wikipedia.org

Myanmar SoftCom Technologyမှ iOS Developer Course နှင့် Mac Developer Course များကို Real Project များဖြင့် Developer များ ကိုယ်တိုင် သင်ကြားပို့ချမည်ဟု သတင်းရရှိသည်။ Mobile Development များ အရေးပါလာသည့် အလျောက် 2013 နောက်ပိုင်းတွင် Mobile Development သည် မြန်မာပြည်တွင် အရေးပါသော နည်းပညာ တစ်ရပ်ဖြစ်လာမည် ဖြစ်သည့်အားလျော်စွာ မြန်မာလူငယ်များ ခေတ်နောက်ကျ မကျန်ခဲ့စေရန် Myanmar SoftCom Technologyမှ iOS Developer နှင့် Mac Developer သင်တန်း နှစ်မျိုးကို စတင် ဖွင့်လှစ်သင်ကြားပေးမည်ဟု သိရသည်။

Myanmar SoftCom Technology သည် Microsoft Company၏ Partner Company ဖြစ်ပြီး မြန်မာနိုင်ငံ၌ နည်းပညာဖြင့် Computer သင်တန်းများကို မည်သည့် သင်တန်းနှင့်မျှ မတူ Lastest Technology, Real Project, Exercise, Assigment, Presentationများနှင့် စနစ်တကျ သင်ကြားပေးနေသော သင်တန်း ဖြစ်သည်ဟု သိရသည်။

ဤ Mobile Development သင်တန်းတွေကို Basic Courseနှင့် Advance Course ဆိုပြီး နှစ်မျိုး ခွဲထားပါတယ်။ Course တစ်ခုအတွက် သင်တန်းကြေး ၁၅၀,၀၀၀ ကျပါတယ်၊ သင်တန်းကာလကတော့ ၂ လခွဲ ကြာပါမယ်။ "ကျွန်တော်တို့ သင်တန်းမှာ Android, iOS နှင့် Mac ဆိုပြီး platform (၃) မျိုး ရှိပါတယ်။ ကြိုက်နှစ်သက်ရာ တစ်လိုင်းကို ရွေးပြီး Basic မှ Advancedထိ တက်လို့ရပါတယ်။ သင်တန်းသူ/သားများကို အမှန်တကယ် တတ်ဖို့ တကယ် သင်ကြားပေးပါတယ်၊ သင်တန်း ပြီးသွားရင် OJT ကို Free လုပ်ခွင့် ပေးပါတယ်၊ OJT ပြီးသွားရင် အလုပ်အကိုင် ရှာဖွေပေးပါတယ်"ဟု Myanmar SoftComမှ ဦးနေမျိုးအောင်က ပြောသည်။

အသေးစိတ် သိရှိလိုပါက တိုက်(၆)၊ အခန်း (၆၅)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်၊ ဖုန်း-09-5401040၊ 09-43177692 သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

# နိုင်ငံတကာ အဆင့်မီ ဝက်ဘ်ဆိုက် ရေးသားနည်းဆိုင်ရာ သင်တန်း ဖွင့်လှစ်မည်



Image Credit: via bloggerspath.com

အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ Website များ၏ အခန်းကဏ္ဍမှာလည်း လွန်စွာ အရေးပါလာသဖြင့် ခေတ်မီဆန်းသစ်သော Website များအား စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ပြီး Website ရေးဆွဲနည်း သင်တန်းကို Myanmar WWW Institute (M3WI) မှ ထပ်မံ ဖွင့်လှစ်သွားမည် ဖြစ်သည်။ ယင်း သင်တန်းတွင် Website တစ်ခုအား ဖန်တီးပုံကို အခြေခံမှ စပြီး ကျွမ်းကျင် အဆင့်အထိ ရောက်အောင် သင်ကြားပေးမည် ဖြစ်သည်။ အဆိုပါ သင်တန်းတွင် အင်တာနက်ပေါ်၌ မိမိ သိရှိ လိုသည့် အကြောင်း အရာများအား မည်ကဲ့သို့ ရှာဖွေ ရမည် မည်ကဲ့သို့ အသုံးပြုရမည်ကို သိရှိစေရန်အတွက် Introduction to Internet & WWW၊ Web Pageများ ရေးသားရန်အတွက် မရှိမဖြစ် အရေးပါဆုံး ဖြစ်သော HTML၊ Web Pageများအား ပိုမို စနစ်ကျလှပအောင် ပြုလုပ်နိုင်သော CSS၊ User ထည့်သွင်းထားသော Data များကို စစ်ဆေးရန်အတွက် JavaScript၊ Web Pageများ ရေးသားရာတွင် ပါဝင်မည့် အချက်များနှင့် လိုက်နာရမည့် အချက်များအား သင်ကြားပေးမည့် Web Design စသည်များအား သင်ယူရမည် ဖြစ်သည်။

ထို့ပြင် Web Page များကို အလွယ် တကူ ဖန်တီးနိုင်ရန်အတွက် Dreamweaver၊ Animationများ ပြုလုပ်နိုင်ရန်အတွက် Adobe Photoshop & Flash၊ လူအများ သိရှိစေရန်အတွက် မည်ကဲ့သို့ Marketing ပြုလုပ်ရမည်ကို သိရှိနိုင်စေရန် eMarketing၊ အင်တာနက်ပေါ်တွင် Data Interchange ပြုလုပ်ရန် အတွက် XML၊ ကွန်ပျူတာများ Network ချိတ်ဆက်ရာတွင် လိုအပ်သော Protocol တစ်ခုဖြစ်သည့် TCP/IP စသည့် ဘာသာရပ်များလည်း ပါဝင်မည် ဖြစ်သည်။ ထို့အပြင် သင်တန်းသားများအား Assignmentများ၊ Projectများကို ကိုယ်တိုင် ပြုလုပ်စေခြင်းဖြင့် ပိုမို တတ်ကျွမ်း နားလည်စေမည် ဖြစ်သည်။ ထို့ကြောင့် လက်တွေ့ လုပ်ငန်းခွင်တွင် အမှန်တကယ် အကျိုး သက်ရောက် ဖြစ်ထွန်းစေမည် ဖြစ်သည်။ ၎င်း သင်တန်းအား ကွန်ပျူတာကို ကောင်းစွာ အသုံးပြုတတ်သူ မည်သူမဆို တက်ရောက်နိုင်မည် ဖြစ်သည်။ သင်တန်းကာလမှာ (၃)လခန့် ကြာမြင့် မည် ဖြစ်ပြီး တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာတွင် ညနေ ၄း၀၀ မှ ၇း၀၀ နာရီအထိ သင်ကြားမည် ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် ကြိုတင် စာရင်းပေးသွင်းကြရမည် ဖြစ်သည်။

အဆိုပါ သင်တန်းများကို Myanmar WWW Institute (M3WI) သင်တန်း တည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။ (ဖုန်း) ၆၅၂၂၈၈၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# Software လောကတွင် အသုံးများတဲ့ .Net Developer Course



Image Credit: via artistsvalley.com

.NET Devoloper Courseကို Microsoft၏ အသစ်ထွက် .NET 4.5 နှင့် SQL Server 2012 တို့နှင့် သင်ကြားပေးမည်။ Software လောကတွင် ရေးသားရ မြန်ဆန်ပြီး အသုံးများသော .NET ကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် .NET Development Course ကို Myanmar SoftCom Technology မှ နောက်ဆုံးပေါ် Lastest Technologies များကို အသုံးပြုပြီး သင်ကြားပေးမည်ဟု သိရသည်။

နိုင်ငံတကာတွင် .NET Developer ခေါ်ယူမှုများ များပြားလာသည့်အလျောက် .NETကို အမှန်တကယ် ကျွမ်းကျင်စွာ အသုံးပြုတတ်ဖို့အတွက် အရေးကြီးသော အချက် ဖြစ်လာသည်။ "ကျွန်တော်တို့ .NET Developer Courseကို ဖွင့်လာတာ အခုဆို တန်းခွဲ ၁၅ ခု ရောက်လာပါပြီ။ အခု ဖွင့်မယ့် တန်းခွဲက ၁၆ ခု မြောက်ပါ။

ဒီ .NET Developer Course မှာ Microsoft၏ Lastest Technologies တွေကို သုံးပြီး နိုင်ငံတကာရှိ သင်ကြားမှု နည်းစနစ်များ အတိုင်း သင်ကြားပေးမှာပါ။ ဒီသင်တန်း၏ ထူးခြားချက်က သင်တန်းပြီးသွားရင် ကြိုက်တဲ့ Company မှာ ဝင်ရောက် လုပ်ကိုင်နိုင်မှာပါ၊ အဲဒီအတွက် အာမခံပြီး သင်ကြားပေးတဲ့ သင်တန်း ဖြစ်ပါတယ်၊ အရင်က Programmer တွေကို Internal Training အနေနှင့် သင်ကြားပေးတာပါ၊ ဒီသင်တန်းမှာ Foundation, Windows, Web, Design Pattern, Andvanced Technique, MCPD Exam နှင့် OJT တို့ ပါဝင်ပါတယ်။ တစ်ခု ပြီးတိုင်း Assigment, Exam, Project, Presentation တို့ကို တစ်ဦးချင်း ပြုလုပ်ရပါတယ်၊ သင်တန်းမှာ .NET 4.5 နှင့် SQL Server 2012 တို့နှင့် သင်ကြားပေးမှာပါ၊ သင်တန်းကာလက (၈) လ ကြာပါတယ်။ သင်တန်းကြေးကတော့ ၅၀၀,၀၀၀ ပါ၊ အမှန်တကယ် တတ်ချင်ရင်တော့ သင်တန်းကို လာခဲ့ပါ၊ အာမခံပြီး သင်ပေးပါတယ်၊ Microsoft နှင့် ပတ်သက်ရင်တော့ ကျွန်တော်တို့ သင်တန်းက အချိန်မရွေး မည်သည့် အခက်အခဲမဆို တာဝန်ယူ ဖြေရှင်းပေးပါတယ်"ဟု Myanmar SoftComမှ ဦးနေမျိုးအောင်က ပြောသည်။

အသေးစိတ် သိရှိလိုပါက တိုက်(၆)၊ အခန်း (၆၅)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်၊ ဖုန်း - 09-5401040၊ 09-43177692 သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

# UNIVERSITY OF MASSACHUSETTS DARTMOUTH



University of Massachusetts Dartmouth သည် ၁၈၉၅ ခုနှစ်ကတည်းက သင်ကြားမှုများကို စတင်ခဲ့ပြီး၊ Massachusetts ပြည်နယ်၊ Darmouth မြို့ မြောက်ပိုင်းတွင် တည်ရှိသော တက္ကသိုလ် တစ်ခုဖြစ်သည်။ University of Massachusetts Dartmouth သည် University Massachusetts System တွင် ပါဝင်ပြီး၊ The Time Higher Education Rankings အရ Top 60 တွင် တည်ရှိသော တက္ကသိုလ်ကြီး တစ်ခုဖြစ်သည်။ UMass Darmouth သည် Public University တစ်ခု ဖြစ်ပြီး၊ နိုင်ငံပေါင်း (၅၄) နိုင်ငံမှ တက်ရောက်နေသော ကျောင်းသားဦးရေ (၉,၀၀၀) ကျော်သည် ဒီဂရီ ဘွဲ့ပေါင်း (၈၈) ခု ရွေးချယ် တက်ရောက်နိုင်သည်။

UMass Dartmouth ၏ Charlton College of Business သည် AACSB (The Association to Advance Collegiate School of Businessကို အသိအမှတ်ပြု ခံထားရသည့်အပြင်၊ သုတေသနပိုင်း ဆိုင်ရာအတွက် USD 20 Million ကို ရင်းနှီးမြုပ်နှံထားသော တက္ကသိုလ် တစ်ခုလည်း ဖြစ်ပါသည်။ Business ဘာသာရပ်အတွက်လည်း The Princeton Review အရ "The Best 300 Business School" အဖြစ် အသိအမှတ်ပြု ခံထား ပါသည်။

UMass Dartmouth ၏ Engineering ဘာသာရပ်သည် WashingtonAccord မှ အသိအမှတ်ပြုထားသောABET(Accreditation Board for Engineering and Technology) မှ အသိအမှတ်ပြုထားသည့် အပြင် The US News and World Report အရ Ranking 40 နေရာတွင် တည်ရှိသည်။ The College of Engineering သည် ဌာန (၆)ခု ဖြစ်သော (Bioengineering, Civil and Environmental Engineering, Computer and Information Science, Electrical and Computer Engineering, Mechanical Engineering, Physics တို့ဖြင့်) ဖွဲ့စည်းထားသည်။

US News and World Report အရ UMass Dartmouth သည် New England တွင် Top Regional University အဖြစ် အစဉ်အဆက် တည်ရှိနေသော တက္ကသိုလ် တစ်ခုလည်း ဖြစ်သည်။




## New England ၏ တောင်ပိုင်းရှိ Dartmouth မြို့

Dartmouth မြို့သည် အတ္တလန္တိတ် ကမ်းရိုးတန်းနှင့် လှပသော တောအုပ်များကြားတွင် တည်ရှိပြီး၊ Massachusetts ၏ ပဋ္ဌမမြောက် အကြီးဆုံး မြို့ဖြစ်သည်။ Boston မြို့သို့ တစ်နာရီအတွင်း ရောက်နိုင်ပြီး၊ ကမ်းခြေများသို့လည်း အလွယ်တကူ သွားရောက် လည်ပတ်နိုင်ပါသည်။ အနီးဆုံးတွင် တည်ရှိသော ကမ်းခြေသို့ ၂၅ မိနစ် ကားဖြင့် သွားရုံနှင့် ရောက်ရှိမည် ဖြစ်သည်။ သင့်တင့်မျှတသော ရာသီဥတု ရှိကာ နွေရာသီလများတွင် အပူချိန်အားဖြင့် ၁၆˚C ခန့် ရှိသည်။

## Navitas At UMass Dartmouth

Navitas at UMass Dartmouth University နှင့် ချိတ်ဆက်ပြီး၊ ၇၀ဝ ဧက ကျယ်ဝန်းသော တက္ကသိုလ်ကျောင်းထဲတွင် တည်ရှိသည်။ Navitas at UMass Dartmouth သည် နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများအတွက် UMass Dartmouth ရှိ Business, Engineering, Lineral Arts နှင့် Sciences ဘာသာရပ်တို့ကို စုံလင်စွာ တက်ရောက်နိုင်ရန် တက္ကသိုလ် ပထမနှစ်နှင့် ညီမျှသော University Pathway Progarm (UPP)ကို စီစဉ်ထားပါသည်။ Navitas at UMass Dartmouth တွင် SAT I နှင့် SAT IIတို့ကို ဖြေဆိုစရာ မလိုအပ်ဘဲ တိုက်ရိုက် တက်ရောက်နိုင်ပါသည်။ တက္ကသိုလ် ပထမနှစ်နှင့် ညီမျှသော UPP ကို နိုင်ငံတကာမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသော သူများအတွက် UMass Dartmouthတွင် အဆင်ပြေပြေ စတင် တက်ရောက်နိုင်ရန်အတွက် တက္ကသိုလ် ဒုတိယနှစ်သို့ တက်ရောက်သောအခါ မိမိနှစ်သက်ရာ မေဂျာကို ဆက်လက် ရွေးချယ်နိုင်ရန်အတွက်လည်း စီစဉ်ထားပါသည်။

UMass Dartmouth တွင် MBA သို့မဟုတ် Master of Science (MS) ကို တက်ရောက်လိုသော နိုင်ငံတကာမှ ဘွဲ့ရကျောင်းသူ၊ ကျောင်းသားများအနေနှင့် One Semester Program ဖြစ်သော Pre- Master's Program (PMP)မှ စတင် တက်ရောက်နိုင်ပါသည်။ ထို PMP Programme မှာ MBA သို့မဟုတ် MS တက်ရောက်နိုင်သော ကျောင်းသူ၊ ကျောင်းသားများတွင် လိုအပ်မည့် အရည်အချင်းကို ဖြည့်စွက်ပေးရန် အထူး စီစဉ်ထားသော Programme ဖြစ်သည်။ ထို့ပြင် PMP Programme ကို Credit ပေးထားသည်။ သို့ပါ၍ PMP နှင့် Master Programmeကို တက်ရောက်ရန်အတွက် အချိန်ကာလ (၁)နှစ် ခွဲမှ (၂) နှစ်သာ ကြာမြင့်ပါသည်။ Master Programme တွင် Accounting, Finance, International Business, Marketing, Public Management, Sustainable Development အစရှိသည့် ဘာသာရပ်များကို တက်ရောက်နိုင်ပါသည်။

နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေစွာ တက်ရောက်နိုင်ရန်အတွက် တစ်နှစ်လျှင် ကျောင်းဖွင့်ချိန် (၃) ချိန် ထားရှိပေးထားပါသည်။ စာသင်ကြားရာတွင်လည်း Small Class Size ဖြင့် သင်ကြားပေးသည့်အတွက် ကျောင်းသားများအနေနှင့် စာသင်ယူမှု အပိုင်းတွင် အာရုံ စူးစိုက်မှုကို ပိုမို ရရှိစေပါသည်။ Navitas at UMass Dartmouth တွင် Libraries, Computer Laboratories, Health Service, Recreation Facilities, Counseling Services စသည့် ဝန်ဆောင်မှုများ ထားရှိပေးထားပါသည်။



## ဝင်ခွင့် သတ်မှတ်ချက်နှင့် ကုန်ကျစရိတ်

အင်္ဂလိပ်စာ လိုအပ်ချက် အနေနှင့် UPP Programme တက်ရောက်လိုသူများမှာ IELTS (5.5) သို့မဟုတ် TOEFL (525) ရှိရန် လိုအပ်ပါသည်။ ကျောင်းလခ ကုန်ကျစရိတ်အနေနှင့် UPP Programကို အမေရိကန် ဒေါ်လာ (၂၃,၃၁၇) ကုန်ကျမည်ဖြစ်ပြီး၊ PMP Programmeကို အမေရိကန်ဒေါ်လာ (၁၀,၉၈၅) ကုန်ကျမည် ဖြစ်သည်။ ကျောင်းဖွင့်ချိန်များမှာ ဇန်နဝါရီ၊ ဇွန်နှင့် စက်တင်ဘာလများ ဖြစ်သည်။

သို့ဖြစ်ပါ၍ University of Massachusetts Dartmouthသို့ ကျောင်းလျှောက်ထားလိုသူများ Regent Consultancy Services Co., Ltd. မှ တဆင့် လျှောက်ထားရမည် ဖြစ်သည်။ ကျောင်းလျှောက်လိုသူများ သာမက ပညာရေးအတွက် ဆွေးနွေး တိုင်ပင်လိုသူများသည်လည်း Regent Consultancy Services Co., Ltd, အမှတ် ဘီ (၁၃+၂၃) ရွှေကိန္နရီ အဆင့်မြင့်အိမ်ယာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်။ ဖုန်း ၀၁-၅၀၀-၀၅၄၊ ၀၉-၅၀၁-၉၈၇-၀၊ ၀၉-၇၃၂-၀၅၃-၃၃ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်း ဆွေးနွေးနိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 2

**Earth Mechanics, Inc.**
Geotechnical and Earthquake Engineering


17660 Newhope Street, Suite E,
Fountain Valley, CA 92708
(714) 751-3826, Fax (714) 751-3928


# Earthquake Engineering Basic Course


By Hubert Law (ဒီးကို)


နေပြည်တော်တွင် ဖန်ကြီးဗျာနှစ်ခုကို Technical Presentation လုပ်ပေးခဲ့တဲ့ Earthquake Engineering Basic Theory နှင့် Fundamental များအကြောင်းကို အချိန်တိုအတွင်း လေ့လာသင်ယူနိုင်ရန် ဖော်ပြပေးခြင်း ဖြစ်ပါသည်။ ယခုသင်ခန်းစာကို အမေရိကပြန် Earthquake Engineer (Hubert Law, ဆရာ ကိုဒီးကို)မှ သင်ကြားပို့ချခြင်းဖြစ်ပြီး Mr. Lawသည် PHD in Civil Engineering Degree, Specialized in Earthquake Engineering ဘွဲ့တို့ကို ရရှိခဲ့သူတစ်ဦး ဖြစ်သည်။ ဆရာကိုဒီးကို၏ ခွင့်ပြုချက်အရ ယခု သင်ခန်းစာကို အပတ်စဉ် ဖော်ပြပေးခြင်းလည်း ဖြစ်ပါသည်။


## Topic 5: **Liquefaction**





CARTOON BY

စမ်းချောင်း
ကိုကိုအောင်



# ပြောင်းလဲ တိုးတက်လာမည့် မြန်မာ့စီးပွားရေး အခြေအနေအရ ၂၀၁၃ ခုနှစ်အတွက် သင်ယူသင့်သော စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘာသာရပ်များ


*Image Credit: via emoneylog.com*

ယနေ့ မြန်မာနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒ အပြောင်းအလဲများကြောင့် နိုင်ငံတကာမှ အထူး အာရုံစိုက်လျက်ရှိပြီး နိုင်ငံစုံ စီးပွားရေးလုပ်ငန်းရှင် အများအပြားမှ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လာရောက် ရင်းနှီးမြုပ်နှံကြလျှက် ရှိသည်။ နိုင်ငံရပ်ခြားမှ ရင်းနှီးမြုပ်နှံမှုများ လာရောက်မည့် အလားအလာ ကောင်းများကြောင့် စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲ ကျွမ်းကျင်သူများ အထူး လိုအပ်လာပြီး နိုင်ငံတကာမှ စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘွဲ့ရှိသူများအနေဖြင့် မိမိနိုင်ငံ အတွင်းမှာပင် နိုင်ငံရပ်ခြားမှ လစာနှုန်းထား ခံစားခွင့်များအတိုင်း ရရှိနိုင်ကြတော့မည် ဖြစ်သည်။

စီးပွားရေးလုပ်ငန်း နယ်ပိုင်းတိုင်းအတွက် စာရင်းအင်းပညာရှင်များ မရှိမဖြစ် လိုအပ်သည့်အတွက် စာရင်းကိုင် ဘာသာရပ်ကို ကျွမ်းကျင်အောင် တတ်မြောက်ထားသူများသည် ကျယ်ပြန့်သော လုပ်ငန်းခွင် ရွေးချယ်ခွင့်များ ရရှိနိုင်ကြမည်ဖြစ်သည်။ Finance (ဘဏ္ဍာရေး) ဘာသာရပ်သည် ငွေနှင့် ရင်းနှီးမြုပ်နှံမှုများအကြောင်း သင်ကြားပေးခြင်း ဖြစ်ပြီး မိမိ၏ ကိုယ်ပိုင် လုပ်ငန်း (သို့ ) ဖက်စပ်လုပ်ငန်း (သို့) ကုမ္ပဏီ လုပ်ငန်း (သို့) အစိုးရ အဖွဲ့စည်းများ အတွင်း ရင်းနှီးမြုပ်နှံခြင်း၊ ရှယ်ယာနှင့် စာချုပ်များ ဝယ်ယူခြင်း၊ ၎င်း ရင်းနှီးမြုပ်နှံမှုများမှ ရရှိမည့် အကျိုးအမြတ်များအား စီမံခန့်ခွဲခြင်းနှင့် မိမိ၏ ရင်းနှီးမြုပ်နှံမှုအား ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် စီမံဆောင်ရွက်နိုင်စေရန် သင်ကြားပေးမည့် ဘာသာရပ် ဖြစ်သည်။ စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်များ စင်ကာပူနိုင်ငံတွင် သင်ယူလိုသူများအတွက် စင်ကာပူအစိုးရ အသိအမှတ်ပြု Edu Trust လက်မှတ် (၄) နှစ် ရရှိထားသည့် ထိပ်တန်း ပုဂ္ဂလိက ကျောင်းများ ဖြစ်သည့် PSB, MDISU, CURTIN, SMF, SAA-GE တို့တွင် သင်ယူနိုင်ကြမည်ဖြစ်ပြီး ဩစတြေးလျ၊ အင်္ဂလန်နိုင်ငံနှင့် နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ဒီဂရီများ ရရှိနိုင်ကြမည် ဖြစ်သည်။ PSB Academy သည် (၂၀၁၃) ခုနှစ်အတွက် ဩစတြေးလျနိုင်ငံ၏ The University of Newcastle, The University of Wollgong အင်္ဂလန်နိုင်ငံ၏ Manchester Metropolitan University တို့နှင့် ချိတ်ဆက်ထားသော စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ဘွဲ့ဒီဂရီ ရယူလိုသူများသည် အခြေခံပညာ အထက်တန်း အောင်မြင်ပြီးပါက PSB ၏ စီးပွားစီမံဒီပလိုမာ (စာရင်းအင်းနှင့် ဘဏ္ဍာရေး) သို့မဟုတ် အခြေခံ စီးပွားရေး ဒီပလိုမာမှတစ်ဆင့် စာရင်းအင်းနှင့် ဘဏ္ဍာရေး အထူးပြုဘွဲ့ ဒီဂရီတန်းများသို့ ရယူနိုင်ကြမည် ဖြစ်သည်။

(၂၀၁၃) ခုနှစ် စင်ကာပူတွင် ပုဂ္ဂလိက ပညာသင်ကြားရေး အတွေ့အကြုံ နှစ်ပေါင်း (၆၀) ဝန်းကျင်ရှိ MDIS သည် အမေရိကန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အင်္ဂလန်နိုင်ငံတို့မှ ထိပ်တန်းတက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ကာ နိုင်ငံတကာ အဆင့်မီ ဘွဲ့ဒီဂရီ အမျိုးမျိုးတို့ကို ပေးအပ်လျှက် ရှိပါသည်။

မြန်မာနိုင်ငံမှ အခြေခံ အထက်တန်း အောင်မြင်ပြီးသူများမှာ MDIS ၏ စီးပွားစီမံ ဒီပလိုမာနှင့် အဆင့်မြင့် စီးပွားစီမံ ဒီပလိုမာများကို တက်ရောက်ပြီး အင်္ဂလန်နိုင်ငံရှိ University of Bradford၏ စာရင်းအင်းနှင့် ဘဏ္ဍာရေး ဘွဲ့ ဒီဂရီနှင့် University of Wales ၏ ဘဏ်လုပ်ငန်းဆိုင်ရာ နှင့် ဘဏ္ဍာရေး ဘွဲ့ ဒီဂရီ စသည်တို့ကို တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ဩစတြေးလျရှိ James Cook University (JUC) နှင့် Curtin University တို့၏ Campus အခွဲများကို စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်ထားကာ ယခုအခါ Top Private စာရင်းဝင်များအဖြစ် ရပ်တည် လျှက်ရှိကြပါသည်။ Curtin University ၏ စာရင်းအင်းနှင့် ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး၊ ဘဏ္ဍာရေးနှင့် ဈေးကွက်ဆိုင်ရာ ဘွဲ့ဒီဂရီတန်းများကို ရယူလိုသူများသည် Certificate IV Tertiary Preparation နှင့် စီးပွားကူးသန်း ဒီပလိုများမှတဆင့် ဒီဂရီတန်းများသို့ တက်ရောက်နိုင်မည် ဖြစ်သည်။ အသိအမှတ်ပြု စာရင်းအင်းဘွဲ့ ရရှိပြီးသူများမှာ Curtin University စာရင်းအင်းဆိုင်ရာ မဟာဘွဲ့ ဒီဂရီတန်းသို့ တက်ရောက်ခွင့် ရရှိနိုင်မည် ဖြစ်သည်။

JUC, Singapore တွင် စာရင်းအင်း ကျွမ်းကျင်မှုဆိုင်ရာ မဟာဘွဲ့ ဒီဂရီ၊ စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်ရေး မဟာဘွဲ့ ဒီဂရီနှင့် စာရင်းအင်း ကျွမ်းကျင်မှုဆိုင်ရာ မဟာဘွဲ့ ဒီဂရီတို့ကို ပေါင်းစပ် ပေးအပ်မည့် Joint Master တို့ကို တက်ရောက်သင်ကြားခွင့် ရရှိနိုင်မည် ဖြစ်ပါသည်။

အချိန်တိုအတွင်း Murdoch University, Australia, University College of Dublin, Ireland, University of Portsmouth, UK စာရင်းအင်း၊ ဘောဂဗေဒ၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေး ဘွဲ့ဒီဂရီများကို ဘာသာရပ် တစ်ခုချင်းစီ (သို့) ဘာသာများ ပေါင်းစပ် သင်ကြားပေးမည့် Double Majors အဖြစ် Kaplan Higher Learning Academy တွင် ရွေးချယ် တက်ရောက်နိုင်မည်ဖြစ်ပြီး ၎င်း ဘွဲ့ဒီဂရီများအတွက် Kapla မှ ပေးအပ်မည့် စာရင်းကို ဒီပလိုမာ (သို့) ဘဏ်လုပ်ငန်းနှင့် လုံခြုံ စိတ်ချရသော ရင်းနှီးမြုပ်နှံမှုဆိုင်ရာ ဒီပလိုမာ တစ်ခုခုကို တက်ရောက်ရမည် ဖြစ်သည်။ ထူးခြားမှုမှာ ဘဏ်လုပ်ငန်းနှင့် လုံခြုံစိတ်ချရသော ရင်းနှီးမြုပ်နှံမှုဆိုင်ရာ ဒီပလိုမာ တက်ရောက်သူများမှာ Chatered Institute for Securities and Investment (CISI) မှ ပေးအပ်မည့် ရင်းနှီးမြုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှု လက်မှတ်နှင့် နိုင်ငံတကာ ရင်းနှီးမြုပ်နှံမှုဆိုင်ရာ လက်မှတ်များကိုပါ ရရှိနိုင်ကြမည်ဖြစ်သည်။ ဘွဲ့လွန် တက်ရောက်မည့်သူများသည် University College of Dublin (UCD) ၏ ဘဏ္ဍာရေးဆိုင်ရာ မဟာသိပ္ပံဘွဲ့ကိုလည်း တက်ရောက်နိုင်ကြမည် ဖြစ်သည်။

စင်ကာပူတွင် နှစ်ပေါင်း(၈၀) ကျော် အောင်မြင်စွာ ရပ်တည်လျှက်ရှိသော စီးပွားရေး အဖွဲ့ချုပ်ကြီးအဖြစ် ရပ်တည် လျှက်ရှိသည့် Singapore Manufacturer Federations (SMF) ၏ Certificate in Foundation Studies နှင့် စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှု ဒီပလိုမာ (စာရင်းအင်း၊ ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာ)တို့မှ တဆင့် Murdoch University, Australia ၏ စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘွဲ့ ဒီဂရီများ ရယူနိုင်ကြမည် ဖြစ်သည်။ စီးပွားရေး အဖွဲ့အစည်းကြီးအဖြစ် စတင်ခဲ့ပြီး ကုမ္ပဏီပေါင်း (၃၀၀၀)ကျော်မှ အဖွဲ့ဝင်အဖြစ် ပေါင်းစပ်ထားသည့် SMF တွင် တက်ရောက်သူများအတွက် ထူးခြားသော အတွေ့အကြုံနှင့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

SAA Global Education နှင့် ချိတ်ဆက်ထားသည့် Plymouth University ၏ စာရင်းအင်းနှင့် ဘဏ္ဍာရေးဘွဲ့ ဒီဂရီအတွက် စီးပွားစီမံအဆင့်မြင့် ဒီပလိုမာ Level I, IIကို ဦးစွာ တက်ရောက်ရမည် ဖြစ်သည်။

စာရင်းကိုင် ဘာဘာသာရပ်များအတွက် အချိန်နှင့် ငွေကုန်ကြေးကျ လျှော့ချလိုသူများ အဖို့ Foundation in Accountancy (FIA) နှင့် Association of Chartered Accountants (ACCA) ဘာသာရပ်များကို စင်ကာပူ ပြည်သူ့ စာရင်းကိုင် လက်မှတ်ရ SAA-GE နှင့် ဂါရင့်ဆရာ၊ ဆရာမများကို ခန့်အပ် သင်ကြားစေသည့် Kaplan (Financial) တို့တွင် သင်ယူနိုင်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ အခြေခံပညာ အထက်တန်း အောင်မြင်ထားပြီး စာရင်းအင်း အတွေ့အကြုံ မရှိသူများသည် FIA သို့ တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံမှ ဘွဲ့ရများ၊ စီးပွားရေး (သို့) စာရင်းကိုင် ဒီပလိုမာ ရရှိထားသူများ ACCA သို့ တက်ရောက်နိုင်ကြမည် ဖြစ်သည်။

အထက်ဖော်ပြပါ စာရင်းအင်းနှင့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့ဒီဂရီတန်းများ အားလုံးအတွက် IELTS သတ်မှတ်ချက်များ ရှိပြီး IETLS ဖြေဆိုထားခြင်း မရှိပါက မိမိ တက်ရောက်မည့် ကျောင်း၏ အင်္ဂလိပ်စာ သင်တန်းများသို့ တက်ရောက်နိုင်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အသိအမှတ်ပြု ဘွဲ့ဒီဂရီ ရရှိထားသူများ၊ အသိအမှတ်ပြု ဘွဲ့ဒီဂရီတန်း တက်ရောက်လျက်ရှိသူများ၊ နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ဒီပလိုမာ ရရှိထားသူများမှာ ဘာသာရပ် ကင်းလွတ်ခွင့် ရရှိခြင်း (သို့) ဘွဲ့ဒီဂရီတန်းများသို့ တိုက်ရိုက် တက်ရောက်ခွင့် ရရှိနိုင်ခြင်း စသည့် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်သည်။

Accounting and Finance ဘာသာရပ်များအကြောင်း အသေးစိတ် သိရှိလိုသူများသည် AT&S ဖုန်း (၆၅၂၂၈၈၊ ၅၂၁၁၂၅၊ ၂၅၁၃၃၂၊ ၀၉-၅၁၂၄၇၆၁၊ ၀၉-၅၀၆၂၁၆၁၊ ၀၉-၅၀၆၂၁၇၁) တို့ကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

GOLDEN CROWN
Engineering Training Centre
အမှတ် (၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၀၁-၃၇၃၀၃၀ ၀၉-၇၃၂၃၅၈၂

စက်ရုံ၊အလုပ်ရုံ၊အိမ်သုံး လျှပ်စစ်သွယ်တန်းမှုသင်တန်း
Time - 4:00 To 6:00 (Mon,Tue)
Duration- 2 Months

ဂဟေဆက်သင်တန်း (3G,4G,5G,6G) ပိုက်ဖစ်တာသင်တန်း စတီးဖစ်တာသင်တန်း
Time - 1:00 To 4:00 (Thurs,Fri,Sat,Sun)
Duration- 1 Months

CNC(Computerized Numerical Control)
Time - 8:00 To 12:00(Sat) 1:00 To 5:00(Sun)
Duration- 2 Months

စက်ရုံသုံးမော်တာထိန်းချုပ်မှုသင်တန်း
Industrial Motor Control
Time - 2:00 To 4:00 (Mon, Tue)
Duration- 2 Months

UK အသိအမှတ်ပြု LCCI ဒီပလိုမာသင်တန်းများ
LCCI Level ( I ) & (II)
LCCI Level (III)
For June Exam Series

လက်တွေ့လုပ်ငန်းခွင် ဝင်နိုင်အောင် စာတွေ့/လက်တွေ့ ဦးစားပေးသင်ကြားပေးသည်။
တန်းခွဲသစ်အတွက် ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။

# UK နိုင်ငံတွင် ထိပ်ဆုံး (၁၀) ကျောင်းတွင် ပါဝင်သော Health and Life Science ဘာသာရပ်များကို Glasgow Caledonian Universityတွင် ဘွဲ့လွန် ဘာသာရပ်များ သင်ယူနိုင်မည့် အခွင့်အရေး



Image Credit: via eng.open-world.ru

Glasgow Caledonian University သည် UK နိုင်ငံ Scotland ပြည်နယ်ရှိ Glasgow မြို့တွင် တည်ရှိ ပါသည်။ ထို့ပြင် Glasgow မြို့သည် UK နိုင်ငံတွင် လုံခြုံစိတ်ချမှု အရှိဆုံးနှင့် နေထိုင်စားသောက်မှု ကုန်ကျစရိတ် အသက်သာဆုံး မြို့တစ်မြို့လည်း ဖြစ်ပါသည်။ Glasgow Caledonian Universityသည် Glasgow မြို့၏ အချက်အချာ ကျသည့် နေရာတွင် တည်ရှိပြီး၊ UK နိုင်ငံတွင် ခေတ်မီဆုံးသော တက္ကသိုလ်တစ်ခု ဖြစ်သည်။ Londonမှ (၁: ၀၀ နာရီ)ခန့် အချိန်အတွင်း Glasgow မြို့သို့ ရောက်နိုင်ပြီး၊ Scotland ပြည်နယ်၏ မြို့တော်ဖြစ်သော Edonburgh မြို့သို့ ရထားဖြင့် (မိနစ် ၅၀) အတွင်း ရောက်နိုင်သည်။ Glasgow မြို့သည် UK နိုင်ငံတွင် London ပြင်ပရှိ မြို့များအတွင်း တတိယ အကြီးဆုံးမြို့ ဖြစ်သည်။ UK နိုင်ငံတွင် နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများ ပညာ သင်ယူမှု အများဆုံး ကျောင်း တစ်ကျောင်း ဖြစ်သည်သာမက Time Higher Education မှ ချီးမြှင့်သည့် Outstanding Support for Overseas Students Awardကို ရရှိထားသည့် တက္ကသိုလ်ကြီး ဖြစ်ပါသည်။

Glasgow Caledonian University၏ School of Health and Life Scienceသည် UK နိုင်ငံတွင် ထိပ်ဆုံး (၁၀) ကျောင်းတွင် ပါဝင်၍ မြန်မာနိုင်ငံမှ M.B.B.S နှင့် Pharmacy ဘွဲ့ရပြီးသူများ အများဆုံး တက်ရောက် ပညာသင်ယူနေသောကျောင်း ဖြစ်ပါသည်။ School of Health and Life Scienceတွင် MSc., Advanced Nursing, MSc., Advanced Practice with Older People, MSc., Biomolecular and Biomedical Sceiences, MSc., Advanced Practice with Older People, MSc., Biomolecular and Biomedical Sciences, MSc., Biotechnology/ Biotechnology with Business, MSc., Clinical Nutrition and Health, MSc., Clinical Microbiology / Biotechnology with Business, MSc., Clinical Nutrition and Health, MSc Clinical Microbiology, MSc., Community Health, DPsych Counselling Psychology, MSc., Diabetes Care and Management, MSc Diagnositc Imagingm, MSc., European Midwifery, MSc., Food Bioscience, MSc., Forensic Biological and Chemical Analysis, MSc., Forensic Psychological, MSc., Health and Social Care, MSc., Health and Social Care Education, GDip Graduate Diploma Psychology, MRes Life Science, MSc., Medical Ultrasound, MSc., Radiotherapy and Oncology, MSc, Social Work, MSc., Clinical Ophthalmology and Vision Sciences အစရှိသော ဘွဲ့လွန် ပညာရပ်များစွာနှင့် ဘွဲ့ရပညာများကို သင်ကြားပို့ချပေးလျက် ရှိသည်။

MSc., Diabetes Care and Management, MSc., Biomolecular and Biomedical Sciences, MSc., Clinical Nutrition and Health, MSc., Pharmacology ဘာသာရပ်များသည် မြန်မာနိုင်ငံမှ ဆေးပညာ ဘွဲ့ကို ရရှိပြီးသော သူများ အကြားတွင် ထင်ရှားကျော်ကြား၍ အဓိက ရွေးချယ်ကြသော ဘာသာရပ်များ ဖြစ်သည်။ Glasgow Caledonian University သည် Scotland ပြည်နယ် မျက်စိ စမ်းသပ်စစ်ဆေးရေး ပညာရှင်များ၏ (၉၀ ရာခိုင်နှုန်း) ကို သင်ကြားမွေးထုတ်ပေးသော တက္ကသိုလ်ကြီး တစ်ခုပင် ဖြစ်သည်။ Health and Life Sciences နှင့် ဆက်နွယ်သည့် ဘာသာရပ်များကို ဘွဲ့လွန် တက်ရောက်လိုသော မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများသည် မြန်မာနိုင်ငံမှ ဆေးပညာဘွဲ့ရ (သို့မဟုတ်) မိမိ တက်ရောက်လိုသော ဘာသာရပ်နှင့် ဆက်နွယ်သည့် ဘွဲ့ ရရှိပြီး၍ IELTS ရမှတ် (6.0) နှင့် အထက် ရရှိရမည် ဖြစ်သည်။ IELTS ရမှတ်များသည် မိမိ တက်ရောက်မည့် ဘာသာရပ်များအလိုက် ကွဲပြား၊ ခြားနားမှု ရှိကြောင်း သိရသည်။ Glasgow Caledonian Universityတွင် Health and Life Sciences နှင့် ပတ်သက်၍ အသေးစိတ် သိလိုသူများ၊ ကျောင်းလျှောက်လိုသူများ Glasgow Caledonian University၏ မြန်မာနိုင်ငံ တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်သော Regent Consultancy Services အမှတ်ဘီ (၁၃+ ၂၃)၊ ရွှေကိန္နရီ အဆင့်မြင့် အိမ်ယာ၊ နာနတ်တောလမ်း (ရွှေကောင်း ဟော့ပေါ့ အရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁-၅၀၀၀၅၄၊ ၀၉-၅၀၇၃၂၀၅၃၃)သို့ ဆက်သွယ်၍ ပညာရေးအတွက် ဆွေးနွေးခြင်း၊ ကျောင်းလျှောက်ထားခြင်းများ ပြုလုပ်နိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

# MTDC မိုဘိုင်းဖုန်း ပြုပြင်နည်း သင်တန်းကျောင်းနှင့် YOUTH Computer Training Centerတို့ ပူးပေါင်း ဖွင့်လှစ်မည့် Mobile Phone Repairing and Software Training Class ဖွင့်လှစ်ခြင်း

ရန်ကုန်မြို့ Pansodan အလယ် ဘလောက် Pansodan Office Tower အမှတ် (189/195) 6A၊ YOUTH Computer Training Center တွင် ICT နည်းပညာများနှင့် ပတ်သက်သော Practical A+ (Hardware Course), Complete ICT, Network Engineering Course, MCITP, adv NE, Linux, CCNA, Music and Audio Course အစရှိသဖြင့် သင်ကြားလျက်ရှိသော အောင်မြင်ကျော်ကြားသော နည်းပညာ သင်တန်းကျောင်းကြီး တစ်ခု ဖြစ်ပါသည်။ နည်းပညာ နယ်ပယ်တွင် YOUTH Computer သင်တန်းကျောင်းမှ ကျောင်းသားများစွာ မွေးထုတ်ပေးလျက် ရှိသည်။ လက်ရှိ ICT နယ်ပယ်တွင် Mobile Technician များ လိုအပ်ချက်အရ ရန်ကုန်မြို့တွင် နာမည်ကျော် MTDC မိုဘိုင်း ပြုပြင်ခြင်း သင်တန်းကျောင်းနှင့် ပူးပေါင်းကာ Mobile Phone Hardware Repairing and Software Training Class အား (၂.၂.၂၀၁၃) စနေနေ့တွင် စတင် ဖွင့်လှစ်မည် ဖြစ်သည်ဟု သတင်းရရှိသည်။

ဖွင့်လှစ်မည့် ဘာသာရပ်များမှာတော့ Hardware Repiring Course နှင့် Software Training Courseတို့ ဖြစ်ကြောင်းနှင့် Hardware Couresetွင် ပါဝင်မည့် အကြောင်းအရာများမှာတော့ Hardware အခြေခံ မရှိသေးသော သူများအတွက် Electronic အခြေခံမှ စတင်ပြီး GSM, CDMA 450, CDMA 800 Handset များ Fixphone, China ဖုန်းများ Hardware ပြုပြင်ခြင်းများ Layout, Schematic Diagram, PCB Board, Volcano Box, Flashing Cables Tools, Soldering Desoldering, Mainboard Tracing IC & Parts Testing, Power Supply and UsingHeat Gun, အစရှိသော ဘာသာများကို ထည့်သွင်း သင်ကြားပေးမှာ ဖြစ်သည်ဟု ဆိုသည်။

Software Courseတွင် ပါဝင်သော ဘာသာရပ်များမှာ Apple iOS, တွင် Using iTunes, iTools, Application Installation, Backup and Restore, Firmware Upgrade and Download, Jailbreaing, Custom Firmware Configuration, Network and User Unlocking များနှင့် Android OS တွင် Using MobileGo and PC Suite, ADB Command, Game and Software Installation, Backup and Restore, Mobile Network Wifi Configuration, Firmware Upgrade and Downgrade, System Error Repairing, Rooting, Custom Room Configured, Network & User Unlocking များနှင့် အခြား ဖုန်းများမှာတော့ Symbian, Java, Bada, Windows Phone, များလည်း ပါဝင်မှာ ဖြစ်ပြီး ဖုန်းအမျိုးအစားကတော့ iPhone 2G, 3G, 3Gs, 4G, 4Gs, iPhone 5, iPhone 3 များနှင့် သင်ကြားမှာ ဖြစ်ပြီး Samsung Galaxy S, S2, S3, Note, Sony HTC, Huawei, ZTE, အစရှိသော Model မြင့် ဖုန်းများဖြင့် သင်ကြားပြသ ပေးမှာ ဖြစ်သည်ဟု ဆိုသည်။

သင်တန်း ကာလကတော့ 3 လ ကြာမြင့်မှာ ဖြစ်ပြီး၊ ရုံးဝန်ထမ်းများအတွက် သင်တန်း နေ့ရက်များကိုလည်း စနေ၊ တနင်္ဂနွေနေ့ရက် များတွင်လည်း ဖွင့်လှစ် ပေးမည်ဟု သိရသည်။ သင်တန်း ပြီးဆုံး သွားပါက သင်တန်းသားများအား Mobile Phone ဆိုင် ဖွင့်ချင်ပါက ကူညီပေးသွားမှာ ဖြစ်ပြီး Update ဖြစ်သော Software များကိုလည်း ပေးအပ်သွားမှာ ဖြစ်ကြောင်း သိရသည်။ ကျောင်းသားများအတွက် အဆောင်စီစဉ်ပေးမှာ ဖြစ်ပြီး ကျယ်ဝန်း သော စာသင်ခန်းများ အဲကွန်းများ၊ Projector များဖြင့် အဆင့်မြင့်မြင့် သင်ကြား ပို့ချပေးမှာ ဖြစ်သည်။

ပထမဦးဆုံး တန်းခွဲဖြစ်သည့်အတွက် 20% Discount ပေးမှာ ဖြစ်ပြီး၊ သင်တန်း တက်ရောက်လိုပါက YOUTH Computer Co,. Ltd. Ph: 09-5003596, 254893 သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

# Gamer များအတွက် MSI Gaming Laptop



2013 ခုနှစ်အတွက် အကောင်းဆုံး Gaming Laptop တွေရဲ့ နံပါတ်တစ် နေရာမှာ ရပ်တည်နေတာကတော့ MSI ရဲ့ G Seires GT70 ONE - 452US Laptop ပဲ ဖြစ်ပါတယ်။ Gaming Laptop တစ်လုံးမှာ ရှိသင့်တဲ့ Hardware ပိုင်းဆိုင်ရာ အရည်အသွေးတွေကို အစွမ်းကုန် မြှင့်တင်ပေးထားတဲ့အတွက် Gamer သမားတွေအတွက် အကြိုက် တွေ့စေမယ့် Laptop တစ်လုံးပဲ ဖြစ်ပါတယ်။ Game Performance ကို အကောင်းဆုံး တင်ဆက်ပေးနိုင်ရန် အတွက် Sreen Sizeကို 17.3 လက်မ ရှိတဲ့ Full HD LED Panel ကို အသုံးပြုထားပါတယ်။ အကောင်းဆုံး ရုပ်ထွက်ကြည်လင်မှုကို ပိုင်ဆိုင်နိုင်စေရန် Display Resolution ကို 1920 × 1080 (16:9) အထိ မြှင့်တင်ပေးထားပါတယ်။ Laptop ရဲ့ Processor ကိုတော့ Intelရဲ့ Core i7 - 3630QM (2.4 GHz) ကို အသုံးပြုပေးထားပါတယ်။ Graphic ပိုင်းဆိုင်ရာမှာလဲ NVIDIA GTX 680M GDDR5 ကို 4GB အထိ တပ်ဆင်ပေးထားပြီး System Memory ကိုလဲ DDR 3 (1600 MHz) ကို 16 GB အထိ တိုးမြှင့်ပေးထားတဲ့အတွက် Gamer များကို အကြိုက်တွေ့စေမှာ ဖြစ်ပါတယ်။

Laptop ရဲ့ Operation System ကိုတော့ Miscrosoft ရဲ့ နောက်ဆုံးထွက် Windows 8ကို သုံးပေးထားပါတယ်။ Storage Space အနေနဲ့ ကတော့ (5400 RPM) အမြန်နှုန်း ရှိတဲ့ 1TB Hard Disk အပြင် SSD 128GB ကိုပါ ပူးတွဲ တပ်ဆင် ပေးထားပါတယ်။ Game ခွေတွေအပြင် Blu-ray ခွေတွေကိုပါ ကြည့်ရှုနိုင်မယ့် Blu-Ray Drive ကိုပါ အသုံးပြုပေးထားပါတယ်။ Laptopရဲ့ Speaker ကိုလဲ Dynaudio Premium Speakers w/ Subwooferကို အသုံးပြုပေးထားပါတယ်။ ကြိုးမဲ့ ချိတ်ဆက်မှုအတွက် N1202 a/b/g/n WLAN Card နဲ့ Bluetooth 4.0 ကို အသုံးပြုပေးထားပါတယ်။ Laptopရဲ့ Webcam အမျိုးအစားကတော့ 720P HD Webcam အမျိုးအစားကို တပ်ဆင်ထားပါတယ်။ USB Port ကိုတော့ USB 3.0 (3 Port) USB 2.0 (2 Port) အပြင် 7 in 1 (SD/SDHC/SDXC/XD/MSPRO/MS/MMC) Card Reader ကိုပါ တပ်ဆင်ထားပေးပါတယ်။ Batterry Part အနေနဲ့ကတော့ 9 Cells Batteryကို အသုံးပြုပေးထားပြီး Latopရဲ့အလေးချိန်ကတော့ 6.5 lbs ရှိပါတယ်။ Laptop Colorကတော့ Brush Aluminum Black နဲ့ လာပါတယ်။ Warrantyကို 2 year Limited Warranty (1 year Global Warranty) ပေးထားပါတယ်။ Laptop ရဲ့ ဈေးနှုန်း ကိုတော့ USD 2,399.99 သတ်မှတ်ပေးထားပါတယ်။

NEW YEAR, NEW YOU, NEW SUBSCRIPTION. EMAIL YOUR NAME, ADDRESS & CONTACT NUMER TO
CIRCULATION@MYANMARICT.COM


UNIVERSALLY PRESENTABLE...
World-Class Websites
MEDIALANE
THE CREATIVE AGENCY
01.430.897, 01.553.918
58B Myanma Gon Yaung Housing Than Thu Mar Road
Tamwe Township 11211 Yangon Myanmar
www.medialane.com.au
ALL THE WAY FROM AUSTRALIA.

AiKON Mobile Software House
သင့်ဘဝအတွက်အသက်မွေးဝမ်းကျောင်းပညာ
တစ်ခုတက်မြောက်ရန်လိုအပ်နေပါသည်။
iOS,Android
Software + Hardware
Job Training
Mobile (software & Hardware) Service Technician တဦး ဖြစ်စေရန်အတွက်ကျွန်တော်တို့ AiKON မှတာဝန်ယူပါသည်။
သင်တန်းသားတဦးစီအား Laptop တလုံးစီဖြင့်သင်ကြားပေးမည်။ တကယ်စိတ်ပါဝင်စားသူများအတွက်သင်ကြားမှုနှင့်တက်မြောက်မှု (၁၀၀%)အာမခံသည်။ဝါရင့်ဆရာများ၏သင်ကြားမှုနှင့်လက်တွေ့လုပ်ငန်းခွင်တွင်ဝင်ရောက်လေ့လာရမည်။သင်တန်းပြီးဆုံးပါကလိုအပ်သော Data,Software,Firmware,Tools...etc များနှင့် Mobile ဆိုင်ဖွင့်လိုသောသူများအားလိုအပ်သောအကူအညီများပေးပါမည်။(နယ်မှလာသောသူများအတွက်အဆောင်စီစဉ်ပေးပါသည်။)
(လူဦးရေကန့်သတ်ထားပါသည်။)
တန်ဖိုးနည်း GSM,WCDMAလိုင်းကဒ်များအားအရစ်ကျစနစ်ဖြင့် တာဝန်ယူရောင်းချပေးနေပါပြီ။
အမှတ်(၁၀၉/B2) ၊ပထမထပ်၊ဗညားဒလလမ်းမကြီး၊ယုဇနပလာဇာအနီး(လမ်း၁၄၀ထိပ်) ၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀ ၃၃၃၀၈ ၊၀၉-၅၀ ၆၀၆၇၉

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# Windows 7 ရဲ့ အမြန်နှုန်းကို လွယ်ကူစွာ မြှင့်တင်ပေးနိုင်မယ့် နည်းလမ်းများ

1





## Customize Startup Programs

Computer ထဲမှာ များပြားလှတဲ့ Application တွေ Program တွေကို Install လုပ်ကြပါတယ်။ ဒီ Application တွေ၊ Program တွေဟာဆိုရင် Configure မလုပ်ထားဘူးဆိုရင် ပုံမှန်အားဖြင့် Auto Start ဖြစ်နေတတ်ကြပါတယ်။ ဒီတော့ Windows စတက်ပြီဆိုတာနဲ့ Application တွေ အားလုံးက စ run ကြပါတယ်။ အဲဒီတော့ Windows တက်စမှာ Application တွေ များရင် များသလို Loading လုပ်နေတဲ့ အတွက် Windows Startup Time ကို သိသိသာသာ ကြာစေပါတယ်။ ဒါကြောင့် Windows စတက်ချိန်မှာ မလိုအပ်တဲ့ Program တွေကို မ run ဖို့အတွက် မလိုအပ်တဲ့ Startup Item တွေကို ဖြုတ်ထားရပါမယ်။ Windows Startup ကို ပြင်ဆင်ဖို့အတွက်

၁။ Run box ထဲမှာ msconfig လို့ ရိုက်ပြီး ok နှိပ်လိုက်ပါ။
၂။ System Configuration box ကျလာပါလိမ့်မယ်။
၃။ General Tab ထဲက Startup Selection ဆိုတဲ့ Item အောက်က Selective Startup ကို Check box လေး On လိုက်ပါ။
၄။ ပြီးရင် Startup Tab ထဲကို သွားပါ။ အဲဒီထဲမှာ Windows Startup လုပ်ဖို့အတွက် မလိုအပ်တဲ့ Item တွေကို Uncheck လုပ်ပေးရပါမယ်။ ပြီးရင် Apply OK ပေါ့။ ဒါဆိုရင်Windows စတက်ချိန်မှာ အရင်လို လေးမနေတော့ ပဲပေါ့ပေါ့ပါးပါးနဲ့ အသုံးပြုလို့ရမှာ ဖြစ်ပါတယ်။

2





## Temporary Internet File တွေကို ဖျက်ပါ

Temporary Internet File တွေကိုလည်း ရှင်လင်းပေးဖို့ လိုအပ်ပါတယ်။ Computer ထဲမှာ ဒီ Fileတွေ များလာခြင်းဟာ စက်ရဲ့ Performance ကျဆင်းစေရုံသာမက ကိုယ့် Hard disk ရဲ့ Free Space ကိုပါ လျော့နည်းသွားစေပါတယ်။ ပုံမှန် internet အသုံးပြုနေသူ တစ်ယောက်အနေနဲ့ကတော့ ဒီ File တွေ တစ်လ တစ်ခါလောက်တော့ ရှင်းပေးသင့်ပါတယ်။ ဒါကလဲ PC ရဲ့ အမြန်နှုန်းကို မြှင့်တင်ပေးရာ ရောက်ပါတယ်။

Temporary Internet File တွေကို ရှင်းဖို့အတွက်ဆိုရင် Start >> Control Panel >> Internet Option>> General Tab ထဲကို သွားပါ။ ပြီးရင် Delete Browsing history on exit ဆိုတဲ့ Check box ကို On ပေးပြီး delete button ကို နှိပ်ပါ။ Delete Browsing history box ကျလာရင် ဖျက်ချင်တဲ့ Item တွေကို Selected လုပ်ပြီး delete ကို နှိပ်လိုက်ရင် ရပါပြီ။


## 3 Disk Cleanup ကို Run ပေးပါ။

Windows 7 ရဲ့ built in Utilities Tools တစ်ခု ဖြစ်တဲ့ Disk Cleanup ကို Run ပေးပါ။ Disk Cleanup ကို




Run ပေးခြင်းဖြင့် Hard disk ပိုင်းဆိုင်ရာမှာ Error ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်ပေးနိုင်တဲ့အတွက် PC ရဲ့ Performance ကို တိုးတက်လာစေပါတယ်။ Disk Cleanup ကို အသုံးပြုမယ်ဆိုရင် Start >> All Program >> Accessories >> System Tools ထဲက Disk Cleanup ကို သွားပါ။ Disk Cleanup box ကျလာရင် ကိုယ် ပြုလုပ်မယ့် Driver Letter ရွေးပေးရပါမယ်။ ကိုယ် ရွေးလိုက်တဲ့ Drive Letter ကို Scaning လုပ်ပြီး ပေါ်လာတဲ့ List ထဲမှာ ရှိတဲ့ Delete လုပ်ချင်တဲ့ Item တွေကို ရွေးပြီး Ok ကို နှိပ်လိုက်ရင် ရပါပြီ။

4




## မသုံးတော့တဲ့ Program အဟောင်းတွေကို Uninstall လုပ်ပါ၊ Windows Feature တွေကို ပိတ်ပါ။

Computer မှာ Install လုပ်ထား Program တွေ၊ Application တွေ အများအပြား ရှိနေခြင်းကလဲ Computer ရဲ့ အလုပ်လုပ်မှုကို နှေးကွေးစေပါတယ်။ ကိုယ့်အတွက် အသုံးလိုတဲ့ Program တွေက လွဲပြီး အခြား မလိုအပ်တဲ့ Program တွေ၊ Application တွေ ရှိနေမယ်ဆိုရင် ဖြုတ်ထားသင့်ပါတယ်။ နောက်ပြီးတော့ အသုံးမလိုတဲ့ Windows Feature တွေကို ဖြုတ်ထားသင့်ပါတယ်။ Old program တွေကို ဖြုတ်မယ်ဆိုရင် Start >> Control Panel >>Program and Features ကို သွားပါ။ Run box ကနေ appwiz.cpl လို့ ရိုက်လည်း ရပါတယ်။ Unistall or Change a Program ကျလာရင် မလိုအပ်တဲ့ Program တွေကို Selected လုပ်ပြီး Uninstall လုပ်ပါ။ Windows Feature တွေကို ပိတ်ချင်တယ်ဆိုရင် Turn Windows Feature on or off ကို သွားပါ။ Windows Feature box ကျလာရင် မလိုအပ်တဲ့ Features တွေကို Select လုပ်ပြီး Ok ကို နှိပ်လိုက်ရင် ရပါပြီ။

## 5 Hard Disk ကို Defragment လုပ်ပါ။

Hard disk ကို Defragment လုပ်ပေးခြင်းကလည်း Hard disk data ဖတ်နှုန်းကို မြန်ဆန်လာစေတဲ့အတွက် Computer ရဲ့ စွမ်းရည် တိုးတက်လာစေပါတယ်။ Defragment လုပ်ဖို့အတွက် Windows ရဲ့ built in Defragmenter tools အပြင် အခြား Defragment tools တွေကိုလည်း သုံးနိုင်ပါတယ်။ Built in Defragmenter နဲ့ ပြုလုပ်ချင်တယ်ဆိုရင် Start >> All Program >> Accessories >> System Tools >> Disk Defragmenter ကို သွားပြီး Defragment လုပ်လို့ ရပါတယ်။

နည်းပညာကို အခက်အခဲများကို ကျော်လွှားနိုင်ပါစေလို့...

ဂျက်ဆင် တင်ဆက်သည်။

## အချစ်စစ် ရှာဖွေမယ်ဆိုရင်




ဘဝမှာ တစ်ခါမှ မတွေ့ဖူးသေးပဲ စက္ကန့်ပိုင်းလေးလောက် တဒင်္ဂသာ ကြည့်လိုက်ရတဲ့ သူတစ်ယောက်ဟာ မြင်ရသူ ရင်ထဲ ပုန်းဒိုင်းကြဲ ဝင်ရောက်လာတယ်ဆိုရင် စာဖတ်သူ ယုံနိုင်မလား။ ဒါဟာ တစ်ကယ် ဖြစ်နိုင်ပါတယ်။ မြင်မြင်ချင်း အချစ်ပဲဖြစ်ဖြစ်၊ သူငယ်ချင်း အချစ်ပဲ ဖြစ်ဖြစ်၊ တိတ်တခိုး ကြိတ်ပိုးရတဲ့ အချစ်ပဲဖြစ်ဖြစ်၊ အွန်လိုင်း အချစ်ပဲ ဖြစ်ဖြစ် နောက်ဆုံး ဘယ်လိုပဲ ချစ်ချစ် ချစ်ရတဲ့သူတွေအတွက် အချစ်ရဲ့စံချိန်၊ ဒီဂရီတွေကို တိုင်းတာ မှန်းဆ တွက်ချက်ပေးနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ ချစ်ရေး ချစ်ရာဆိုင်ရာ နည်းပညာတွေ၊ တူနှစ်ကိုယ် ဘယ်လောက်ပင် ဝေးကွာနေပေမယ့် ချစ်ရသူ ရင်ထဲက အချစ်တေးသွားလေးတွေ ပြဆို ဖော်ကြူးပေးနိုင်မယ့် အမှတ်တရ ပစ္စည်းလေးတွေ အကြောင်း ရေးသားတင်ပြထားပါတယ်။

## အင်္ဂလိပ်စာ ဝေါဟာရများ





အင်္ဂလိပ်စာ ဝေါဟာရကြွယ်ဝဖို့ သင်ဘယ်လိုများ လုပ်ဆောင်ဖူးပါသလဲ။ အင်္ဂလိပ်စာ သဒ္ဒါနဲ့ အပြောပိုင်းကို သူလို ငါလို ပြောနိုင်၊ ရေးနိုင်ကြပေမယ့် အသံထွက်ပိုင်း ဆိုင်ရာတွေ၊ စကားလုံးကြွယ်ဝမှု အပိုင်းတွေမှာ အများစုဟာ အားနည်းနေကြပါသေးတယ်။ ဒီဝက်ဘ်ဆိုဒ် မှာတော့ ငွေကုန်ခံ သင်တန်းတွေတက်၊ စာအုပ်တွေဖတ်၊ ရုပ်ရှင်တွေ ကြည့်၊ ဆော့ဖ်ဂဲ အကူအညီနဲ့ အင်္ဂလိပ်စာ ဝေါဟာရတွေကို လေ့လာ စရာ မလိုဘဲ အွန်လိုင်း ဖလက်ရှ် ဂိမ်းတွေ ဆော့ရင်း လေ့လာ မှတ်သား နိုင်မှာ ဖြစ်ပါတယ်။ Vocabulary Skills တိုးတက်ဖို့ လေ့ကျင့်နိုင်မယ့် Idioms, Prefix, Suffix, SAT, Syllable, Synonym စတဲ့ ဂိမ်းတွေကို Level အလိုက် ဆော့ကစားနိုင်မှာ ဖြစ်ပြီး Puzzle, Business, Quizzess, Test Vocabulary စတဲ့ ကဏ္ဍတွေလည်း ထည့်သွင်းထားပါတယ်။

## ဆံကေသာ အလှ




ရုပ်ဝတ္ထုတွေ တိုးတက်တဲ့ ခေတ်မှာ ကိုယ်ခန္ဓာ အချိုးအစားနဲ့ အသား အရေတွေ ဘယ်လောက်လှလှ လိုက်ဖက်မယ့် ဆံပင်ပုံစံနဲ့ ပြည့်စုံမှသာ အမှန်တကယ် ဆွဲဆောင်မှု ရှိတဲ့သူ အဖြစ် ရပ်တည်နိုင်မှာပါ။ ဆံပင် ပုံစံတွေဟာ လူတစ်ယောက်ရဲ့ ရုပ်ရည်ကိုတောင် ပြောင်းလဲစေနိုင်ပြီး လူသားတွေရဲ့ တန်ဖိုးထားစရာ တစ်ခုဖြစ်လို့ မိမိရဲ့ဆံကေသာ လှပလို သူတွေ ကြည့်ရှုသင့်တဲ့ ဝက်ဘ်ဆိုက် တစ်ခုဖြစ်ပါတယ်။ ဆံပင်အတို၊ အရှည်၊ အကောက်၊ အဖြောင့်၊ မင်္ဂလာဆံထုံး၊ အီမိုစတိုင်လ်၊ ဆယ် ကျော်သက် ဆံပင်ပုံစံတွေကို ကြည့်ရှုနိုင်မှာ ဖြစ်ပြီး ဆံပင် ပြုပြင်ထိန်း သိမ်းရေး နည်းလမ်းတွေ၊ ဆံပင်ပုံစံ ပြုလုပ်နည်းတွေအပြင် အလှအပနဲ့ ဖက်ရှင်ရေးရာ ဆောင်းပါးတွေကိုလည်း ဖတ်မှတ်နိုင်မှာ ဖြစ်ပြီး အမေရိကန်ကား တစ်ခွင်မှာ ရှိတဲ့ ဖက်ရှင်ရှိုးတွေနဲ့ Hair Salons တွေကိုလည်း ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

## သိပ္ပံနဲ့ နည်းပညာ





အဆင့်မြင့် နည်းပညာတွေဟာ စိတ်ကူးအိပ်မက်တွေကို အကောင် အထည် ဖော်လာနိုင်မှာ ဖြစ်လို့ ကျွန်တော်တို့ဟာ အနာဂတ်အတွက် ကြိုတင် ပြင်ဆင်သင့်နေပါပြီ။ သိပ္ပံနည်းပညာ ခေတ်ထဲ ရောက်ရှိနေတဲ့ လူသားတွေအတွက် လေ့လာ သိမှတ်စရာတွေကို စူးစမ်းရှာဖွေကာ ရုပ်ပုံ ဗီဒီယိုဖိုင်တွေနဲ့ ရေးသား တင်ပြထားတဲ့ ဝက်ဘ်ဆိုက် ဖြစ်ပါ တယ်။ ပလူတိုဟာ ဂြိုဟ် ဖြစ်သင့်သလားဆိုတဲ့ အာကာသသိပ္ပံ၊ တောင်ကိုရီးယားက ပထမဆုံး ဒိုင်နိုဆောစတဲ့ သက်ရှိ တိရစ္ဆာန် အကြောင်း၊ နာကျင်မှုတွေ သက်သာဖို့ ယောဂ ကျင့်ကြစို့ဆိုတဲ့ ကျန်းမာရေး၊ အမေဇုန် သစ်တောစတဲ့ သဘာဝ ပတ်ဝန်းကျင်၊ ရှိဘော့ စက်ရုပ်တွေကို သတိထားစရာ ငါးချက်စတဲ့ နည်းပညာပိုင်း၊ ရှေးဟောင်း သဘော် အစိတ်ပိုင်း အပျက်အစီးတစ်ခုက ရောမတိုက်ပွဲရဲ့ သင်္ကေတလား ဆိုတဲ့ သမိုင်း အကြောင်းအရာတွေကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။

## အချက်အလက်တွေ ရှာမယ်




အင်တာနက်စနစ် တိုးတက်လာတာနဲ့ အမျှ လူတွေရဲ့ ကိုယ်ရေး ကိုယ်တာ အတွင်းရေး ဆိုင်ရာ အချက်အလက်တွေ မလုံမခြုံ ဖြစ်လာနေပြီ ဆိုတာ ဒီဝက်ဘ်ဆိုက်က သက်သေခံ နေပါပြီ။ အွန်လိုင်းဖုန်း လိပ်စာ အချက်အလက် ရှာဖွေနိုင်တဲ့ ဒီမှာ သင့်မိတ်ဆွေ၊ သူငယ်ချင်း တစ်ဦးတစ်ယောက်ရဲ့ အမည်၊ ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ် တစ်ခုခုကို ရိုက်ထည့်လိုက်ရုံနဲ့ ရှာဖွေသူရဲ့ နေရပ်လိပ်စာ၊ ဖုန်း၊ အီးမေးလ်တွေအပြင် တခြား အချက်အလက်တွေဖြစ်တဲ့ ကျား/မ၊ အသက်၊ အိမ်ထောင်ရှိ/မရှိ၊ လစာ စတဲ့ ကိုယ်ရေးကိုယ်တာ အချက် အလက်တွေ ဖောက်ဖတ် ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ လူမှုကွန်ရက် ဝက်ဘ်ဆိုက်တွေ၊ လိပ်စာ အချက်အလက် ပေးရတဲ့ ဈေးဝယ်နဲ့ အင်တာနက် စာမျက်နှာတွေမှာ ရှိတဲ့ လူတွေရဲ့ အချက်အလက်တွေကို ဒီဝက်ဘ်ဆိုက်မှ ရှာဖွေ စုစည်းပေးနိုင်ပြီး အသေးစိတ် ကြည့်ရှုလိုသူတွေ အနေနဲ့ လစဉ်/နှစ်စဉ်ကြေး ပေးသွင်းရမှာ ဖြစ်ပါတယ်။

## အိပ်မက်တွေ အကြောင်း




အိပ်မက်တွေရဲ့ သဘော သဘာဝနဲ့ ယူဆချက်အနက် ဖွင့်ဆိုချက် တွေကို သိရှိအောင် ကူညီပေးနိုင်မယ့် ဝက်ဘ်ဆိုက်ပါ။ အိပ်မက်တွေ အကြောင်းကို သိရှိခြင်းအားဖြင့် လူမှုဆက်ဆံရေးမှာ အမြင် ကြည်လင်မှု တွေ၊ စိတ်ခံစားချက်နဲ့ ပတ်သက်တဲ့ အလိုမကျမှုတွေ၊ ကောင်းမွန်တဲ့ ဘဝ ရေးရာ သုံးသပ်ချက်အမြင်တွေ သိရှိနိုင်မှာ ဖြစ်တယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ လူတစ်ယောက်အတွက် တစ်ညတည်းမှာ ပျမ်းမျှမက်နိုင်တဲ့ အိပ်မက် အရေအတွက်တွေ၊ အိပ်မက် မမက်စေတဲ့ အကြောင်းအရင်း၊ ထပ်ခါတလဲလဲ ပြန်မက်လေ့ရှိတဲ့ အိပ်မက်တွေ၊ အိပ်မက်ထဲမှာ သေဆုံးတာ ဖြစ်နိုင်သလားဆိုတဲ့ အကြောင်းအရာတွေကို ရေးသား ဖြေဆို ပေးထားပါတယ်။ ဒါ့အပြင် မှတ်သားစရာ အိပ်မက် ရေးရာ အချက်အလက်တွေ၊ အိပ်မက် အမျိုးအစားတွေ တင်ပြပေး ထားပြီး အိပ်မက် ကောင်း မကောင်း သိရှိနိုင်မယ့် အိပ်မက် အဘိဓာန်နဲ့ မိမိအိပ်မက်ကို စစ်ဆေးပေးနိုင်မှာ ဖြစ်ပါတယ်။


Advertisement



အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

# Mozilla Firefox browser သုံးရတာ ကြိုက်တယ်၊ သို့ပေမယ့် သုံးရတာ နှေးနေလို့ Speed မြှင့်တင်ချင်တယ်ဆိုရင်

Firefox browser ကို သုံးတာ ကြာလာရင် လေးလာတတ်ပါတယ်။ Browser ကို ဖွင့်လိုက်ပေမယ့် အချိန်တော်တော် မပွင့်ပဲနဲ့ ရှိနေတတ်ပါတယ်။ အဲဒီလို လေးနေလို့ မြန်ချင်တယ်ဆိုရင် ပြုလုပ်ပုံနည်းလေး ပြောပြပေးပါမယ်။





ဒါကတော့ Browser ပြင်ပေးရမှာ ဖြစ်ပါတယ်။

1. အရင်ဆုံး Browser ကို ဖွင့်လိုက်ပါ။ ပြီးရင် Address bar မှာ about:config ဆိုတာကို ရိုက်ပြီး Enter နှိပ်လိုက်ပါ။
2. ကျတဲ့ List ထဲမှာ browser.tabs.showSingleWindowModePrefs စာကြောင်း ရှာပြီး Double Click နှိပ်လိုက်ပါ False ကနေ True ပြောင်းသွားရင် ရပါပြီ။
3. နောက်ထပ် network.http.pipelining ကို ရှာပြီး Double Click နှိပ် True ပြောင်းပေးပါ။
4. နောက်ဆုံး တစ်ခုကတော့ network.http.pipelining.maxrequests ဆိုတဲ့ စာကြောင်းပါ သူ့ကို ရှာပြီး Double Click နှိပ်ပါ။ ပေါ်လာတဲ့ box ထဲက Number ကို 60 ပြောင်းပြီး Ok နှိပ်လိုက်ပါ။

အားလုံး ပြီးပြီးဆိုရင် Browser ကို ဖွင့်ကြည့်လိုက် ခါတိုင်းထက် သိသိသာသာ မြန်ဆန်လာပါလိမ့်မယ်။

## နောက်ထပ်တစ်နည်း




1. Start >> Run box ထဲမှာ gpedit.msc လို့ ရိုက်ပြီး Local Group Policy ထဲကို သွားပါ။
2. User Configuration အောက်က Administrative Tamplate ထဲကို သွားပါ။
3. Network Folder ကို ဝင်ပါ။
4. အဲဒီထဲမှာ "QOS Packet Scheduler" ကို ရှာပြီး Double Click နှိပ်ပြီး ဖွင့်ပေးပါ။
5. "Limit Reservable Bandwidth" ဆိုတာကို Double Click နှိပ်ပြီး ဖွင့်ပါ။
6. ပြီးရင် Enable Check box ကို on ပေးပါ။ Bandwidth Limit % နေရာမှာ 0 ထားပြီး Apply >> Ok နှိပ်လိုက်ပါ။ ဒါဆိုရင် Browser ရဲ့ Bandwidth Speed က 20% တိုးလာပါလိမ့်မယ်။

နည်းပညာ အခက်အခဲများကို ကျော်လွှားနိုင်ပါစေလို့...


**CARTOON BY**

စမ်းချောင်း
ကိုကိုအောင်



APT တင်ဆက်သည်။

## ဖောင့်တွေ ရှုပ်လို့ ရှင်းချင်တယ်ဆိုရင်





**NexusFont**

အရွယ်အစား ‣ 2.20 MB
ဝက်ဘ်ဆိုက် ‣ http://www.xiles.net
တွဲသုံးနိုင်သည့်စနစ် ‣ Windows 2000/XP/Vista/7

ဂင်းဒိုးစ် အသုံးပြုသူတွေအတွက် အသုံးတည့်စေမယ့် Font Manager ဖြစ်ပါတယ်။ Font စာလုံးတွေကို တစ်ပြိုင်တည်း နှိုင်းယှဉ်ကြည့်နိုင်မှာ ဖြစ်တဲ့အပြင် ကွန်ပျူတာ စနစ်ထဲ အထုတ်/အသွင်း ပြုလုပ်နိုင်မှာလည်း ဖြစ်ပါတယ်။ ထပ်နေတဲ့ စာလုံးဖောင့်တွေကိုလည်း ရှာဖွေ ဖျက်ထုတ်နိုင်မှာ ဖြစ်ပြီး ပုံသဏ္ဍာန်နဲ့တကွ ဖောင့်စာရင်းကို ပရင့်ထုတ်ယူနိုင်မှာလည်း ဖြစ်ပါတယ်။

## Codeတွေကို ကာကွယ်မယ်





**HTML Lock**

အရွယ်အစား ‣ 112 KB
ဝက်ဘ်ဆိုက် ‣ http://baliganikhil.googlepages.com
တွဲသုံးနိုင်သည့်စနစ် ‣ Win 98/XP

HTML Source Codes တွေကို ထုတ်ပိုး သိမ်းဆည်းထားပေးမယ့် အသေးစား အခမဲ့ ဆော့ဖ်ဝဲလေးပါ။ HTML ရေးသားချက်တွေကို မဆိုင်သူတွေ အလွယ်တကူ ဖတ်ရှုခြင်းမှ ကာကွယ်ပေးထားနိုင်မှာ ဖြစ်ပါတယ်။ သို့ပေမယ့် ဝက်ဘ်ဆိုက် ကြည့်တဲ့အခါမှာတော့ Browserက အလွယ်တကူပဲ Decode ပြန်လုပ်ပေးမှာ ဖြစ်ပါတယ်။

## Image ဖိုင်ကို လှုပ်ရှားစေမယ်




**ASCII Animator**

အရွယ်အစား ‣ 1.34 MB
ဝက်ဘ်ဆိုက် ‣ http://www.qqpr.com
တွဲသုံးနိုင်သည့်စနစ် ‣ Windows 2000/XP/2003/Vista/7

ဘယ်အရာနဲ့မှ မတူ တမူထူးခြားတဲ့ အခမဲ့ ဆော့ဖ်ဝဲလေး ဖြစ်ပါတယ်။ Gif ပုံဖိုင်တွေကို စကားလုံးထွင်း အနုပညာ ASCII Art အသွင် ပြောင်းပေးမှာ ဖြစ်ပါတယ်။ အရင်ဦးဆုံး အနေနဲ့ Gif ဖိုင်ကို Frame တွေအဖြစ် ခွဲထုတ်ပေးမှာ ဖြစ်ပြီး Frame တစ်ခုချင်းစီကို ASCII Art အသွင် ပြောင်းပေးမှာ ဖြစ်ကာ နောက်ဆုံး အဲဒီဖိုင်ကိုပဲ သက်ဝင်လှုပ်ရှားပုံ Gif ပုံရိပ်အဖြစ် ပြောင်းလဲ လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။

NEW YEAR, NEW YOU, NEW SUBSCRIPTION. EMAIL YOUR NAME, ADDRESS & CONTACT NUMER TO
CIRCULATION@MYANMARICT.COM

MOBILE FRIEND
Laptop Sales & Services
မိတ်ဟောင်းမိတ်သစ်များအတွက် Special Discount

DELL Latitude D610

Intel Pen: (M) 1.7GHz
1GB RAM (DDR II)
40GB HDD
COMBO (DVD-R + CD-RW)
VGA-128MB
Lan-Wi-Fi-Modem
LCD - 14"
99,000/-Ks

SONY VGN G 1

Intel Cel: (M) 1.2GHz
1GB RAM (DDR II)
40GB HDD
COMBO (DVD-R + CD-RW)
VGA-128MB
Lan-IR
LCD - 10"
99,000/-Ks

FUJITSU P 8215T

Intel Pen: (M) 1.2GHz
512MB RAM (DDR II)
20GB HDD (SATA)
VGA-128MB
Lan-Wi-Fi
LCD - 10.5"
Touch Panel
110,000/-Ks

DELL Latitude D610

Intel Pen: (M) 1.7GHz
1GB RAM (DDR II)
80GB HDD
DVD-RW
VGA-128MB
Lan-Wi-Fi-Modem
LCD - 14"
135,000/-Ks

TOSHIBA Satellite J 61

Intel Core Duo 1.7GHz
1GB RAM (DDR II)
60GB HDD (SATA)
COMBO (DVD-R + CD-RW)
VGA-256MB
Lan-IR
LCD - 15"
150,000/-Ks

FUJITSU FMV C8240

Intel Core 2 Duo 1.7GHz
1GB RAM (DDR II)
60GB HDD (SATA)
DVD-RW
VGA-256MB
Lan-Wi-Fi-
LCD - 15"
160,000/-Ks

ရန်ကုန် ➡ အမှတ်(၁၃၈) - မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၃၉၈၄၇၄၊ ၀၉ ၅၁၉၉၇၇၈၊ ၀၉၄၂၁၀၂၃၂၁၀
ပျဉ်းမနား ➡ အမှတ်(၁၀/၇၀)၊ ဗိုလ်တာရာလမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၆၇ ၂၁၂၆၃၊ ၀၉၄၂၀၇၄၇၉၀၅
မော်လမြိုင် ➡ New Light Computer အမှတ်(၄/ဘီ) ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇ ၂၇၄၁၀၊ ၀၉၄၂၅၂၆၅၇၈၆၊ ၀၉၄၉၈၀၃၃၉၆

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

## CR Player




Android OS ကို အသုံးပြုထားတဲ့ Smart Phone တွေ Tablet တွေပေါ်မှာ Video တွေ Music တွေ TV Channel တွေကို ရုပ်ထွက် ကြည်လင်မှု အပြည့်အဝ ရရှိစေမယ့် Media Player ပဲ ဖြစ်ပါတယ်။ SD Card ထဲမှာ ရှိတဲ့ Video File တွေ Music File တွေကို Player ထဲကနေ Browse လုပ်ပြီး ရှာဖွေနိုင်သလို Scan စစ်ပြီးတော့လဲ အလွယ်တကူ ဖွင့်နိုင်ပါတယ်။ ပြီးတော့ ကိုယ်ကြိုက်တဲ့ Video တွေ၊ Music တွေကို Favorite List ထဲမှာ ထည့်ထားနိုင်ပါတယ်။ TV Channel တွေ ရှိမယ်ဆိုရင်လဲ ကိုယ်ကြိုက်တဲ့ TV Channel တွေကို Favorite List ဖန်တီးထားလို့ ရပါတယ်။ CR Player မှာ Support လုပ်တဲ့ Video Format တွေကတော့ MP4, WMV, AVI, MKV, DV, RM, MPG, MPEG, FLV, DIVX, SWF, DAT, H264, H263, H261, 3GP, 3GPP, ASF, MOV, M4V, OGV, VOB, TS, WEBM... HD Videos စတဲ့ Format အားလုံးကို သုံးနိုင်ပါတယ်။ Music Format တွေကတော့ MP3, WMA, OGG, MP2, FLAC, AAC, AC3, AMR, PCM,WAV, AU, AIFF, 3G2, M4A အားလုံးကို အသုံးပြုနိုင်ပါတယ်။ CR Playerကို Android OS 2.1 နှင့် အထက် ဖုံးများမှာ အသုံးပြုနိုင်ပါတယ်။

## Easy Unistaller




Android Phone နဲ့ Tablet တွေပေါ်မှာ Install လုပ်ထားတဲ့ Application တွေကို ပြန်ဖြုတ်ချင်တယ်ဆိုရင် လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ Uninstall ပြုလုပ်ပေးမယ် Software ပါ။ Software ကို Phone ထဲမှာ Install လုပ်ပြီး ဖွင့်လိုက်တာနဲ့ ဖုန်းထဲမှာ Install လုပ်ထားတဲ့ Application တွေ Games တွေ အကုန်လုံးကို ဖော်ပြပေးထားပါတယ်။ Uninstall လုပ်ချင် Application တွေကို Selected ပေးပြီး Uninstall ကို နှိပ်ပြီး အလွယ်တကူ ဖြုတ်လို့ ရပါတယ်။ Android 2.1 နှင့်အထက် Phone တွေမှာ အသုံးပြုနိုင်ပါတယ်။


## RAM Booster




Android OS အသုံးပြုသူတွေ အတွက် RAM ရဲ့ Speed ကို မြင့်တင်ပေးမယ့် RAM Booster ပါ။ Phone ထဲမှာရှိတဲ့ Total Memory ဘယ်လောက်ရှိတယ် Usage ဘယ်လာက် ရှိတယ်၊ Free Space ဘယ်လောက်ရှိတယ် ဆိုတာကို အသေးစိတ် ဖော်ပြပေးပါတယ်။ Application တစ်ခုချင်းစီရဲ့ Memory သုံးစွဲမှု ပမာဏကို အသေးစိတ် ကြည့်ရှုနိုင်တဲ့အပြင် မလိုအပ်တဲ့ Application တွေကို Memory သုံးစွဲလို့ မရအောင် ပိတ်ပင်တာတို့ လျှော့ချတာတို့ကို ပြုလုပ်နိုင်ပါတယ်။


ဂျက်ဆင် တင်ဆက်သည်။

## သင် အဝင်ဖုန်းကို စကား မပြောချင်ဘူး၊ ဖုန်းလည်း မကိုင်ချင်ဘူး၊ အားလည်း နာတတ်တယ်ဆိုရင်...




တကယ်လို့ ကိုယ် မကိုင်ချင်တဲ့ ဖုန်းနံပါတ်တွေကို လက်မခံချင်ဘူးဆိုရင် Black List Application ထည့်ပြီး Black List လုပ်ရပါတယ်။ တစ်ချို့ဖုန်းတွေက Factory ထဲက ပါလာပြီး တစ်ချို့ဖုန်းတွေက Application သက်သက် ထည့်ရပါတယ်။ အခု နောက်ပိုင်း ဝင်လာတဲ့ ဖုန်းတော်တော်များများမှာ Security Guard ဆိုတဲ့ Application ထည့်ပေးထားပါတယ်။ Security Guardထဲမှာ Function ၄ခုရှိပါတယ်။ အဲဒီ အထဲက Blocked List ဆိုတာ တွေ့ပါလိမ့်မယ်။ Blocked List ထဲမှာ SMS, CALL, BLACK LIST ဆိုပြီး တွေ့ပါလိုက်မယ်။ အရင်ဆုံး BLACK LIST ထဲကို သွားပြီး BLACK LIST လုပ်ချင်တဲ့ ဖုန်းနံပါတ်ကို ADD လုပ်ပေးပါ။ Security Guardထဲမှာ ပါတဲ့ BLACK LISTက SMS, CALL တွေကိုပါ BLACK LIST လုပ်ထားပေမဲ့ ဆက်တဲ့ သူကသာ BLACK LIST ဖြစ်သွားတာပါ။ ကိုယ်က သူ ဘယ်နစ်ကြိမ် ခေါ်လဲ၊ SMS ဘယ်နစ်စောင် ပို့လဲဆိုတာ သိနိုင်ပါတယ်။ ကိုယ် မကိုင်ချင်တဲ့ သူရဲ့ ဖုန်း လာနေရင်လဲ Vibrate တစ်ခါ ဖြစ်သွားပြီ ပြတ်ကျသွားပါလိမ့်မယ်။ ဖုန်းခေါ်နေတဲ့သူဘက်မှာ BLACK LIST လုပ်ထားရင် ကြားရတဲ့ အသံအတိုင်း ကြားနေရမှာပါ။

## Android ပေါ်မှာ နောက်ခံ Wallpaper များကို နေ့စဉ်နှင့်အမျှ ပြောင်းလို့ ရမည့် App




ဖုန်းရဲ့ Home Screen ပေါ်မှာ စိတ်ကြိုက် Wallpapers တွေ ပြောင်းပြီး အလှဆင်ချင်တဲ့ Android Userတွေအတွက် Flikie Wallpapers HD applicationနဲ့ Wallpapers ပေါင်း များစွာ ဖုန်းထဲမှာ သိမ်းထားလို့ ရပါတယ်။ အင်တာနက် ချိတ်ဆက်ထားဖို့တော့ လိုတယ်။ နေ့စဉ် အသစ် ထွက်တဲ့ Wallpapersတွေ ဖုန်းထဲကို ရောက်လာမှာပါ။ Wallpapersတွေကို သိမ်းထားလို့ ရတဲ့အပြင် ပြန် Share လို့ ရပါသေးတယ်။ သူ့ရဲ့ Categories တွေလဲ စုံပါတယ်။ ပုံတွေက ကြည်လင်ပြတ်သားပြီး Wallpapers အလန်းစားတွေ ရရှိနိုင်ပါတယ်။

ရထား တင်ဆက်သည်။

1


**PS3** Ver.3.55 320 GB
K **480,000**

2


**Xbox360 Slim JTAG 3.0** 250 GB
K **430,000**

3


**Xbox360** Kinect Sensor
K **130,000**

4


**PSP** Go
K **185,000**

5


**PS** Vita
K **320,000**

6


**Nintendo** Wii
K **300,000**

7


**Nintendo** 3DS
K **240,000**

8


**PS3** system version downgrade
K **60,000**

9


**Xbox360** LT 3.0 upgrade
K **25,000**

10


**Wii modify**(Any version)
K **290,000**

11


**PS3** Original Controller
K **55,000**

12


**Xbox360** Original Controller
K **55,000**

13


**Xbox360** Wired Controller
K **40,000**

14


**PC** game discs
K **1,000**

15



**PS3** game install
K **2,500**

16



**Xbox360** game discs/install
K **2,500**

17



**Wii** game discs
K **2,000**

Game Hive
09-7311-8550

# Printer & Network Accessories

## PRINTER & SCANNER

| Epson/Canon/HP/Samsung | Kyat |
|---|---|
| Epson LQ300+2 Printer with Cable | 172,000 |
| Epson Stylus Photo R230X Printer with Cable (USB) | 142,000 |
| Canon iP 2770 Printer with Cable (USB) | 40,000 |
| Canon LBP 6000 Printer with Cable (USB) | 76,000 |
| Canon LBP 2900B Printer with Cable (USB) | 116,000 |
| HP Laserjet P1102 Printer with Cable (USB) | 75,000 |
| HP Laserjet P2055D Printer with Cable (USB) | 243,000 |
| HP Color Laserjet 1025NW Printer with Cable (USB) | 270,000 |
| HP Officejet 7000 Printer with Cable (USB) A3 Size | 265,000 |
| Star Receipt Printer SP712 MU (USB) | 215,000 |
| Flatbed Scanner Canon Lide 110 | 52,000 |
| DCD: 297332, 296579 | |

## TONER

| HP/Samsung/Canon | Kyat |
|---|---|
| HP 1200 (C7115A) Toner | 57,000 |
| HP 1005 (CB 435A) Toner | 57,000 |
| HP 1102 (CE 285) Torner | 57,000 |
| HP 1010/3015 (Q 2612A) Toner | 61,000 |
| HP 1300 (Q 2613A) Toner | 61,000 |
| HP 2015 (Q7553A) Toner | 69,000 |
| HP 1522N (36A) Toner | 69,000 |
| HP 1536N (CE278A) Toner | 69,000 |
| HP 2055 (CE505A) Toner | 69,000 |
| HP 1320 (Q5949A) Toner | 69,000 |
| Canon 6000 (325) Toner | 29,000 |
| Samsung CLP-325/ CLX-3185Toner (CLT-C407S)/ (CLT-M407S)/ (CLT-Y407S)/ CLT-K407S | 48,000 |
| Canon 2900 (EP303)/ Canon 1120 (EP22)/ Canon 3050 (312) | 49,000 |
| DCD: 297332, 296579 | |

## NETWORK ACCESSORIES

| Prolink/Dlink | Kyat |
|---|---|
| Prolink - 5 Ports Switch 10/100B | 8,000 |
| Prolink - 8 Ports Switch 10/100B | 10,000 |
| Prolink - 16 Ports Switch 10/100B | 22,000 |
| Dlink - 8 Ports Switch 10/100B | 17,000 |
| Dlink - 16 Ports Switch 10/100B | 38,000 |
| Dlink - 24 Ports Switch 10/100B | 47,000 |
| Dlink - PCI Network Card 10/100 BT | 6,500 |
| ProLink - Gigabit Lan Card 10/100 BT | 8,500 |
| ProLink - Gigabit 5Port Switch 10/100/1000 BT | 27,000 |
| ProLink - Gigabit 8Port Switch 10/100/1000 BT | 35,000 |
| ProLink - Gigabit 16Port Switch 10/100/1000 BT | 86,000 |
| ProLink - Gigabit 24Port Switch 10/100/1000 BT | 105,000 |
| ProLink Wireless USB Network Adapter (WN-2201) 300Mbps | 16,000 |
| ProLink Wireless-N High Power USB Adapter (PAN-2001) 150Mbps | 19,000 |
| ProLink Wireless-WNR 1004C Combo (Mini Portable Router+Nano USB Adapter) | 22,000 |
| ProLink Wireless-N 4 Port Gigabit Router (WNR - 1008) | 38,000 |
| ProLink Wireless-N 4G Mobile Router (WNR - 1011) | 40,000 |
| ProLink Wireless-N 4G MIMO AP/Router (WNR - 1012) | 38,000 |
| ProLink Wireless N2T2R MultiFunction Router (WNR - 1004/P-BLK) | 33,000 |
| Prolink wireless -N Multi function 4xUSB Port (PPS2104N) | 48,000 |
| Prolink wireless IP Camera (PIC 1003WP) with PAN/TILT | 125,000 |
| Prolink wireless IP Camera (PIC 1005WN) with night vision | 95,000 |
| DCD: 297332 , 296579 | |

Updated on January 9, 2013.

# Accessorise Your Gizmo



**Electronic Counter** SXH5136

လက်ပတ်နာရီတစ်လုံး သဖွယ် သင့်လက်မှာ ပတ်ထားလို့ ရသည့်အပြင် သင် count လုပ်ချင်သည်များကိုလည်း ခလုတ်တစ်ချက် နှိပ်ရုံဖြင့် လွယ်လင့်တကူ အသုံးပြုနိုင်ပါတယ်။

K **5,500**
**123 IT ✆ 01-398-006**



**Dr. Dre** Solo HD Headphone

နာမည်ကျော် ဟစ်ဟော့ပ် အနုပညာရှင် ဒေါက်တာ ဒရေ ဦးစီးပြီး တီထွင်ထားတဲ့ Headphone လေးဖြစ်ပါတယ်။ ဈေးကြီးပေးမည့် ထူးခြားတဲ့ အသံ Qualityကတော့ ဘာနှင့်မှ လဲနိုင်မည် မထင်ပါဘူး

K **212,000**
**Easy One ✆ 01-250-941**



**Samsung Bluetooth Headset** HM 1700

နည်းပညာလောကမှ ဘုရင်တစ်ပါးလို့ ပြောလို့ရတဲ့ ဆမ်ဆောင်းမှ ထုတ်လုပ်ထားသည့် အတွက်ကြောင့် သင်ကြိုးမဲ့ ဖုန်းပြောဖို့အတွက် အသံအရည်အသွေး ပိုင်းကိုတော့ စိတ်ချ ယုံကြည်နိုင်မှာပါ။

K **35,000**
**Easy One ✆ 01-250-941**



**Samsung Galaxy Note II Cover**

သင့်ရဲ့ Note II ဟန်းဆက်လေးကို လွန်စွာမှ ချစ်မြတ်နိုးပြီး မပွန်းမပဲ့ စတိုင်ရှိရှိ ကိုင်ဆောင်ချင်သူများအတွက် leather အိတ်ကလေး ဖြစ်ပါတယ်။ လွယ်ကူစွာ ထုတ်ယူ သုံးစွဲဖို့ အဆင်ပြေစေပါတယ်။

K **12,000**
**Easy One ✆ 01-250-941**



**LABC Case** (New iPad)

မကြာသေးမီကဖွင့်လှစ်ခဲ့တဲ့ Synnex Showroomမှ New iPadအတွက် smart cover နှင့် caseလေး ဖြစ်ပါတယ်။

K **13,900**
**Synnex Showroom ✆ 01-860-3300**



**Silicon Power** 540 USB Stick

Silicon Powerမှ ထုတ်သည့် စတီးကြိုးလေးပါ တွဲပါသည့် အတွက်ကြောင့် သင့် အိတ်ဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ ဆွဲထားလို့ ရနိုင်သည့် USB stickလေး ဖြစ်ပါတယ်။

K **5,500**
**123 IT ✆ 01-398-006**

Updated on January 9, 2013.

# ခေတ်မီ Living Room နှင့် Kitchen ပိုင်ဆိုင်ချင်သူများအတွက်...

**LG 47LM6400**
Display: 47"
Type: LED 3D
K 1,279,000
Ph: 01-379-954



**LG 47LM7600**
Display: 47"
Type: LED 3D
K 1,449,000
Ph: 01-379-954



**Samsung UA32D4003BMXSQ**
Display: 32"
Resolution: 1366x768
K 359,000
Ph: 01-252-990



**Samsung PS43D450**
Display: 43"
Resolution: 1366x768
K 417,000
Ph: 01-252-990



**LG 42LM6200**
Display: 42"
Type: LED 3D
K 899,000
Ph: 01-379-954



**LG 42LM6400**
Display: 42"
Type: LED 3D
K 929,000
Ph: 01-379-954



**Panasonic 32C4S**
Display: 32"
Type: -
K 233,000
Ph: 01-384-534



**Samsung LA32D403XSQ**
Display: 32"
Type: LED
K 323,000
Ph: 01-252-990



**Samsung DVD-D360K Blu-Ray Player**
K 64,000
Ph: 01-252-991/ 01-252-990



**LG BP125 DVD Blu-Ray Player**
K 105,000
Ph: 01-379-954



**LG BP325 3D Blu-Ray Player**
K 169,000
Ph: 01-379-954



**LG DH-7620 Home Theatre (Home Theatre)**
K 399,000
Ph: 01-379-955



**Samsung HTD- 350K Home Theatre (Home Theatre)**
K 210,000
Ph: 01-252-990



## KITCHEN WARE



**Panasonic MX-900 Blender**
Capacity: 1.2L
Body: Plastic
Power Comsumption: 225W-350W
K 40,000
Ph: 01-252-464



**Panasonic SR-MG182 Rice Cooker**
Capacity: 1.8L
Power Consumption: 835W
Power Voltage: 220V
K 120,000
Ph: 01-252-464



**Panasonic NC-GF1 Coffee Maker**
Capacity: 10 Cup
Power Consumption: 880W
Power Voltage: 220V
K 27,000
Ph: 01-252-464



**LG MS2349HKS Microwave oven**
Capacity: 23L
Power Consumption: 1200W
Avaliable Colour: -
K 99,000
Ph: 01-379-954



**LG MC8289URC Microwave oven**
Capacity: 32L
Power Consumption: 1350
K 399,000
Ph: 01-252-464

**DO-IT-YOURSELF: ကွန်ပျူတာ တစ်လုံး ဘယ်လောက် ကျမလဲ။ ဈေးချပြီး တွက်ကြည့်ပါ။**

## CPU

| Intel / AMD | Kyat |
|---|---|
| Intel Celeron 2.5GHz (1MB/775) E-3300 | 23,000 |
| Intel Celeron 2.6GHz (1MB/775) E-3400 | 26,000 |
| Intel Dual Core 2.8GHz (3MB/1155) G-645 | 56,000 |
| AMD Athlon X2 HDZ-270 Dual Core 3.4 GHz | 57,000 |
| AMD Athlon X4 HDX-640 Quad Core 3.0 GHz | 90,500 |
| AMD Phenom X4 HDZ-965 Quad Core 3.4 GHz | 115,500 |
| DCD: 297332, 296579, T-Land: 01-382-868 | |

## MOTHERBOARD

| ASUS | Kyat |
|---|---|
| GA-H61M-DS2 {1155/DDR3} w/Sound+PCIE+Lan | 49,000 |
| ASUS- P8 H61-MLX {1155/DDR3} w/Sound+PCIE+Lan | 50,000 |
| ASUS- P8 H61-MLE {1155/DDR3} w/Sound+PCIE+Lan | 52,500 |
| ASUS- P8 H77-MLE {1155/DDR3} w/Sound+PCIE+Lan | 74,000 |
| ASUS- P8 H77-VLE {1155/DDR3} w/Sound+PCIE+Lan | 113,000 |
| | USD |
| ASUS RAMPAGE IV EXTREME | 445 |
| ASUS P9X79 DELUXE | 360 |
| ASUS SABERTOOTH X79 | 318 |
| ASUS Maximus V Extreme | 450 |
| ASUS Maximus IV Extreme-Z | 320 |
| ASUS P8Z77-V DELUXE | 324 |
| ASUS SABERTOOTH Z77 | 280 |
| ASUS P8Z77-V PRO | 255 |
| ASUS P8Z77-V LE PLUS | 168 |
| ASUS P8H77-V LE | 136 |
| ASUS P8Z77-V LX | 119 |
| DCD: 297332, 296579, Golden Power Technology: 01-210-943 | |

## MEMORY

| Kingston | Kyat |
|---|---|
| Kingston - 512 MB (DDR / 400MHz) | 13,000 |
| Kingston - 1 GB (DDR / 400MHz) | 28,000 |
| Kingston - 2 GB (DDR2 / 800MHz) | 29,000 |
| Kingston - 2 GB (DDR3 / 1333MHz) | 11,500 |
| Kingston - 4 GB (DDR3 / 1333MHz) | 18,500 |
| Kingston - 2 GB (DDR2 / 800MHz) (Laptop Memory) | 35,000 |
| T-Land: 01-382-868 | |

## HARD DRIVE

| Seagate / Western Digital | Kyat |
|---|---|
| Seagate 250 GB HDD 7200RPM SATA | 42,000 |
| Seagate 320 GB HDD 7200RPM SATA | 49,000 |
| Seagate 500 GB HDD 7200RPM SATA | 50,000 |
| Seagate 1000 GB HDD 7200RPM SATA | 68,000 |
| Seagate 2000 GB HDD 7200RPM SATA | 91,000 |
| Western Digital 1500 GB HDD 7200RPM SATA 32M | 96,000 |
| Western Digital 1500 GB HDD 7200RPM SATA Black | 105,000 |
| T-Land: 01-382-868 | |

## POWER SUPPLY

| Golden Field/Thermaltake | Kyat |
|---|---|
| Golden Field - 500W PSU | 10,500 |
| Golden Field - 550W PSU | 14,000 |
| | USD |
| Thermaltake - TP-1500MPCSEU PSU | 295 |
| Thermaltake - TPX-1375MP CGEU | 265 |
| Thermaltake - TP-1350MP CEU | 255 |
| Thermaltake - TPG1050MP CEU | 205 |
| Thermaltake - SP-850MPC BEU | 118 |
| Thermaltake - SP730PCWEU | 89 |
| GF: 01-430-013, Golden Power Technology: 01-210-943 | |

## GRAPHIC CARD

| ASUS | USD |
|---|---|
| ASUS HD7870 DC2TG 2GD5 V2 | 313 |
| ASUS HD7850-DC2-2GD5 | 260 |
| ASUS HD7770 2GD5 | 182 |
| ASUS HD7770 DC 1GD5 | 158 |
| ASUS HD7750-1GD5-V2 | 120 |
| ASUS HD6670-2GD3 | 90 |
| ASUS EAH6450sil/DI/1G/D3(LP) DDR3/PCI-E | 47 |
| ASUS EAH5450sil/DI/1G/D3(LP) DDR3/PCI-E | 40 |
| ASUS PCIE (1 GB) EAH 5450 (DDR3) with DVI/HDMI Output | K 34,000 |
| ASUS PCIE (2 GB) GT610 (DDR3) 64 Bit with DVI/HDMI Output | K 49,000 |
| ASUS PCIE (4 GB) GT630 (DDR3) 128 Bit with DVI/HDMI Output | K 80,000 |
| Golden Power Technology: 01-210-943, DCD: 297332, 296579 | |

## OPTICAL DISK DRIVE

| ASUS | USD |
|---|---|
| ASUS - BW-12B1ST | 106 |
| ASUS - SBW-06D2X-U/BLK | 119 |
| ASUS - SDRW-08D2S-U (BLK,WHT) | 39 |
| ASUS - DRW-24B5ST | 23 |
| Golden Power Technology: 01-210-943 | |

## MONITOR

| AOC/ Acer/Samsung/Fujitsu/Viewsonic/ASUS | Kyat |
|---|---|
| AOC - 18.5" LED / 50,000,000:1 / VGA (e943Swn) White | 85,000 |
| AOC - 18.5" LED / 20,000,000:1 / VGA+DVI (e960Swda) Black | 87,000 |
| AOC -18.5" LED / 20,000,000:1 / VGA+ DVI (e962Swn) Black | 89,000 |
| AOC - 20" LED / 20,000,000:1 / VGA+DVI (e2051Sdn) Black Photo Frame | 102,000 |
| AOC - 23" LED / 50,000,000:1 / VGA+DVI (e2343F) White | 155,000 |
| AOC - 23" LED / 50,000,000:1 /VGA+Twin HDMI (i2353Ph) Silver Black | 205,000 |
| AOC - 27" LED / 20,000,000:1 /VGA+Twin HDMI (i2757) IPS Borderless Panel | 265,000 |
| Acer P238HLbmii ( 23") LED Monitor | 158,000 |
| Samsung 20" LED Color Monitor wide view with DVI | 100,000 |
| Fujitsu 18.5" LED Color Monitor wide view with DVI + Speaker | 86,000 |
| Fujitsu 20" LED Color Monitor wide view with DVI + Speaker | 82,000 |
| Fujitsu 21.5" LED Color Monitor wide view with HDMI + Speaker | 96,000 |
| View Sonic 20" LED Color Monitor wide view VA2037m with DVI + Speaker | 108,000 |
| | USD |
| ASUS VG278H 27"Wide LED Monitor | 668 |
| ASUS VE278H 27"Wide LED Monitor | 340 |
| ASUS PA238Q 23"Wide LCD Monitor | 297 |
| ASUS VG23AH 23"Wide LED Monitor | 290 |
| ASUS ML248H 24"Wide LED Monitor | 244 |
| AOC: 01-430-013, Acer: 01-221-683, DCD: 297332 , 296579, Golden Power Technology: 01-210-943 | |

## UPS

| STAR/ EAST/Prolink/Power Tree | Kyat |
|---|---|
| STAR UPS 650VA LED Metal Case - Black | 29,000 |
| STAR UPS 1200VA LED Metal Case - Black | 55,000 |
| EAST UPS 650VA LED Metal Case - Black | 29,000 |
| EAST UPS 1200VA LED Metal Case-Black | 55,000 |
| Prolink 650 VA UPS | 34,000 |
| Power Tree 650 VA UPS | 37,000 |
| Power Tree 1250 VA UPS | 60,000 |
| IPS 1000 Long Time (inverter+UPS) Prolink | 60,000 |
| STAR: 01-430-013, EAST: 01-549-193, DCD: 297332, 296579 | |

| စဉ် | အမျိုးအမည် | ဈေးနှုန်း |
|---|---|---|
| 1 | CPU | |
| 2 | Motherboard | |
| 3 | Memory | |
| 4 | Hard Drive | |
| 5 | Graphic Card | |
| 6 | Casing | |
| 7 | Power Supply | |
| 8 | Monitor | |
| 9 | UPS | |
| 10 | Optical Disk Drive | |
| 11 | Keyboard/ Mouse | |
| | ကျသင့်ငွေ | |

## CASING

| Golden Field/Commander/ Acer/Nippon | Kyat |
|---|---|
| Golden Field Chasis 1292 (500W PSU) | 24,000 |
| Golden Field Chasis 1311 (500W PSU) | 24,000 |
| Golden Field Chasis 8219 (500W PSU) | 26,500 |
| Golden Field Chasis 8219 (550W PSU) | 30,000 |
| Overseer RX-I (VN700M1W2N) | 96,163 |
| ARMOR A30 (VM70001W2Z) | 76,590 |
| Commander MS-I Snow Edition (VN40006W2N) | 40,848 |
| Commander MS-I (VN400A1W2N) | 39,146 |
| Commander GS-III (VO100K1W 2N) | 35,742 |
| Commander GS-II (VN900K1W 2N) | 35,742 |
| V4 Black Edition (VM 30001W2Z) | 33,189 |
| V3 Black Edition (VL80001W2Z) | 32,338 |
| Acer Aspire M1935 (PDC) | 321,000 |
| Acer Aspire M1935 (i3) | 445,000 |
| Acer Aspire M3985 (i5) | 573,000 |
| Nippon Casing 2308A, 2318A, 2355B, 2350C, Power Supply 650W, PS/2 Keyboard, USB Mouse, Speaker | 34,000 |
| Golden Field: 01-430-013, Golden Power Technology: 01-210-943, Viewsonic: 09-731-029-18 | |

## KEYBOARD & MOUSE

| Prolink/A4 Tech/Thermaltake | Kyat |
|---|---|
| A4-Tech KM-6150 | 10,300 |
| A4-Tech Sumo Alpha | 90,300 |
| A4-Tech Sumo 4192 | 133,300 |
| Prolink Optical Mouse (USB) 618U/ 627U/ 628U/ Re-tractable 339N/3001 | 3,800 |
| Prolink Myanmarser KB (USB) 2306U | 4,700 |
| Prolink Wireless Nano Mouse (USB) 712G/ 713G/ 714G/ 715G/ 716G | 12,000 |
| Prolink Wireless Presenter With Air Mouse/ LCD (USB) PWP-103G | 26,000 |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 14,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 21,000 |
| Prolink (Combo) Wireless Laser KB+Mouse (5307G) | 23,000 |
| Prolink Wireless Multimedia KB With Touch Panel (5308G) | 34,000 |
| A4 Tech KB (PS/2) | 5,900 |
| A4 Tech KB (USB)/ (PS/2) X Slim Silver Black | 6,100 |
| | **USD** |
| Thermaltake Tte Mo-LTM009DT Mouse | 95 |
| Thermaltake Tte Mo-ARS003DTD Mouse | 32 |
| Thermaltake Tte KB-MEK007US Keyboard | 85 |
| Thermaltake Tte KB-KNK008US Keyboard | 39 |
| STAR-TECH: 01-384-017, KMD: 01-385-177, Golden Power Technology: 01-210-943 | |

လူကြီးမင်းတို့၏ ကုမ္ပဏီမှ ဖြန့်ချိသော ကုန်ပစ္စည်းဈေးနှုန်းများကို ပေးပို့လိုပါက newsroom@myanmarict.comသို့ အထက်ဖော်ပြပါ ဇယားအတိုင်း Spreadsheet (Excel) Formatဖြင့် ပေးပို့နိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL



**Ibanez**
**JEM77V – BK**
Electronic, Made in Japan
Dimarzio 5 pick up
K **3,500,000**



**Lacikar**
**Lu -21**
Made in Hawaii
K **180,000**



**Hamer**
**CX2R- WHK**
4 pick up
Electronic , Made in USA
K **400,000**



**Ibanez**
**SR900 - TKF**
Electronic , Made in USA
4 Stream
K **155,000**

**T&G Sound Gallery** 09-732-727-27

1



**Incase**
PIVOT
gonicase.com
K **65,000**

2



**Soul**
SL300
www.soul electronics .com
K **318,000**

3



**Beats by Dr. Dre**
BEATS TOUR
beatsbydre.com
K **160,000**

4



**Monster**
DNA(SUPRA – AURICULATRE )
www.monsterproducts
K **205,000**

5



**Adidas** (SENNHEISER)
PMX680i SPORTS
www.adidas.com
K **70,000**

6



**Adidas** (SENNHEISER)
OMX680i SPORTS
www.adidas.com
K **75,000**

7



**Monster**
INSPIRATION
www.monsterproducts
(Monsterinspiration.com)
K **355,000**

8



**Taylor Caffe**
(Stereo Earphone)
www.taylar.co.kr
K **15,000**

**Technoland** 01-704-727



1

**Monster (4s/ 4)**
TRON LIGHT DISC AUDIO DOCK
www.monsterproducts
K **290,000**



2

**Sonigear(4s/4)**
SONIC SPACE DA 100 I
www.sonigear .net
K **55,000**



3

**Sonigear** (iPod / iPhone)
SONIC SPACE IP 7 PORTA2
www.sonigear .net
K **44,000**



4

**YAMAHA**
PDX – W61
www.Yamaha .com
K **160,000**



5

**Logitech**
(portable speaker for iPod /iPhone)
S135 I
www.logitech .com
K **39,000**



6

**iluv**
(stereo speaker dock for iPod / iPhone 4s )
iMM 289BLK - 97
www.i luv .com .net
USD **88**



7

**ilav** (Apple atation, Apple driven Multimedia Dock)
iMM 190 BLK - 97
www.iluv.com
USD **112**



8

**iluv** (Audio Cube ) Stereo speaker Dock for iPod, iPhone or iPod)
iMM 747 - 01
www.iluv.com
USD **160**

**Technoland** 01-704-727, **ICE** 01-215-353


technoland
electronics expert
2013newyear
LaptopSales
14 - 20 JANUARY 2013
UP TO 30% OFF
Laptop
Netbook
MacBook
iPad
Tablet
Desktop
kindle fire HD
အထူး
အစီအစဉ်အနေဖြင့်
Laptop ဝယ်သူများ
Memory ထပ်တိုးရန်
အထူးဈေးနှုန်း
Kingston TECHNOLOGY
Services အမြန်
ဘယ်မှာဘဲဝယ်ဝယ်... နီးစပ်ရာ technoland ဆိုင်တိုင်းမှာ Computer, Labtop, Printer, UPS များပြုပြင်ခြင်း၊ Tablet များကို မြန်မာ Font ထည့်ပေးခြင်း၊ Root လုပ်ပေးခြင်း၊ Jail Break လုပ်ပေးခြင်းတို့ကို အမြန်ကြေးပေးစရာမလို ချက်ခြင်းဆောင်ရွက်ပေးနေပါသည်။
1
162-170, 36th Street (mid), Kyauktada Tsp.,Yangon.
t :09 730 24327, 09 730 24328, 09 730 41734, 09 730 41735.
2
78th Street, Bet. 39th St. & 40th St., Maha Aung Myay Tsp., Mandalay.
t :09 910 24812, 09 910 24819, 09 201 6125.
3
No. 98, Inya Road, Kamaryut Township.
t : 01-514 303.
4
51, U Chit Maung Road, Bahan Township, Yangon. (HEBER by Technoland)
t :09 731 45164
NEW
5
55F, Yangon-Insein Road, Hlaing Township, Yangon.
t : 01-519 796.
NEW

အိုင်စီတီ ဂျာနယ်
Volume 2, Issue 2
MYANMAR ICT JOURNAL

## Recommended Drive
















အမေရိကန်နိုင်ငံရဲ့ ဒတ်ထရိုက်မြို့မှလို့ ကြွေးကြော်ထားသည့် Chrysler ကားဟာ အခြားကားကုမ္ပဏီများမှ အတုယူချင်လောက်အောင်ကို ဆွဲဆောင်မှု ရှိလှပါတယ်။ ၂၀၁၃ မော်ဒယ်လ် Chrysler ကားဟာ Detroitနှင့် New Yorkမြို့တို့ရဲ့ဖက်ရှင် ရေစီးကြောင်းပေါ်မူတည်ပြီး vintage ကားစတိုင်လ်ကို မူမပျက်စေပဲ ပြန်လည် ဆန်းသစ်အောင် ဖန်တီးထားခြင်း ဖြစ်ပါတယ်။ စပုတ်တံ သဏ္ဍာန်ရှိတဲ့ ကားဘီးတွေနဲ့ အော်ဒီယို အတိုးအကျယ် ပြုလုပ်လို့ရသည့် ခလုတ်များကိုလည်း ရှေးရိုးမပျက်အောင် ဖန်တီးထားပြီး၊ အတွင်းပိုင်း အလှဆင်မှုများကိုလည်း သစ်သား အစစ်ဖြင့် ထုဆစ်ထားခြင်းကြောင့် ဒီလိုကားမျိုးကို ဂယ်ယူချင်သည့် စိတ်ကို လွန်ဆန်နိုင်ဖို့ဆိုတာ လွန်စွာမှ ခက်ခဲမှာ ဖြစ်ပါတယ်။

၂၀၁၃ မော်ဒယ်လ်အဖြစ် 300 Cနှင့် 300 S နှစ်မျိုးကို ထုတ်လုပ်ထားပြီး EVICလို့ ခေါ်တဲ့ Electronic Vehicle Information Centreမှလည်း ကာလာစုံဖြင့် ကားနှင့် ပတ်သက်သည့် အကြောင်းအရာမျိုးစုံကို အကဲခတ် မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။ ထို EVIC စံနစ်ဖြင့် TFT-LCD ပေါ်မှာ ကားရဲ့ ဆီစားသုံးမှုနှုန်းတွေ၊ အကွာအဝေး မိုင်တိုင် ဖော်ပြချက်တွေ၊ ကားရဲ့အပူချိန် အနိမ့်အမြင့်တွေကို အကဲခတ် အသုံးပြုနိုင်မှာ ဖြစ်ပြီး leatherနှင့် ပတ်ပြီး ထုဆစ်ထားတဲ့ Chryslerရဲ့ စတီယာတိုင်ပေါ်မှ ခလုတ်များမှာလည်း ခန့်ထည်စွာ မြင်သာထင်သာ ရှိသည့်အတွက်ကြောင့် အသုံးပြုချင်စိတ် တဖွားဖွား ဖြစ်ပေါ်စေမှာပါ။

ဇိမ်ခံတတ်သူများအတွက်တော့ တစ်နေ့တာ ပင်ပန်းမှုများကို Chrysler ကားကြီးထဲ ရောက်တာနဲ့ ကားရဲ့ဘယ်၊ ညာကြည့်ပြီး အပန်းဖြေစရာ မလိုပဲ၊ နတ်ပြည်အလားဆိုပြီး ကားခေါင်မိုးသို့ ကြည့်ရှု ခံစားရုံဖြင့် အခြားဇိမ်ခံကားများမှာ မရရှိနိုင်တဲ့ ကားခေါင်မိုးရဲ့ ၇၀ ရာခိုင်နှုန်းကို ဖန်သားဖြင့် အမိုးပြုလုပ်ထားသည့် Chryslerရဲ့ ခေါင်မိုးကတော့ ဘာနဲ့မှ မလဲနိုင်တဲ့ ခံစားမှုမျိုးကို ပေးစွမ်းနိုင်ပါလိမ့်မည်။

ဒါ့အပြင် နေပူကျဲကျဲမှာ ကားမောင်းနှင်နေရင်း နောက်ခန်းမှာ စီးနင်းတဲ့ ကလေးငယ်များ ကျန်းမာရေးအတွက်လည်း နောက်ဘက် မှန်ချပ်ကို အဆင့်မြင့်စွာ နေပူဒဏ် ခံနိုင်အောင် ထုဆစ်ထားသည့်အတွက်ကြောင့် မိသားစုအတွက် လွန်စွာမှ သင့်တော်သည့် ကားတစ်စီးပါလို့ ပြောရင်လည်း မှားမည် မထင်ပါဘူး။

၃၀၀ horse power ရှိတဲ့ ဒီ Chrysler ကြီးဟာ ခေတ်သစ် နည်းပညာများဖြစ်တဲ့ အင်တာနက်တွေ၊ ဘလူးတုတွေ၊ လမ်းညွှန် မြေပုံတွေနှင့်အတူ အခြားအခြားသော စတိုင်မိမိ ဇိမ်ရှိရှိ luxury functionများနှင့် ပြည့်နှက်နေသည့်အတွက်ကြောင့် မြန်မာပြည်မှ နောက်ဆုံးပေါ်ကားသစ်ကို ဇိမ်ရှိရှိ စီးချင်သူ ကားပရိသတ်အပေါင်းသို့ မျှဝေပေးလိုက်ရပါတယ်။



